# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ညီညွတ်ခြင်းသည် ချမ်းသာခြင်း

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ (ဓမ္မပဒ - ၁၉၄)


၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၆)၊ အမှတ်(၁၃၉)


## နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ အယ်လ်ဂျီးရီးယား ပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

စာမျက်နှာ-၃



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံ Unilever ကုမ္ပဏီ အမှုဆောင် အရာရှိချုပ်အား လက်ခံတွေ့ဆုံ

စာမျက်နှာ-၄



# မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များ မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာ၌ မြေပြင်ကွင်းဆင်း စစ်ဆေးမှုများဆောင်ရွက်



ဒုတိယသမ္မတ ဦးမြင့်ဆွေ မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာ၌ ကျေးရွာသူ ကျေးရွာသားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုစဉ် (သတင်းစဉ်)

**မောင်တော ဖေဖော်ဝါရီ ၁၅**

ဖေဖော်ဝါရီ ၃ ရက်က ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးအဖွဲ့၏ အစီရင်ခံစာပါ အချက်များနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်း စစ်ဆေးမှုများ ဆောင်ရွက်ရန် ရခိုင်ပြည်နယ် ကျီးကန်းပြင်၌ ရောက်ရှိနေသော စုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီခွဲတွင် အမှတ်(၁) နယ်ခြားစောင့်ရဲ ကွပ်ကဲမှု အဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကော်မရှင်အဖွဲ့၏ ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်နှင့် သုံးသပ်ချက်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ကော်မရှင်အတွင်းရေးမှူးက စုံစမ်းစစ်ဆေးရေး ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ မောင်တောဒေသအတွင်းရှိ ကျေးရွာ ၂၀ သို့ ဖေဖော်ဝါရီ ၁၁ရက်မှ ၁၃ ရက်အထိ လက်တွေ့ကွင်းဆင်း စစ်ဆေးမှုများ၊ ကော်မရှင်အဖွဲ့၏ စစ်ဆေး တွေ့ရှိချက်များနှင့် သုံးသပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့ပြင် ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာများ၌ မိမိတို့ စိတ်ကြိုက်ရွေးချယ်၍ လွတ်လပ်စွာ သီးခြားစီတွေ့ဆုံ စစ်ဆေးမေးမြန်းခဲ့မှုများနှင့် လေ့လာတွေ့ရှိချက်များကို လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှု

စာမျက်နှာ ၆ ကော်လံ ၁




မြန်မာ့အလင်း

# (၂၁)ရာစု ပင်လုံညီလာခံနှင့် မိမိကိုယ်ကိုယ် မိမိယုံကြည်မှု


နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရှမ်းပြည်နယ် ပင်လုံမြို့၌ ကျင်းပသည့် နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းတွင် အလေးအနက်ထား သုံးသပ်လိုက်နာရမည့် အချက်များစွာ ပါဝင်သော်လည်း အရေးအကြီးဆုံးသောအချက်ကို မီးမောင်းထိုးတင်ပြလိုပါသည်။ ဤသည်မှာ မိမိကိုယ်ကိုယ် မိမိယုံကြည်မှုဖြစ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မတို့ ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာပါနေတဲ့ အစုအဖွဲ့ ပုဂ္ဂိုလ်များအားလုံးဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်၊ ကိုယ်ဟာ ကိုယ့်နိုင်ငံအကျိုးအတွက် ငြိမ်းချမ်းတဲ့ နည်းနဲ့ဆောင်ရွက်နိုင်တဲ့ အရည်အချင်းရှိတယ်ဆိုတဲ့ ယုံကြည်ဖို့ဟာ ပထမလိုအပ်ချက်ဖြစ်ပါတယ်။ ဒီလိုယုံကြည်မှုရှိပြီဆိုရင် ငြိမ်းချမ်းရေးညီလာခံမှာ မပါဝင်နိုင်တဲ့သူ တစ်ယောက်မှ ရှိမှာမဟုတ်ဘူး"ဟု မိန့်ကြားခဲ့ခြင်းသည် ရိုးစင်းသော်လည်း မြေကြီးလက်ခတ်မလွဲသည့် အမှန်တရားကို ထောက်ပြလိုက်ခြင်း ဖြစ်ပါသည်။ နှစ် (၇၀)နီးပါးရှိပြီဖြစ်သော ပြည်တွင်းစစ်ကို အဆုံးသတ်၍ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှတစ်ဆင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးမူဝါဒကို ကိုင်စွဲလျက် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးသည် လွယ်ကူသော ကိစ္စမဟုတ်သည်မှာ ပေါ်လွင်ထင်ရှားပြီး ဖြစ်ပါသည်။ မလွယ်ကူသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို ယုံကြည်ချက်ဖြင့်သာ ဖြတ်ကျော်နိုင်သည်ဟူသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ကြားချက်သည် နှလုံးသွင်းကိုင်စွဲထားရမည့် အခြေခံသဘောထားဖြစ်သည်ဟု ယုံကြည်ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ကျွန်မအနေနဲ့ အထူးပဲ ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားအစုအဖွဲ့တွေကို မေတ္တာရပ်ခံချင်ပါတယ်။ သတ္တိရှိရှိနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စွာနဲ့ လက်မှတ်ထိုးလိုက်ပါ။ ကျွန်မတို့ရဲ့(၂၁)ရာစု ပင်လုံထဲမှာ ပါဝင်လိုက်ကြပါ။ ပြည်သူပြည်သားအားလုံးဟာ ဒီပါဝင်မှုကြောင့် ဘယ်လောက် နှလုံးစိတ်ဝမ်းအေးချမ်းကြမလဲ၊ ဘယ်လောက် ကျေးဇူးတင်ကြမလဲ၊ ဘယ်လောက် ပီတိဖြစ်ကြမလဲဆိုတာကို စဉ်းစားကြပါ"ဟု ပြောကြားခဲ့ခြင်းသည် (၂၁)ရာစု ပင်လုံညီလာခံကြီး အင်ပြည့်အားပြည့် သက်ဝင်လှုပ်ရှားလျက် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးရည်မှန်းချက်ကို ဆုပ်ကိုင်ရယူပေးမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ လက်နက်ကိုင်တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်တို့အနေဖြင့် စစ်မက်ဖြစ်ပွားနေသော ဒေသများရှိ တိုင်းရင်းသားပြည်သူတို့က မျိုးဆက်သစ်တို့ကို ပညာသင်ကြားပေးရန် မဆိုထားဘိ၊ ကျန်းမာရေးကုသစောင့်ရှောက်မှုရရန် မဆိုထားဘိ၊ ဘဝရပ်တည်ရေးအတွက် စီးပွားရှာရန် မဆိုထားဘိ၊ မိမိတို့ရောက်ရှိနေထိုင်ရာနေရာမှ မည့်သည့်အချိန် ထွက်ပြေးရမည်ကို ပူပန်နေရသည်ကို အလေးအနက် ထည့်သွင်းသုံးသပ်စေလိုပါသည်။ လက်နက်ကိုင် တိုင်းရင်းသားလူမျိုးစုအဖွဲ့များအနေဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို လက်နက်ကိုင်နည်းလမ်းဖြင့် မရနိုင်၊ ငြိမ်းချမ်းသောနည်းဖြင့်သာ ရရှိနိုင်သည်ဟူသောမူဝါဒကို အခိုင်အမာ ချမှတ်လျက် (၂၁) ရာစု ပင်လုံညီလာခံသို့ တက်ရောက်ကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ❖ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး။
- ❖ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။



## ထူးခြားသည့် ညအပူချိန်များ

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့တွင် ၈ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပျဉ်းမနားမြို့တွင် ၀ ဒသမ ၆၇ လက်မ၊ ဇေယျာသီရိ(ရေဆင်း)၊ ဇမ္ဗူသီရိနှင့် လယ်ဝေးမြို့တို့တွင် ၀ ဒသမ ၃၅ လက်မစီ၊ နေပြည်တော် လေဆိပ်(လော) တွင် ၀ ဒသမ ၃၁ လက်မ၊ တပ်ကုန်းမြို့တွင် ၀ ဒသမ ၁၆ လက်မ၊ ပင်လောင်းမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၀ ဒသမ ၀၈ လက်မစီတို့ ဖြစ်ကြသည်။

(မိုး/ဇလ)

## မီးသတ်ယာဉ်နှင့်အမှိုက်သိမ်းယာဉ် သွားလာလွယ်ကူစေရန် ကျူးကျော်တဲ ဖယ်ရှားပေးစေလို



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မှန်တန်းရပ်ကွက် နယ်မြေ-၁ (က)ရပ်အတွင်း ရွှေကွန်ချာဘုရား သံလမ်းဂိတ်အနီး ရထားလမ်းနှင့် ရပ်ကွက်ကြားလမ်းပေါ်၌ ကျူးကျော်တဲနေအိမ်များ ပိတ်ဆို့နေ၍ စည်ပင်သာယာအမှိုက်သိမ်းယာဉ်နှင့် အရေးပေါ်မီးသတ်ယာဉ်များ ဝင်ထွက်သွားလာ၍ မရသဖြင့် ယာဉ်သွားလာမှုလွယ်ကူစေရန် ကျူးကျော်တဲများကို ဖယ်ရှားပေးစေလိုကြောင်း ရပ်ကွက်သူ ရပ်ကွက်သားများထံမှ သိရသည်။

"မကြာမီ နွေရာသီရောက်တော့မယ်။ မီးဘေးအန္တရာယ်က စိုးရိမ်ရတယ်၊ အရေးအကြောင်းဆိုရင် လမ်းပိတ်နေတဲ့၊ လမ်းနဲ့မလွတ်တဲ့ ကျူးကျော်တဲတွေနဲ့ဆိုတော့ မီးသတ်ယာဉ်သွားလာလို့မလွယ်ဘူး။ ဒါကြောင့် လမ်းပိတ်နေတဲ့ ကျူးကျော်တဲတွေကို ဖယ်ရှားပေးစေချင်ပါတယ်"ဟု မှန်တန်း-၁(က)အတွင်း နေထိုင်သူများက ပြောကြားသည်။ (၁၅၉)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၅-၂-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၃၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၆၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၇၁၀/၇၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၆၈၅ ကျပ် |
| ပရီမီယံဒီဇယ် | ၇၃၀/၇၃၅ ကျပ် |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၇ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၅ · ၈၆ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၇၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၃၄ |
| တရုတ် | တစ်ယွမ် | ၁၉၈ · ၃၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ · ၆၂ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
GMail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ မိုဟာမက်ဘီရာသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက်ဘီရာ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်** (သတင်းစဉ်)

## ဦးဟောက်ဒိုဆွမ်းအား ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နယူးယောက်မြို့ကုလသမဂ္ဂဆိုင်ရာ မြန်မာ အမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်းအား ၎င်း၏ လက်ရှိ တာဝန်ဝတ္တရားများအပြင် ကျူးဘားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## နေရာကွက်ကျားမိုးရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာနိုင်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**

# နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံကာကွယ်ရေးဆိုင်ရာ သိပ္ပံနည်းပညာနှင့် စက်မှုလုပ်ငန်းစီမံရေးရာဌာန၏ အင်ဂျင်နီယာချုပ် Mr. Long Hong Shan နှင့် အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် လေ့လာသုတေသနပြုလုပ်ငန်းများ၏ အရေးပါမှုအခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကျင်းပသည့် ၂၀၁၇ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊လေ)အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

**ကြိုးစားယှဉ်ပြိုင်ကြရမည်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုနှစ်ပြိုင်ပွဲတွင် တပ်မတော်အားကစားနည်း ၂၉ မျိုးထဲမှ သတ်မှတ်ထားသည့် အားကစားနည်း ၁၄ မျိုးကို ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အားကစားအသင်းများ၊ စစ်သည်များအနေဖြင့် တစ်ဦးချင်း၏ အရည်အသွေးများ၊ အသင်းအဖွဲ့လိုက်အားကစားစွမ်းရည်များ တိုးတက်သည်ထက် တိုးတက်အောင် ကြိုးစားယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲများမှ ထူးချွန်ထက်မြက်သည့် တပ်မတော်သားအားကစားသမားများပေါ်ထွက်လာပြီး နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင်အားကစားသမားကောင်းများကို ဆက်လက်မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကာကွယ်ရေးဆိုင်ရာ သိပ္ပံနည်းပညာနှင့် စက်မှုလုပ်ငန်းစီမံရေးရာဌာန၏ အင်ဂျင်နီယာချုပ် Mr. Long Hong Shan တို့ တွေ့ဆုံဆွေးနွေးစဉ်**

ယနေ့တွင် ဘောလုံးပြိုင်ပွဲ (က)အဆင့် ပထမအကြိုဗိုလ်လုပွဲအဖြစ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ခြောက်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူမှုရေးပေါင်းစည်းမှုဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး အစီအစဉ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် Search for Common Ground Myanmar တို့ ပူးပေါင်းကျင်းပသည့် လူမှုရေးပေါင်းစည်းမှုဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး အစီအစဉ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Amara ဟိုတယ်၌ ကျင်းပသည်။




ရှေးဦးစွာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးနိုင်သက်လွင်က ယနေ့ဆွေးနွေးပွဲသည် လူတစ်ဦးချင်း၊ အဖွဲ့အစည်းများနှင့် ပတ်သက်သူများ၊ ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းရာတွင် ထိပ်တိုက်ရင်ဆိုင် ဖြေရှင်းခြင်းနည်းလမ်းမဟုတ်ဘဲ ပူးပေါင်းညှိနှိုင်းအဖြေရှာသည့် နည်းလမ်းဖြင့်သာ ပြောင်းလဲဖြေရှင်းတတ်သည့် အလေ့အကျင့်၊ ဓလေ့များ ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အတွေးအမြင်သစ်များ ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်သလို ကျွမ်းကျင်မှုများ ရရှိအောင်ပါ ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိပါကြောင်း၊ တိုင်းရင်းသားများ၏ အရေးကိစ္စများကို ဆောင်ရွက်မည့် ဝန်ကြီးဌာနမှ အရာထမ်းများအနေဖြင့် မိမိတို့ကျရာတာဝန်၊ ရောက်ရာနေရာတွင် ယခုအလုပ်ရုံဆွေးနွေးပွဲမှရရှိသည့် အတွေးအမြင်အသစ်များ၊ ကျွမ်းကျင်မှုများကို အသုံးချ၍ အောင်မြင်အောင် ဆောင်ရွက်ပေး၍ ဖြစ်ပွားနေသည့် ပဋိပက္ခများကို လျော့ကျအောင် ကြိုးပမ်းပေးကြပါရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် USAID ကိုယ်စား ကမ်းလက်အစီအစဉ် ဒုတိယညွှန်ကြားရေးမှူး ဂျယ်နီဖာလင့်ခ် နှင့် Search for Common Ground Myanmar မှ ဌာနေကိုယ်စားလှယ် အိုင်လာဂလာစတာတို့က အမှာစကားပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်အရ လူမှုရေးပေါင်းစည်းမှုကို နားလည်သဘောပေါက်ခြင်း၊ လူမှုရေးပေါင်းစည်းမှု၏ အဓိက အစိတ်အပိုင်းများ၊ ကောင်းမွန်သောအုပ်ချုပ်ရေးလုပ်ငန်းစဉ်နှင့် လူမှုရေးပေါင်းစည်းမှုအကြောင်းအရာတို့ကို ပူးပေါင်းဆွေးနွေးသုံးသပ်ကြသည်။

လူမှုရေးပေါင်းစည်းမှုဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး အစီအစဉ် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ အမရာ ဟိုတယ်၌ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံ Unilever ကုမ္ပဏီအမှုဆောင်အရာရှိချုပ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံ Unilever ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Mr. Paul Polman နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ Unilever ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးအသိပညာပေးမှု၊ အလုပ်အကိုင်ဖန်တီးရေးနှင့် ရပ်ရွာအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့် မြန်မာနိုင်ငံရှိ လယ်ယာထွက်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗြိတိန်နိုင်ငံ Unilever ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Mr. Paul Polman တို့ တွေ့ဆုံဆွေးနွေးစဉ်**
(သတင်းစဉ်)

# ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြားစိစစ်ထုတ်ပေးရေးဦးဆောင်အဖွဲ့၏ ပထမအကြိမ် ညှိနှိုင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card) စိစစ်ထုတ်ပေးရေး ဦးဆောင်အဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

**စီစဉ်ဆောင်ရွက်နေ**

ရှေးဦးစွာ ဦးဆောင်အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရခိုင်ပြည်နယ်အတွင်း၌ ဖေဖော်ဝါရီ ၁၄ ရက်အထိ ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း ၁၈၇၂၂၀၅ ဦးကို ထုတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် (National Verification Process) ဆောင်ရွက်ရာတွင် ၂၀၁၆ ခုနှစ်အတွင်း ရခိုင်ပြည်နယ်ရှိ မြို့နယ်အသီးသီးမှ ဗဟိုအဖွဲ့၏အဆုံးအဖြတ်ဖြင့် နိုင်ငံသားအဖြစ် ၆၁ ဦး၊ နိုင်ငံသားပြုခွင့်ရသူအဖြစ် သားသမီးများအပါအဝင် ၁၀၁ ဦး စုစုပေါင်း ၁၆၂ ဦးကို ဥပဒေနှင့်အညီ သတ်မှတ်ကတ်ပြားများ ထုတ်ပေးဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် National ID (NID) လုပ်ငန်းကို ရှေ့ပြေးစမ်းသပ်သည့် လုပ်ငန်းအဖြစ် စစ်တွေ၊ ဘူးသီးတောင်နှင့် မောင်တောတို့၌ ဖေဖော်ဝါရီ ၁၄ ရက်အထိ စုစုပေါင်း ၁၃၈၁၆ ဦး ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့သော အဓိကလုပ်ငန်းများအနက် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် NV Card ထုတ်ပေးရေးလုပ်ငန်းနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းသည် အလွန်အားနည်းနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအတွင်း၌ မြန်မာနိုင်ငံသားဥပဒေနှင့် စိစစ်နိုင်ခြင်းမရှိသေးသည့်ပြည်သူများအတွက် မြန်မာနိုင်ငံအတွင်း နေထိုင်သူများအဖြစ် ယာယီသက်သေခံလက်မှတ် (White Card)ကို ၁၉၉၅ ခုနှစ်မှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်ပေးခဲ့ရာ ရခိုင်ပြည်နယ်အတွင်း အများဆုံးထုတ်ပေးခဲ့ပါကြောင်း၊ ယင်းနောက် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကို မြန်မာနိုင်ငံသားဥပဒေနှင့်အညီ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ယာယီသက်သေခံလက်မှတ်များအား သက်တမ်းကုန်ဆုံးရက် သတ်မှတ်၍ ပြန်လည်အပ်နှံစေခဲ့ပါကြောင်း။

ရခိုင်ပြည်နယ်တွင် ယာယီသက်သေခံလက်မှတ် ပြန်လည်အပ်နှံသူ ၃၉၇၄၉၇ ဦး ရှိသည့်အနက် NV Card ပြန်လည်ကိုင်ဆောင်သူဦးရေမှာ ၂၀၁၅ ခုနှစ် ဇွန် ၁ ရက်မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်အထိ ၆၃၅၇ ဦးသာရှိပါကြောင်း၊ NV Card ကိုင်ဆောင်ရန်နှင့် နိုင်ငံသားစိစစ်မှုခံယူနိုင်ရန် လာရောက်လျှောက်ထားကြရေးအတွက် နည်းမျိုးစုံဖြင့်အသိပေးဆောင်ရွက်သော်လည်း လာရောက်လျှောက်ထားခြင်း မရှိကြပါကြောင်း၊ သို့သော် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များအပေါ် မလိုလားသည့် ဆန့်ကျင်လိုသူများအနေဖြင့် နိုင်ငံတော်အစိုးရအပေါ် နိုင်ငံတကာက အထင်မှားအမြင်မှားဖြစ်အောင် ပုံဖော်ဖန်တီးပြီး ဝိုင်းဝန်းဝေဖန်တိုက်ခိုက်နေကြပါကြောင်း၊ ဥပဒေနှင့်အညီ လျှောက်ထားလိုသူများကိုလည်း ၎င်းတို့နှင့် ဆန့်ကျင်သူများမှ ခြိမ်းခြောက်ခြင်း၊ ဟန့်တားခြင်း စသည့်လုပ်ရပ်များကြောင့် ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်သည် တိုးတက်မှုမရှိသည်ကို တွေ့ရပါကြောင်း။



ထို့ကြောင့်ယခုအစိုးရအဖွဲ့လက်ထက်တွင် ရခိုင်ပြည်နယ်ရှိ ယာယီသက်သေခံလက်မှတ်အပ်နှံပြီးသူများအပါအဝင် နိုင်ငံသားစိစစ်ရန်လိုအပ်သူများကို NV Card ထုတ်ပေးနိုင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လက်ရှိအခြေအနေတွင် NV Card စိစစ်ထုတ်ပေးရေးလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍အလေးထားဆောင်ရွက်ရန် လိုအပ်လာသည့်အတွက် ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card) စိစစ်ထုတ်ပေးရေး ဦးဆောင်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ခြင်းဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးသို့ တက်ရောက်လာကြသည့် ဦးဆောင်အဖွဲ့ဝင်များအနေဖြင့် ရခိုင်ပြည်နယ်အတွင်း NV Card စိစစ်ထုတ်ပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ထိရောက်လျင်မြန်စွာ ထုတ်ပေးနိုင်အောင် နယ်လှည့်ကွင်းဆင်း ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များအား ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် သံအမတ်ကြီးများနှင့် သံတမန်များ မိတ်ဆက်တွေ့ဆုံ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် မြန်မာနိုင်ငံအခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ မိတ်ဆက်တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရုံး၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနှင့် မြန်မာနိုင်ငံအခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ အပါအဝင် ၆၀ ခန့် တက်ရောက်ကြသည်။



ပြည်တွင်းပြည်ပအန္တရာယ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အား မဟာဗျူဟာရှုထောင့်မှ လေ့လာသုံးသပ်အကြံပြုနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ရာထူးကို ပြည်ထောင်စုဝန်ကြီးအဆင့်သတ်မှတ်ပြီး ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၁၈/၂၀၁၆)က သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ဦးသောင်းထွန်းကို ပြီးခဲ့သည့် ဇန်နဝါရီ ၁၀ ရက်က ခန့်အပ်တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**(သတင်းစဉ်)**



တရားခံ အောင်ဝင်းခိုင်အား လေဆိပ် CCTV မှတ်တမ်းများတွင် တွေ့ရှိရပုံ




တရားခံ အောင်ဝင်းခိုင်အား လေဆိပ် CCTV မှတ်တမ်းများတွင် တွေ့ရှိရပုံ

*✻ ကျော်ဖုံးမှ*

အောင်ဝင်းခိုင်ထံမှ ကမ်းလှမ်းချက်အရ လုပ်ကြံပေးနိုင်မည့်သူကို ရှာဖွေခဲ့ကြောင်း၊ ရှေးဦးစွာ အင်းစိန်တွင်နေထိုင်သူ အောင်စိုးအား သွားရောက်တွေ့ဆုံကမ်းလှမ်းခဲ့ကြောင်း၊ နောက်ပိုင်းတွင် အောင်စိုးထံမှ ဆက်သွယ်လာခဲ့သော်လည်း သတ်ပေးရမည့် သံတမန် ပြန်သွားပြီဟုပြောကာ လမ်းစဖြတ်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ်-စက်တင်ဘာလခန့်တွင် ၎င်းထံ ကြည်လင်းရောက်ရှိလာကာ အလုပ်တောင်းခံခဲ့ကြောင်း၊ ဦးကိုနီအား သတ်ပေးမည်ဆိုလျှင် ငွေကျပ်သိန်း(၈၀၀) (၁၀၀၀)ခန့် ပေးမည်ဟု ကမ်းလှမ်းခဲ့ရာ ကြည်လင်းက မော်တော်ကားတစ်စီး ဝယ်ပေးလျှင်ရပြီဟု ပြန်ပြောခဲ့ကြောင်း၊ အောင်ဝင်းခိုင်ထံမှ ရရှိမည့် ငွေကျပ်သိန်း (၁၀၀၀)အနက်မှ ကြည်လင်းအား သိန်း (၈၀၀) ခန့်ပေးမည်ဖြစ်ပြီး ကျန်ရှိသည့် ကျပ်သိန်း (၂၀၀) အား လိုအပ်သည့်နေရာတွင် အသုံးပြုရန် ချန်ထားမည်ဖြစ်ကြောင်း။

၄။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့ခန့်တွင် သေနတ်ဝယ်ယူရန် ကရင်ပြည်နယ်၊ ဘားအံမြို့သို့ သွားရောက်ခဲ့ကြောင်း၊ ယခင်ရှေးဟောင်းပစ္စည်းအရောင်းအဝယ်လုပ်စဉ် ရင်းနှီးခဲ့သူများမှတစ်ဆင့် ရှမ်းနီဘက်တွင် ရွှေတူးဖော်နေခြင်းကြောင့် လက်ဆောင်ပေးရန် သေနတ်များဝယ်ယူလိုသည်ဟု ရှာဖွေခဲ့ကြောင်း၊ ဇမပစ္စတို(၁)လက်နှင့် ၎င်းကျည် (၁၁) တောင့်ကို ငွေကျပ်(၂၅)သိန်းဖြင့် လည်းကောင်း၊ (၅)လုံးပြူးသေနတ် (၁)လက်နှင့် ၎င်းကျည်(၄)တောင့်ကို ငွေကျပ် (၂၅) သိန်းဖြင့် လည်းကောင်းဝယ်ယူခဲ့ကြောင်း၊ အောင်ဝင်းခိုင်ထံမှ စရန်ငွေအဖြစ် ရရှိသည့်ကျပ်သိန်း (၁၀၀)ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၊ အုန်းဖန်နေ မြင့်ဆွေထံမှ သေနတ်များဝယ်ယူခဲ့သည်ဟု လိမ်လည်ပြောကြားခဲ့ကြောင်း။


၅။ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် အောင်ဝင်းဇော်ထံ တယ်လီဖုန်းမှတစ်ဆင့် အောင်ဝင်းခိုင်က ဆက်သွယ်လာခဲ့ပြီး ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ဦးကိုနီလေယာဉ်ဖြင့် ပြန်လာမည်ဖြစ်၍ သေနတ်အဆင်သင့်ပြင်ထားရန် ပြောကြားခဲ့ကြောင်း၊ ၎င်းနောက် ဇန်နဝါရီလ ၂၉ ရက်နေ့၊ နံနက် ၉ နာရီအချိန်တွင် အောင်ဝင်းခိုင်က (၂)ကြိမ်ဆက်သွယ်၍ လေဆိပ်ကို ဦးစွာသွားနှင့်မည်ဟု ပြောကြားခဲ့ကြောင်း၊ နေ့လယ် (၁)နာရီခန့်တွင် ကြည်လင်းထံဆက်သွယ်၍ လေဆိပ်သို့ အငှားယာဉ်ဖြင့်လာရောက်ရန် ပြောကြားခဲ့ပြီး လေဆိပ်သို့ထွက်ခွာခဲ့ကြောင်း၊ လေဆိပ်သို့ ရောက်ရှိသောအခါ အောင်ဝင်းခိုင်နှင့် တယ်လီဖုန်း Message အပြန်အလှန်ပေးပို့၍ ဦးကိုနီထွက်လာမည့်ဂိတ်ပေါက်ကို အသိပေးလာခဲ့ကြောင်း၊ ရိုးရိုးခရီးသည် ဆိုက်ရောက်ဂိတ်ပေါက်မှ ထွက်မည်၊ CCTV သတိထား၊ ဖုန်းမဆက်တော့နှင့်၊ Message အားလုံး ဖျက်ပစ်လိုက်တော့ဟု Message ပေးပို့ခဲ့ကြောင်း၊ ၎င်းနောက် ကြည်လင်းက ဦးကိုနီအားသေနတ်ဖြင့် အနီးကပ်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူများနှင့် ရဲတပ်ဖွဲ့ဝင်များ၏ ဝိုင်းဝန်းဖမ်းဆီးမှုကြောင့် ကြည်လင်းဖမ်းဆီးခြင်းခံခဲ့ရပြီးနောက် မော်တော်ယာဉ်ဖြင့် ထွက်ပြေးခဲ့ရာ လမ်းခရီးတွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

၆။ လေဆိပ် CCTV မှတ်တမ်းများကို စစ်ဆေးရာတွင်အောင်ဝင်းခိုင်သည် လေယာဉ်ဆိုက်ရောက်မည့်အချိန်ကို စုံစမ်းမေးမြန်းခဲ့သည့် မှတ်တမ်းများတွေ့ရှိရပြီး ၎င်းအားဖမ်းဆီးနိုင်ရေး စုံစမ်းရှာဖွေဖော်ထုတ်လျက်ရှိပါသည်။ ပြစ်မှုကျူးလွန်ရန် ငွေပေးစေခိုင်းသူဟု လတ်တလောယူဆရပြီး ထွက်ပြေးလွတ်မြောက်နေသော အောင်ဝင်းခိုင်သည် တပ်မတော်တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် မိမိသဘောဆန္ဒအလျောက် နုတ်ထွက်ခဲ့သူတစ်ဦးဖြစ်သည်။ ပြစ်မှုကျူးလွန်ရန် ငွေပေးခိုင်းစေသူ တရားခံ အောင်ဝင်းခိုင်နှင့် ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေးကို တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆက်လက်စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိပါသဖြင့် ဖော်ထုတ်ရရှိမှု အခြေအနေများပေါ်မူတည်၍ ပြည်သူသို့ အသိပေးတင်ပြသွားမည် ဖြစ်ပါသည်။

၇။ သို့ပါ၍ ပြည်သူများအနေဖြင့် ဘာသာရေးနှင့် လူမျိုးရေး သွေးထိုးလှုံ့ဆော်မှုများနှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လုပ်ဆောင်မှုများအား အထူးဂရုပြုကြပါရန်၊ ထွက်ပြေးလွတ်မြောက်နေသော တရားခံ အောင်ဝင်းခိုင်နှင့် စပ်လျဉ်း၍လည်းကောင်း၊ တည်ငြိမ်မှုပျက်ပြားစေရန် လုပ်ဆောင်မှုများနှင့် ဆက်စပ်၍လည်းကောင်း သတင်းအချက်အလက်များ သိရှိရပါက တာဝန်ရှိသူများထံ အသိပေးဆက်သွယ်ပေးကြပါရန် မေတ္တာရပ်ခံလျက် သတင်းထုတ်ပြန်အပ်ပါသည်။




တရားခံ အောင်ဝင်းခိုင်အား လေဆိပ် CCTV မှတ်တမ်းများတွင် တွေ့ရှိရပုံ




တရားခံ အောင်ဝင်းခိုင်အား လေဆိပ် CCTV မှတ်တမ်းများတွင် တွေ့ရှိရပုံ

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၁၄-၂-၂၀၁၇) ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၁၆-၁-၂၀၁၇) ရက်နေ့မှ (၃-၂-၂၀၁၇)ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ နှစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်ခြောက်ဦး၊ မဂ္ဂဇင်းငါးဦးနှင့် အထွေထွေ ၁၁ ဦး ပေါင်း ၂၂ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူ လေးဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၁၀ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၀၃၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၀ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၅၀၈ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မိတ္ထီလာတက္ကသိုလ်၌ ဂီတပဒေသာပွဲတော်ကျင်းပ

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၅**

မိတ္ထီလာတက္ကသိုလ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်အနုပညာအသင်းက ကြီးမှူးကျင်းပသည့် ဂီတပဒေသာပွဲတော်ကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းတည့် ၁၂ နာရီခန့်က တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဂီတပဒေသာပွဲတော်တွင် တက္ကသိုလ် ဒုတိယပါမောက္ခချုပ်များဖြစ်သည့် ဒေါက်တာခင်ဖြူဖြူအေး ၊ ဒေါက်တာကေသီသင်တို့က အမှာစကားပြောကြားပြီး တက္ကသိုလ်အနုပညာအသင်းဥက္ကဋ္ဌ ဒေါက်တာမာလာသိန်းက ပွဲတော်ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်သူများအား ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းဂီတပဒေသာပွဲတော်တွင် တေးသီချင်းများ ၊ တေးသရုပ်ဖော်များကို ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများက သီဆို ကပြဖျော်ဖြေကြောင်း သိရသည်။

(၁၄၇)

■ *ရှေ့စာမှ*

အကူအညီများ ထောက်ပံ့ပေးအပ်နေမှုနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပြန်လည်ထူထောင်ရေး၊ မူလကျေးရွာနေရာများတွင် ပြန်လည်နေထိုင်နိုင်ရေး၊ NVC ကတ်များ အမြန်ပြုလုပ်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မောင်တောမြို့နယ် ဒိုးတန်းကျေးရွာသို့ရောက်ရှိပြီး ကျေးလက်ကျန်းမာရေးဌာန၌ ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်း အရှိန်အဟုန်မြှင့်တင်ရေး ပေါင်းစည်းကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ဖြင့် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ကြည့်ရှုသည်။

ထို့နောက် မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျေးရွာသားများနှင့် တွေ့ဆုံပြီး လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း ရှိ မရှိနှင့် အကြမ်းဖက်ခံရခြင်းရှိ မရှိတို့နှင့်စပ်လျဉ်း၍ မေးမြန်းကြသည်။

ထို့အတူ ကော်မရှင်အဖွဲ့ဝင်များသည် အဆိုပါကျေးရွာမှ အမျိုးသမီးများအား သီးခြားတွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

တွေ့ဆုံမှုအပြီးတွင် ဒုတိယသမ္မတနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ဦးရှည်ကျကျေးရွာသားများထံ ရေဒီယိုများ လက်ဆောင်ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အဆိုပါအလယ်တန်းကျောင်း၌ ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်း အရှိန်အဟုန်မြှင့်တင်ရေး ပေါင်းစည်းကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်ဖြင့် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းနှင့် ကျေးရွာသူ ကျေးရွာသားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများကို ကြည့်ရှုသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များ ကျီးကန်းပြင်ဌာနချုပ်၌ ကော်မရှင် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်**
(သတင်းစဉ်)

# ရေကြောင်းဘွဲ့ရ ၆၅ ရာခိုင်နှုန်းကျော် အလုပ်အကိုင်များ ဖန်တီးပေးနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်မှ ဘွဲ့ရကျောင်းသား ကျောင်းသူ ၆၅ ရာခိုင်နှုန်းကျော်အတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့တက္ကသိုလ်ရဲ့စာရင်းဇယားအရ ဒီတက္ကသိုလ်ကဘွဲ့ရတဲ့ကျောင်းသား ကျောင်းသူ ၆၅ ရာခိုင်နှုန်းဟာ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနေကြပါတယ်။ တစ်ခါတစ်ရံမှာ ဒီ့ထက်ပိုပါတယ်။ ဒါကတော့ သင်္ဘောကုမ္ပဏီတွေရဲ့ လိုအပ်ချက်၊ သင်္ဘောလိုင်းတွေရဲ့အတက်အကျအပေါ်မှာလည်း မူတည်ပါတယ်။ တချို့သင်္ဘောလိုင်းတွေ ပြိုလဲသွားရင်တော့ အနည်းငယ် ရိုက်ခတ်မှုတော့ ရှိတယ်။ ဒါပေမယ့်လည်း ကြိုတင်ရွေးချယ်ခန့်ထားတာဖြစ်လို့ သူတို့အတွက် အလုပ်အကိုင်နေရာတွေတော့ရှိပါတယ်" ဟု မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ပါမောက္ခ ချုပ် ဒေါက်တာမြတ်လွင်က (၁၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပြောကြားသည်။

ယခုအခါ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အနေဖြင့် ကျောင်းသားကျောင်းသူများအလုပ်အကိုင်ရရှိစေရေးအတွက် နိုင်ငံခြားသင်္ဘောကုမ္ပဏီ ၂၈ ခု၊ ပြည်ပကုမ္ပဏီ ရှစ်ခုဖြင့် သဘောတူစာချုပ်များချုပ်ဆိုကာ အလုပ်အကိုင်နှင့် ပညာသင်ဆုများရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ သင်္ဘောကုမ္ပဏီများက တတိယနှစ်နှင့် စတုတ္ထနှစ်များမှ စတင်ကာ အလုပ်အကိုင်များခန့်ထားပေးရန် လာရောက် ရွေးချယ်ပေးလျက်ရှိကြောင်း၊ သင်္ဘောများပေါ်၌ အချို့သင်္ဘောသားအဖြစ် အလုပ်အကိုင်ရရှိပြီး အချို့မှာ သင်္ဘောဆိပ်ကမ်းများ၌ အလုပ်အကိုင်များ ရရှိနေကြကြောင်း သိရသည်။

ရေကြောင်း ပညာတက္ကသိုလ်၏ ပညာသင်နှစ်မှာ ငါးနှစ်ဖြစ်ပြီး အင်ဂျင်နီယာဘွဲ့ခြောက်မျိုးနှင့် B.Sc (Nautical) ဘွဲ့များ ပေးအပ်လျက်ရှိကြောင်း၊ထို့အပြင် ဒီပလိုမာဘွဲ့သုံးမျိုးကိုလည်း ပေးအပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သည် နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၆၀ ဖြင့် ဖွဲ့စည်းထားသော အပြည်ပြည်ဆိုင်ရာ ရေကြောင်းပညာတက္ကသိုလ်တစ်ခု ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ရေကြောင်းပညာတက္ကသိုလ်များ၏ အဖွဲ့ဝင်ဖြစ်လာခြင်းကြောင့် ကမ္ဘာတစ်ဝန်းရှိ တက္ကသိုလ်များ၊ ကောလိပ်များနှင့် ပိုမိုရင်းနှီးစွာဆက်ဆံနိုင်ပြီး ရေကြောင်းဘက်ဆိုင်ရာပညာရပ်များကိုထိရောက်စွာ ပူးပေါင်း ဆောင်ရွက်နိုင်မှုကြောင့် အရည်အချင်းပြည့်ဝသော ရေကြောင်းအတတ်ပညာရှင်များ ပေါ်ထွက်လာကာ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြည်တွင်း၌ ဆိပ်ကမ်းများ ထူထောင်မှု၊ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်သစ်များကြောင့် အလုပ်အကိုင်ရရှိမှုမှာ ယခင်ကထက် ပိုမိုရရှိလာကြောင်းလည်း သိရသည်။

**မြင့်မောင်စိုး**

# စာမေးပွဲအတွက် ကောင်းစွာပြင်ဆင်ပါ

**နွေဦးရာသီဟာ စာမေးပွဲရာသီဖြစ်ပါတယ်။ တစ်နိုင်ငံလုံးက ကျောင်းတွေရဲ့ စာမေးပွဲ ကာလဖြစ်ပါတယ်။ ထက်၊ လယ်၊ မူလတန်းများအပြင် အရေးကြီးတဲ့ဆယ်တန်းစာမေးပွဲလည်းရှိတာမို့ ကျောင်းသားငယ်များ၊ ဆရာ ဆရာမများ၊ မိဘများအတွက် အထူးအရေးကြီးတဲ့အချိန်ဖြစ်ပါတယ်။ တစ်နှစ်လုံးကြိုးစားခဲ့ရသမျှ စာမေးပွဲကာလမှာ ကျန်းမာရေး၊ စိတ်ဖိစီးမှု စသည်ဖြင့် တစ်ခုခုကြောင့် အနှောင့်အယှက်ဖြစ်သွားမှာ အထူးစိုးရိမ်မိပါတယ်။ ကျောင်းသားငယ်လေးတွေဟာ ဖြူစင်ကြ၊ နူးညံ့ကြတာမို့ ပန်းကလေးတွေနဲ့ တူပါတယ်။ သူတို့ကို နူးညံ့ပါးနပ်စွာ ကိုင်တွယ်ကြဖို့ လိုပါတယ်။ " Fail to plan is a plan to fail." အလုပ်တစ်ခုကို စနစ်တကျကြိုတင်မစီမံထားရင် အဲဒီအလုပ်ဟာ မအောင်မြင်နိုင်ပါဘူး။ စာမေးပွဲဟာ အရေးကြီးတဲ့အလုပ်၊ ဘဝအတွက်ပါ အဆုံးအဖြတ်ပေးနိုင်တဲ့အလုပ်မို့ စနစ်တကျကြိုတင်စီမံထားဖို့ တိုက်တွန်းလိုပါတယ်။ စာမေးပွဲအတွက် ပြင်ဆင်ထားသင့်ပုံများကို တင်ပြလိုပါတယ်။**

## (Organize) လိုအပ်သည်များကို ကြိုတင်စုစည်းပြင်ဆင်ထားပါ

စာမေးပွဲဝင်ခွင့်ကတ်၊ စာရေးကိရိယာ၊ နာရီ၊ ပေတံ၊ စာဖျက် စသည်တို့ကို ပြည့်ဝစွာ စုဆောင်းပြင်ဆင်ထားပါ။ ဒါဟာ ဘာများအရေးကြီးလို့လဲလို့ ထင်ကြပါလိမ့်မယ်။ စာမေးပွဲခန်းထဲရောက်လို့ တစ်ခုခုမပါလာရင်ဖြစ်ဖြစ်၊ စာမေးပွဲခန်းထဲဝင်ခါနီးအချိန်မှာဖြစ်ဖြစ် လိုတာမပါလာရင် ကြီးစွာသောစိတ်အနှောင့်အယှက်ဖြစ်နိုင်ပါတယ်။ လက်တွေ့ကြုံဖူးကြသူတွေ ရှိပါတယ်။ စိတ်အေးချမ်းသာ၊ ယုံကြည်မှုရှိစွာနဲ့ စာမေးပွဲခန်းထဲ ဝင်ရောက်ပါ။

## (Diet) အစားအစာ

အစာမစားဘဲနဲ့လည်း စာမေးပွဲခန်းထဲမဝင်သင့်သလို ဗိုက်ဖောင်းနေအောင် စားပြီးတော့လည်း မဝင်ပါနဲ့။ ကိုယ်၊ စိတ်အင်အားတွေကို အပြည့်အဝအသုံးချရတာမို့ ခွန်အားရှိစေတဲ့ အစားအစာတွေကို သင့်တင့်စွာ စားသုံးဖို့ လိုပါတယ်။ အစာအိမ်ပြည့်တင်းနေရုံမက ဆီကြော်စာတွေ၊ နို့တွေ၊ မလိုင်တွေ၊ ဥတွေ စသည်ဖြင့် အစာချေခက်တာတွေ စားလိုက်ရင် ဗိုက်မျဉ်းလာနိုင်သလို အစာအိမ်မှာ အစာမရှိရင်လည်း အာရုံစူးစိုက်မှုမရနိုင်တော့ပါဘူး။ သစ်သီး၊ အသားတွေဟာ စွမ်းအင်အတွက် အထူးသင့်လျော်ပါတယ်။ ငါး၊ အသား၊ သစ်သီးတချို့ကို ထမင်းအသင့်အတင့်နဲ့ စားနိုင်ပါတယ်။ ရေသန့်ဘူးဆောင်သွားပြီး ရေသောက်နိုင်ပါတယ်။ ရေခဲတတ်နည်းနေရင်လည်း အနှောင့်အယှက်ဖြစ်ပါတယ်။ စာမေးပွဲရာသီဟာ စိတ်ဖိစီးမှုများပြီး ကိုယ်ခံအားလည်း ကျဆင်းတတ်တာမို့ ကူးစက်ရောဂါတွေ ရလွယ်ပါတယ်။ ဒါကြောင့် အပြင်ထွက်စားသောက်တာမျိုးထက် ကိုယ့်အိမ်မှာပဲ စားသောက်ကျွေးမွေးသင့်ပါတယ်။

## (Relax) ကိုယ်၊ စိတ် ပြေလျော့နေပါစေ

စာမေးပွဲခန်းမဝင်မီ တစ်နာရီအလိုဟာ ဦးနှောက်ကို အနားပေးထားရမယ့်အချိန်ပါ။ ဦးနှောက်မှာ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရအောင် အချက်အလက်တွေထပ်မထည့်ပါနဲ့တော့။ ကိုယ်လေ့လာမှတ်သားထားသမျှတွေသာ ကိုယ့်အတွက် အကောင်းဆုံး ဖြေပေးနိုင်တာမို့ သူတို့ကို လိုသလိုထုတ်သုံးနိုင်ဖို့ စိတ်ကိုအေးအေးထား။ အသက်ဝဝရှူ။ အနား ပေးပါ။ စိတ်ပင်ပန်း၊ ကိုယ်ပင်ပန်းစေမယ့် မည်သည့်အပြုအမူမျိုးကိုမှ မလုပ်မိ၊ မဆက်စပ်မိပါနဲ့။ (ကမ္ဘာ့ဖလားပွဲ-- အမျိုးသမီးနောက်ဆုံးဗိုလ်လုပွဲရဲ့ ပယ်နယ်တီအဆုံးအဖြတ် ကန်ရပါတယ်။ အမေရိကန်နဲ့ ဂျပန်တို့ ဖြစ်ပါတယ်။ ဂျပန်ရဲ့ နည်းပြဟာ ကန်မယ့်သူတွေကို ဘယ်လိုကန်ရမယ်ဆိုတာ လုံးဝမပြောဘဲ ရယ်စရာတွေသာ ပြောတယ်။ ကန်ကြတော့ ဂျပန်မလေးတွေ အနိုင်ရကြတယ်)။ စာမေးပွဲအတွက် အကောင်းဆုံး ပြင်ဆင် ထားသူတစ်ယောက်ကို စာမေးပွဲက ဘယ်လိုမှ မဟန့်တားနိုင်ပါဘူး။ မိမိကိုယ်တိုင်ရဲ့ ပြုမူလွဲချော်မှုတစ်ခုခုကသာ မိမိကို ဒုက္ခပေးနိုင်တာပါ။ ဟိုးနှစ်စကတည်းက မှန်မှန်ပြင်ဆင်လာဖို့ လိုပါတယ်။

## (Plan) စီမံထားပါ

ကိုယ့်လက်ထဲကို မေးခွန်းစာရွက်ရောက်တာနဲ့ မေးထားတာတွေကို သေသေချာချာဖတ်ပါ။ ကိုယ် ဘယ်လို၊ ဘယ်နေရာကနေဖြေမယ်ဆိုတဲ့ Plan ချလိုက်ပါ။ စာမေးပွဲနည်းဗျူဟာတစ်ခုကို ချမှတ်တာပါပဲ။ မိမိရင်းရမယ့်အချိန်အတွင်းမှာ အထိရောက်ဆုံးဖြေဆိုနိုင်မှသာ အမှတ်တွေလှိမ့်ဝင်လာပါလိမ့်မယ်။ ကိုယ်အပိုင်ဆုံး မေးခွန်းဟာ ကိုယ့်ကိုအမှတ်အများဆုံးပေးမယ့် မိတ်ဆွေကြီးပါပဲ။ မေးခွန်းတစ်ခုကို ကောင်းကောင်းဖြေနိုင်လေ၊ မိမိကိုယ်ကိုယုံကြည်မှု တိုးလာလေပါပဲ။ ကိုယ်လိုချင်တဲ့အချက်တွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပေးတဲ့ ကိုယ့်ဦးနှောက်ကို စိတ်ထဲကနေ ချီးမွမ်းလိုက်ပါ။ ဦးနှောက်ကလည်း မိမိလိုတာတွေကို ဆက်ထုတ်ပေးပါလိမ့်မယ်။ Thought channel အမှတ်ချန်နယ်လ် ကောင်းကောင်းမိလာလို့ ကိုယ်ကြည့်ချင်တဲ့လိုင်းကို ကြည့်နိုင်လာသလို ဖြစ်ပါလိမ့်မယ်။ မရလို့ တက်တခေါက်ခေါက် ဖြစ်နေလေ၊ ခေါင်းက အလုပ်မလုပ်တော့လေ ဖြစ်လာတတ်ပါတယ်။ မိမိ မလေ့လာမကျက်မှတ်ထားတာတွေကိုလည်း အချိန်ကပ်နေမှ အတင်းသွတ်သွင်းမနေပါနဲ့။ ကိုယ့်ဦးနှောက်ကို အနှောင့်အယှက်ပေးနိုင်ပါတယ်။ အင်ဂျင်ပူနေတဲ့ကားတစ်စီးဟာ မရုန်းနိုင်တော့ပါဘူး။

> **စာဖြေချိန်ရဲ့ နောက်ဆုံး ၁၅ မိနစ်ကို ဖြေပြီးသားတွေ ပြန်လည်စစ်ဆေးဖို့ စီစဉ်ထားပါ။ ဒါဟာ အင်မတန် အရေးကြီးပါတယ်။ မိမိ အပင်ပန်းခံခဲ့ရသမျှတွေကို အမှားတစ်ခုခု စွန်းမသွားစေဖို့ပါ**

## (Cross-check) ပြန်လည်စစ်ဆေးပါ

စာဖြေချိန်ရဲ့ နောက်ဆုံး ၁၅ မိနစ်ကို ဖြေပြီးသားတွေ ပြန်လည်စစ်ဆေးဖို့ စီစဉ်ထားပါ။ ဒါဟာအင်မတန်အရေးကြီးပါတယ်။ မိမိအပင်ပန်းခံခဲ့ရသမျှတွေကို အမှားတစ်ခုခု စွန်းမသွားစေဖို့ပါ။ မလိုအပ်တဲ့အမှား၊ လိုအပ်တာတွေ မလွဲမသွေရှိနေတတ်ပါတယ်။ တွေ့ရင် အချိန်မီပြင်နိုင်ပါတယ်။ မိမိအတွက် တန်ဖိုးအများဆုံးအချိန်မို့ သတိရှိရှိ သည်းခံစစ်ဆေးပါ။

## (Forget) မေ့ပစ်ပါ

ရက်ပေါင်း ၂၀၀ လောက်သင်ကြားခဲ့တာကို ၂ နာရီ ၃ နာရီလောက်အတွင်းမှာ အပြီးသတ်ဖြေရတာပါ။ မိမိအဖြေလွှာကို အပ်လိုက်ပြီးတာနဲ့ အဖြေလွှာအပေါ်မှာ မိမိက ဘာမှမလုပ်နိုင်တော့ပါဘူး။ သက်ဆိုင်ရာကသာ လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားပါလိမ့်မယ်။ ဒီအဖြေလွှာနဲ့ ပတ်သက်ပြီး စိုးရိမ်စိတ်တွေ၊ သောကတွေဖြစ်နေမယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ်ဒုက္ခပေးသလို ဖြစ်ပါလိမ့်မယ်။ သူငယ်ချင်းတစ်ယောက်ယောက်က ပြောလိုက်တဲ့အကြောင်းအရာတစ်ခုခုကို စိတ်ထဲစွဲမိရင် မပြီးနိုင်တော့တဲ့ စိတ်ဖိစီးမှုတွေ တွေ့ကြုံရမှာ အမှန်ပါပဲ။ စာမေးပွဲခန်းထဲက ပေါ့ပါးစွာ ထွက်လာပါ။ စာမေးပွဲမှာ လူတိုင်း မိမိရဲ့အရည်အချင်းကို အကောင်းဆုံးအသုံးချကြတာပါပဲ။ မိမိရဲ့ မှားယွင်းမှုတစ်စုံတစ်ရာ ဖြစ်ခဲ့ရင်လည်း နောက်စာမေးပွဲတွေအတွက် သင်ခန်းစာလို့ သဘောထားသင့်ပါတယ်။ စာမေးပွဲတွေက မဆုံးနိုင်အောင် ဆက်တိုက်လာနေဦးမှာပါ။ ဘဝစာမေးပွဲတွေကို ရင်ဆိုင်တတ်ဖို့ ပညာသင်ကြရတယ်ဆိုတာ မှတ်ထားပါ။ပညာရေးမှာ Theory X ဆိုတာ ရှိပါတယ်။ကျောင်းသားကျောင်းကိုလာတာ ပုံးလွတ်တစ်ခုကိုယူလာတယ်။ ကျောင်းကဆရာက အဲဒီပုံးထဲကို ပညာတွေထည့်ပေးတယ်။ ကျောင်းသားက များများယူတတ်ရင် များများရတယ်။ နည်းနည်းပဲယူတဲ့သူက နည်းနည်းပဲရတယ်။ ကျောင်းသားက အဲဒီပုံးကို ခေါင်းပေါ်ရွက်ပြီး ဘဝဆိုတဲ့အိမ်ကြီးဆီ ပြန်သွားတယ်။ ဘဝမှာ ပုံးထဲက ပညာတွေကို လိမ္မာပါးနပ်စွာ သုံးတတ်သူတွေဟာ အောင်မြင်သွားကြတယ်။ စာမေးပွဲဆိုတာ ကိုယ့်ကိုအရောင်တင်ပေးတဲ့ဖြစ်စဉ်သာဖြစ်တယ်။ စာမေးပွဲတွေကို ကောင်းစွာ ပြင်ဆင်ဖြေဆိုနိုင်သူတွေ များလာလေ မြန်မာ့လူ့အဖွဲ့အစည်းတိုးတက်လာလေပါပဲ။ လူငယ်တွေတိုးတက်ကြပါစေ။ ။

**ဒေါက်တာမြင့်သန်း(ညောင်လေးပင်)**

# ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကို ဖြေရှင်းနိုင်သည့် ရေရှည်နည်းလမ်းကောင်းများ ရှာဖွေဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅** ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမမြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ကော်မတီ ၁၄ ခု သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြသည်။

စမ်းချောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦး၏ **တောင်ကြီး၊ အင်းလေး၊ မန္တလေးနှင့်ပုဂံမြို့များတွင် ဟိုတယ်အသစ်များ ဖွင့်လှစ်မှုကို ပိတ်ပင်ထားမှု ရှိ မရှိ** မေးခွန်းကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် တည်ဆဲ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ၊ ခရီးသွားလာရေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်ဆိုင်ရာ အမိန့်တို့နှင့်အညီ ဟိုတယ်ဆောက်လုပ်ရန် ကြိုတင်ခွင့်ပြုမိန့်နှင့် ဟိုတယ်လုပ်ငန်းလိုင်စင် (ဟ-လိုင်စင်)နှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် (တ-လိုင်စင်) များကို ခွင့်ပြုပေးလျက်ရှိရာ ယခုအစိုးရသစ်လက်ထက်တွင်လည်း ယင်းဥပဒေ၊



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်အောင်စိုး

လုပ်ထုံးလုပ်နည်း၊ အမိန့်များနှင့်အညီ ဆက်လက်စိစစ်၍ ဟိုတယ်နှင့်တည်းခိုရိပ်သာ တည်ဆောက်ရန် ကြိုတင်ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်များကို ထုတ်ပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကြိုတင်ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီစိစစ်ပြီး ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးတိုင်းတွင် ထည့်သွင်းဆွေးနွေးပြီး ယနေ့အထိ ခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် လုပ်ငန်းလိုင်စင်များ ခွင့်ပြုပေးခဲ့ပြီး ဟိုတယ်အသစ်များ ဖွင့်လှစ်မှုကို ပိတ်ပင်ထားခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျောက်ဖြူမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်၏ **မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များရှိ ဒေသလုံခြုံမှုကို မည်ကဲ့သို့ ဆောင်ရွက်ပါမည်နည်း၊ နတ်မြစ်ဝမှမယူမြစ်ဝထိ ပင်လယ်ကမ်းခြေတစ်လျှောက်ဒေသတို့တွင် ဒေသခံတိုင်းရင်းသားများ ပါဝင်ခွင့်ရှိသည့် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များကို နိုင်ငံတော်လုံခြုံရေးရှုထောင့်က မည်သည့် စီမံချက်များ ချမှတ်ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း** မေးခွန်းကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့သည် နယ်စပ်နယ်နိမိတ် ၁၆၈ ဒသမ ၅၇ မိုင် ထိစပ်လျက်ရှိပြီး ဘင်္ဂလားပင်လယ်အော်နတ်မြစ်ဝမှ အနောက်ဘက်မြစ်ဖျားအထိ ၃၉ ဒသမ ၈၂ မိုင်နှင့် နတ်မြစ်ဖျားမှ အစပြုကာ ချောင်းများ၊ တောင်ထိပ်များနှင့် ကုန်းပိုင်းတစ်လျှောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မှတ်တိုင် BP ၃၀ မှ မြန်မာ- ဘင်္ဂလားဒေ့ရှ်-အိန္ဒိယသုံးနိုင်ငံ နယ်နိမိတ်ဆုံရာ နယ်စပ်မှတ်တိုင် BP ၇၃ အထိ ၁၂၈ ဒသမ ၇၅ မိုင် ထိစပ်လျက်ရှိပါကြောင်း၊ ၎င်းနယ်စပ်အတွင်း နေထိုင်ကြသူများအကြား ဖြစ်ပွားသည့် ပဋိပက္ခများကို ဖြေရှင်းနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့တို့သည် ရခိုင်ပြည်နယ်ဆိုင်ရာကော်မတီများကို ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊



ကျောက်ဖြူမဲဆန္ဒနယ်မှ
လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်

ရခိုင်ပြည်နယ် မောင်တောခရိုင်၏ အုပ်ချုပ်ရေးကဏ္ဍတွင် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သည့် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများကို လည်းကောင်း၊ မြို့နယ်များတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဥက္ကဋ္ဌ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများပါဝင်သည့် မြို့နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီကို ဖွဲ့စည်းပြီး မိမိတို့မြို့နယ်အတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်ဆိုင်ရာများကို ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ **ဒေသခံ မြို့မိမြို့ဖများ ပါဝင်သည့် ကော်မတီများဖွဲ့စည်းပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အပြင် မောင်တောခရိုင်အတွင်း ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများတွင်လည်း ဒေသခံအများစုမှာ တာဝန်ထမ်းဆောင်လျက်ရှိသည့်အတွက် မြို့နယ်ဒေသဖွံ့ဖြိုးရေး၊ လုံခြုံရေးကိစ္စများတွင် ဒေသခံများ ပါဝင်ဆောင်ရွက်ခွင့်အပြည့်အဝရရှိလျက် ရှိပါကြောင်း၊** ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကို ဖြေရှင်းနိုင်သည့် ရေရှည်နည်းလမ်းကောင်းများကို ရှာဖွေသွားနိုင်ရန်အတွက် လိုအပ်သည့် ကော်မရှင်များကိုလည်း ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်စေလျက် ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

အစည်းအဝေးတွင် သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည်၊ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး၊ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဋ္ဌေးနှင့် မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်းတို့၏ မေးခွန်းများ မေးမြန်းမှုအပေါ် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

လက်ပံတန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းက **နိုင်ငံတစ်ဝန်းရှိ ယနေ့အထိ စားကျက်မြေအဖြစ် တည်ရှိနေသော စားကျက်မြေများနှင့် စပ်လျဉ်းပြီး ဒေသခံပြည်သူလူထု၏ ဆန္ဒသဘောထားများကို ရယူကာ စိုက်ပျိုးမြေအဖြစ်သို့လည်းကောင်း၊ ရွာမြေအဖြစ်သို့လည်းကောင်း၊ စားကျက်မြေအဖြစ်သို့လည်းကောင်း၊ သို့မဟုတ် အခြားနည်းအသုံးပြုမှုတစ်ခုခုအတွက်လည်းကောင်း လက်တွေ့ကျကျ အသုံးပြုနိုင်ရေးအတွက် ရှင်းလင်းတိကျသော မူဝါဒဆောင်ချက်စွာချမှတ် အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကို အကြံပြုတိုက်တွန်းကြောင်း** အဆိုတင်သွင်းရာ ဒေးဒရဲမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ခင်ညိုက ထောက်ခံဆွေးနွေးသည်။

လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့်၊ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သဖြင့် အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဝန်ကြီးဌာနများနှင့် သက်ဆိုင်သော မေးခွန်းများနှင့် ဆက်စပ်မေးခွန်းများ မေးမြန်းရာတွင် စကားလုံးများကို တိကျစွာသုံးစွဲရေး၊ အကြောင်းအရာအပေါ် စနစ်တကျလေ့လာပြီး မေးမြန်းနိုင်ရေးအတွက် သတိပေးပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင် ၆၂ ဆောင် ဆောက်လုပ်ရန် ငွေကျပ် ၃၉၂၃၉ ဒသမ ၃၄၂ သန်း လျာထား

**နေပြည်တော် ဖေဖော်ဝါရီ ၁၅** ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ လူမှုဝန်ထမ်းကဏ္ဍနှင့် ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်း **ဖြေကြားခြင်း၊** မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းနှင့် သက်ဆိုင်သည့် အဆိုအား ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် လွှတ်တော်သို့ **တင်ပြခြင်း** နှင့် **အဆုံးအဖြတ်ရယူခြင်း** တို့ကို ဆောင်ရွက်ကြသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်ဆွေ၏ **တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ တည်းခိုနေထိုင်၍ ပညာသင်ကြားနိုင်ရေး အဆောင်များ လုံလောက်စွာစီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ တည်းခိုနေထိုင်၍ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်နေသည့် အဆောင်များ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံ



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး

ခြင်း လုပ်ငန်းများကို ခွင့်ပြုဘဏ္ဍာရေးရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် ၅၂ ခုတွင် ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင် ၂၂၁ ဆောင် ဆောက်လုပ်ထားပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ပညာသင်ကြားနေသော တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များ ပြည့်စုံလုံလောက်စွာ ဆောက်လုပ်ပေးနိုင်ရန်အတွက် အလေးအနက်ထားဆောင်ရွက်လိုသော်လည်း ခွင့်ပြုဘဏ္ဍာရန်ပုံငွေ အခြေအနေအရသာ ဆက်လက်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်စုစုပေါင်း ၅၁ ခုတွင် ကျောင်းသားကျောင်းသူ အိပ်ဆောင်အရေအတွက် ၆၂ ဆောင် ဆောက်လုပ်ရန်အတွက် ငွေကျပ် ၃၉၂၃၉ ဒသမ ၃၄၂ သန်း ထည့်သွင်း လျာထားပါကြောင်းနှင့် အတည်ပြုချက်ရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်အုန်းကြည်၏ **မြစ်သားမြို့နယ် ဒါးရယ်ကောင်းကျေးရွာအုပ်စုကွင်းအမှတ်(၃၆၈)အတွင်းရှိ မြေဧရိယာ ၁၆ ဒသမ ၂၁ ဧကပေါ်တွင် ဆောက်လုပ်ထားသော သက်မွေးပညာဦးစီးဌာန စက်မှုလက်မှု အထက်တန်းကျောင်း အဆောက်အအုံများအား အသုံးပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)တွင် ပုံမှန်သုံးနှစ် သင်တန်းများနှင့် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော ကာလတိုသက်မွေးပညာ သင်တန်းများကိုလည်းကောင်း၊ အစိုးရနည်းပညာ အထက်တန်းကျောင်း(ကျောက်ဆည်)တွင် ပုံမှန်နှစ်နှစ် သင်တန်းများနှင့် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော ကာလတို သက်မွေးပညာသင်တန်းများကိုလည်းကောင်း၊ အစိုးရနည်းပညာ အထက်တန်းကျောင်း (ရှမ်းရွာကြီး)



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၁၁)မှ ဦးကျော်ဆွေ

တွင် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော ကာလတို သက်မွေးပညာသင်တန်းများ ကိုလည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အနေဖြင့် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ဒါးရယ်ကောင်းကျေးရွာအုပ်စုရှိ အစိုးရနည်းပညာ အထက်တန်းကျောင်းနေရာတွင် သက်မွေးပညာဆိုင်ရာ သင်တန်းများကို လတ်တလောဖွင့်လှစ်ရန် အစီအစဉ်မရှိပါကြောင်း၊ အဆိုပါနေရာတွင် အခြေခံပညာကျောင်း သို့မဟုတ် ဆေးရုံ ဆေးပေးခန်းအဖြစ် ဖွင့်လှစ်ဆောင်ရွက်ရန် အစီအစဉ်ရှိပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးထွန်းလင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဒေါက်တာမျိုးသိမ်းကြီးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် **မြန်မာ့ကျောက်မျက်ရတနာဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း** အား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် အဆိုရှင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟက လွှတ်တော်သို့ တင်ပြသည်။

အဆိုရှင်၏ တင်ပြချက်၌ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ၁၉၉၅ ခုနှစ်တွင် ပုဒ်မ ၅၄ ခုဖြင့် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဥပဒေ၏ ပြင်ဆင်ချက်များကို ၂၀၀၃ ခုနှစ်တွင် ပြင်ဆင်ချက် ၉ ချက်ဖြင့် ပထမအကြိမ်၊ ၂၀၁၆ ခုနှစ်တွင် ပြင်ဆင်ချက် ၉၄ ချက်ဖြင့် ဒုတိယအကြိမ် အသီးသီးပြင်ဆင်ခဲ့ပါကြောင်း၊ ယခုလွှတ်တော်သို့ ပြင်ဆင်ချက် ၁၉ ချက်ဖြင့် တတိယအကြိမ် ပြင်ဆင်မည့် ဥပဒေကြမ်းကို ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၂ ရက်တွင် တင်သွင်းခဲ့ပါကြောင်း၊ အဆိုပါဥပဒေကြမ်းကို လွှတ်တော်မှ ပြင်ဆင်အတည်ပြုဆောင်ရွက်ခဲ့ပါက မြန်မာ့ကျောက်မျက်ရတနာဥပဒေအား လေ့လာခြင်း၊ လိုက်နာကျင့်သုံးခြင်းတို့ပြုလုပ်ရာတွင် မူလဥပဒေနှင့် ထပ်ဆင့်ပြင်ဆင်သည့် ဥပဒေသုံးရပ် စုစုပေါင်း တည်ဆဲဥပဒေလေးရပ်ကို တစ်ပြိုင်နက်တည်း လေ့လာဆောင်ရွက်ရန် အခက်အခဲရှိနိုင်ပါကြောင်း။

ထို့ကြောင့် မူလဥပဒေတွင်ပါရှိပြီး မျက်မှောက်ကာလအထိ အတည်ဖြစ်နေသော ပုဒ်မများ၊ ပြင်ဆင်သည့်ဥပဒေများတွင် ပါရှိသော ပုဒ်မများ၊ တတိယအကြိမ် ပြင်ဆင်ရန် တင်ပြထားသော အပိုဒ်များကို ထုတ်နုတ်စုစည်း၍ သီးခြားဥပဒေကြမ်းတစ်ရပ်အဖြစ် တစ်ဆက်တစ်စပ်တည်း လွှတ်တော်သို့ ထပ်မံတင်သွင်းမည် ဖြစ်ပါကြောင်း၊ အဆိုပါဥပဒေသစ်ကို အတည်ပြုပြဋ္ဌာန်းချိန်တွင် မလိုအပ်သည့်ဥပဒေများကို တစ်ပါတည်း ရုပ်သိမ်းနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်၍ ယခုလွှတ်တော်သို့ တင်သွင်းသည့် **အဆိုအား** လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန် တင်ပြထားသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုအား ပြန်လည်ရုပ်သိမ်းခွင့်ပြုရန် လွှတ်တော်၏ သဘောထားရယူ၍ ပြန်လည်ရုပ်သိမ်းခွင့်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြေသြဇာနှုန်းထားထောက်ခံမှု အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
မြန်မာနိုင်ငံအစိုးရနှင့် နယ်သာလန်နိုင်ငံအစိုးရတို့ ပူးပေါင်းဆောင်ရွက်သည့် မြေဆီသြဇာတိုးတက်ရေးအစီအစဉ်အရ မြန်မာနိုင်ငံ၏ မြေသြဇာနှုန်းထားထောက်ခံမှု အလုပ်ရုံဆွေးနွေးပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း) နေပြည်တော်ရှိ စုဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ရက်တို့တွင် ကျင်းပခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်နှင့် နယ်သာလန်နိုင်ငံမှ စိုက်ပျိုးရေးဆိုင်ရာအတိုင်ပင်ခံ (Agricultural Counsellor) Frederik Heijink တို့က အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံမှ လက်ရှိအသုံးပြုနေသော မြေသြဇာနှုန်းထား ထောက်ခံချက်ပေးခြင်းစနစ်များကို သိရှိနားလည်ပြီး တောင်သူများအတွက် ပိုမိုအကျိုးရှိ၍ မြေသြဇာသုံးစွဲမှုကုန်ကျစရိတ်များကို မလိုအပ်ဘဲ အပိုကုန်ခြင်းမှ လျှော့ချနိုင်သော မြေဆီစစ်ဆေးမှုအခြေခံမြေသြဇာနှုန်းထား ထောက်ခံချက်ပေးခြင်းများ ပိုမိုထိရောက်ဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲ နှစ်ရက်တာကာလအတွင်း သက်ဆိုင်ရာတာဝန်ရှိသူများမှ စာတမ်းငါးစောင်ကို ဖတ်ကြားပေးခဲ့သည်။

ထို့နောက် မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကာ မြန်မာနိုင်ငံ၏ မြေသြဇာနှုန်းထား ထောက်ခံမှုတိုးတက်ရေးဆိုင်ရာများအား အဖွဲ့လေးဖွဲ့ခွဲကာ စုပေါင်းဆွေးနွေးကြပြီး တစ်ဖွဲ့ချင်းစီမှ ၎င်းတို့၏ဆွေးနွေးမှုများအား ပြန်လည်တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# အိမ်မဲတူးမြောင်းတံတားတည်ဆောက်ခြင်းအတွက် မြေယာလျော်ကြေးငွေပေးအပ်

**အိမ်မဲ ဖေဖော်ဝါရီ ၁၅**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ကန်ကြီးဒေါင့်ကုန်းကျေးရွာနှင့် ကန်ကြီးဒေါင့်ကျေးရွာတို့ကို ဆက်သွယ်ထားသည့် အိမ်မဲတူးမြောင်းတံတား ချဉ်းကပ်လမ်းနှင့် မလွတ်ကင်းသည့် နေအိမ်၊ ခြံကွက်နှင့်မြေယာ နစ်နာကြေး၊ လျော်ကြေးငွေပေးအပ်ခြင်း အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီး ဦးဘဟိန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးစိုးသန်းက အိမ်မဲတူးမြောင်းဖြတ် တံတားချဉ်းကပ်လမ်းနှင့် မလွတ်ကင်းသည့် နေအိမ်၊ ခြံကွက်နှင့် မြေယာနစ်နာကြေး၊ လျော်ကြေးငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြေယာလျော်ကြေးငွေပေးအပ်ရာ ကန်ကြီးဒေါင့်ကျေးရွာမှ နစ်နာသူ ၂၅ ဦးအတွက် လျော်ကြေးငွေ ၆၇ ဒသမ ၉၀၈၉ သန်း ကန်ကြီးဒေါင့်ကုန်းကျေးရွာမှ နစ်နာသူ ၁၅ဦးအတွက် လျော်ကြေးငွေ ၂၂ ဒသမ ၀၁၂၁၂ သန်း စုစုပေါင်းလျော်ကြေးငွေ ၈၉ ဒသမ ၉၂၉ သန်းကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။




အဆိုပါ အိမ်မဲတူးမြောင်းတံတားကြီးကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ အရှည်ပေ ၅၂၀၊ အကျယ် ပေ ၃၀ ၊ ရေလမ်းကင်းလွတ်အမြင့် ၂၅ ပေဖြင့် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၉၇၇၅ သန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ကျခံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့ ၁၆ သို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မူလခွင့်ပြုရန်ပုံငွေကျပ် ၂၂၅ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၄၇၅ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၂၈၅ ဒသမ ၇၅ သန်းချထားပေးခဲ့ပြီး စုစုပေါင်းတံတားတစ်စင်းလုံး၏ မူလတန်ဖိုး ၂၉၈၅ ဒသမ ၇၅သန်းချထားပေးခဲ့သော်လည်း တံတားတည်ဆောက်နေစဉ်ကာလအတွင်း လိုအပ်ချက်အရ တံတားပုံစံပြောင်းလဲခဲ့ခြင်းနှင့် မြေယာနစ်နာကြေး၊ လျော်ကြေးငွေပြောင်းလဲသွားသည့်အတွက် တံတားတစ်စင်းလုံး၏စုစုပေါင်းတန်ဖိုးမှာငွေကျပ် ၃၃၁၃ ဒသမ ၅၃၉ သန်းပေါင်းကုန်ကျမည်ဖြစ်ကြောင်းနှင့် အိမ်မဲတူးမြောင်းတံတားကြီး တည်ဆောက်ပြီးစီးပါက အိမ်မဲမြို့နယ်အတွင်း ကျေးရွာ ၁၂၅ရွာကို အကျိုးပြုပြီး လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာ့ရိုးရာလက်ဝှေ့ ရဲသွေးနီ(တောင်ကလေး)နှင့် ထွန်းလွင်မိုး(နဂါးမာန်)တို့ ထိုးသတ်မည်

**မန္တလေး ဖေဖော်ဝါရီ ၁၅**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ မန္တလေး အောင်သမာဓိ စိန်ရွှေရတနာဆိုင်က အဓိက ကူညီပံ့ပိုးပြီး ဆရာဒဿ စီစဉ်သည့် မြန်မာ့ရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ပွဲကြီးကို မတ် ၂ ရက် ညနေ ၆ နာရီတွင် မန္တလေး အောင်မြေသာစံ မြို့နယ်ရှိ အောင်မြေမန္တလာ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ထိုးသတ်မည့်တွဲဆိုင်းများမှာ မဟာမာန် (ကျားဖြူ)နှင့် အာရှဂေါ်လီ (ကျည်ဆန်နဂါး)၊ အောင်လင်းယုန် (ရတနာပုံ)နှင့် ခင်ကို (မြွေပွေး) ၊ ဖိုက်ကေ(ကျားဖြူ)နှင့် အောင်ကျော် (စဉ့်ကိုင်)၊ ၂၀၁၆ ပြည်နယ်/တိုင်း ရွှေတံဆိပ်ဆုရှင် သိန်းနိုင်ထွန်း (ယူနိုက်တက်)နှင့် ၂၀၁၆ ပြည်နယ်/တိုင်း ရွှေတံဆိပ်ဆုရှင် လင်းထက်အောင် ( တောင်ကလေး)၊ လာအိုနိုင်ငံသားကို အလဲထိုးအနိုင်ရသူ ဗျူဂွ(ကျားဖြူ) နှင့် ကရင်ပြည်နယ် အောင်လံဆုရှင် စိုးမိုးအောင် (တောင်ကလေး)၊ ထိုင်းနိုင်ငံသားကို အလဲထိုးအနိုင်ရသူ စိုးမောင်ဦး (ရတနာပုံ)နှင့် အကောင်းဆုံးဆုရ သက်ကို(မြွေပွေး)၊ ထိုင်းနိုင်ငံသားကို အလဲထိုးအနိုင်ရသူ ဗထူးမောင်မောင် (ရတနာပုံ)နှင့် ၂၀၁၆ ပြည်နယ်/တိုင်း ရွှေတံဆိပ်ဆုရ ကျားဗဟိန်း (ဝင်းထွန်း)၊ ရွှေခါးပတ် နှစ်ထပ်ကွမ်းချန်ပီယံ ရဲသွေးနီ (တောင်ကလေး)နှင့် ကမ္ဘာ့ရွှေခါးပတ် ဆုရှင် ထွန်းလွင်မိုး(နဂါးမာန်) တွဲဆိုင်းများ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး လက်မှတ် များကို ဖုန်း - ၀၉-၂၀၂၀၆၇၃ သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။

**ခင်ခင်ဝင်း**



# သမိုင်းဝင်ရွှေယင်မျှော်စေတီတော်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူမည်

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၅**
မိတ္ထီလာခရိုင် သာစည်မြို့ အနောက်ဘက်လေးမိုင်ကွာ ရွာကြီးကျေးရွာအနီးတွင် သီရိဓမ္မာသောကမင်းကြီး သာသနာသက္ကရာဇ် (၂၁၄) ခုနှစ်က စတင်တည်ထားကိုးကွယ်ခဲ့သော ကျော်လေးဆူသမိုင်းဝင် ဓာတ်ပေါင်းစုံပျော် ရွှေယင်မျှော်ဘုရားကြီးသည် မြန်မာသက္ကရာဇ် ၄၀၀ ခုနှစ် ပုဂံခေတ် အနော်ရထာမင်းကြီးအထိ ရှေးမြန်မာမင်း ၁၇ ဆက်တို့ ပြုပြင်မွမ်းမံတည်ထားခဲ့သော စေတီတော်ကြီးဖြစ်သည်။ ရွှေမုဋ္ဌောစေတီတော်ကြီးအား ရှေးမြန်မာမင်း ၁၇ ဆက်တို့က ဉာဏ်တော်မြင့်၍ တည်ထားကိုးကွယ်ခဲ့ရာ ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် ရွှေယင်မျှော်ဟု ဘွဲ့တော်သစ် သမုတ်တော်မူပြီး စေတီတော်ကြီးကိုလည်း အရံစေတီ ၃၂ ဆူနှင့် ဉာဏ်တော် ၁၀၈ တောင်အထိ မြှင့်တင်၍ တည်ထားကိုးကွယ်ခဲ့သည်။

အဆိုပါစေတီတော်ကြီးတွင် ပြည်သူများ စုပေါင်းကပ်လှူထားသော ရွှေသင်္ကန်းတော်ကြီးမှာ နှစ်ပေါင်း ရာထောင်ချီ၍ ကြာလာပြီဖြစ်၍ မတင့်တယ်သဖြင့် ယခု ၂၀၁၇ တွင် (ကြည်း၊ ရေ၊ လေ)တပ်မတော်မိသားစုမှ မတည်လှူငွေသိန်းပေါင်း ၁၅၀၀ ကျော်၊ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်း၊ မလှိုင်မြို့များမှ အများပြည်သူ လှူဒါန်းငွေသိန်း ၅၀၀ ကျော် စုစုပေါင်း သိန်းပေါင်း ၂၀၀၀ ကျော် အကုန်အကျခံ၍ အရံစေတီတော်များအပါအဝင် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနေပြီဖြစ်သည်။

ရွှေယင်မျှော်စေတီတော်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူစဉ် နှစ်ပေါင်း ၁၀၀ ကျော်က ရွှေထီးတော်ကြီးမှာလည်း ပျက်စီးယိုယွင်းနေသဖြင့် ထီးတော်စိန်ဖူးတော်အသစ် တင်လှူရန် ရွှေယင်မျှော် သြဝါဒါစရိယ ဆရာတော်များ၊ မြို့နယ်သံဃနာယက ဆရာတော်များနှင့် ဂေါပကအဖွဲ့တို့က ဆုံးဖြတ်ခဲ့သည်။ လက်ရှိထီးတော်ကြီးကိုလည်း ထာဝရစံပယ်မည့် ထီးဆောင်သို့ ပြောင်းရွှေ့အပူဇော်ခံထားမည်ဖြစ်သည်။ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေယင်မျှော်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့်အတူ ရွှေထီးသစ် တင်လှူပွဲကိုလည်း ၂၀၁၇ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ဂေါပကဥက္ကဋ္ဌဦးညွန့်လှိုင်ထံမှ သိရသည်။ ရွှေယင်မျှော်စေတီတော်၏ ထီးတော်တင်ပွဲအတွက် လက်ဝတ်ရတနာများ လှူဒါန်းလိုပါက မိတ္ထီလာ၊ ဝမ်းတွင်း၊ မလှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ရွှေယင်မျှော်ဘုရား ဂေါပကတို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ပဲရိတ်သိမ်းသူများ လုပ်ငန်းရပ်နား



**ရေတာရှည် ဖေဖော်ဝါရီ ၁၅**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အနှံ့အပြား၌ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက မိုးရွာသွန်းခဲ့ရာ လက်ရှိ ပဲနုတ်သိမ်းလျက်ရှိသော တောင်သူများအနေဖြင့် လုပ်ငန်းများရပ်နားထားရကြောင်း သိရသည်။ ယခင်ရက်ကတည်းက မိုးများအုပ်ဆိုင်းနေပြီး ပဲနုတ်သိမ်းသည့်အလုပ်သမားများလုပ်ငန်းခွင်ဝင်နေချိန် မိုးများရွာသွန်းခဲ့၍ ပဲဆက်နုတ်သိမ်းနိုင်ခြင်း မရှိတော့ကြောင်း ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာမှ အလုပ်သမားများက ပြောသည်။ မတ်ပဲ၊ ပဲတီစိမ်း အစရှိသည့် ပဲမျိုးများမှာ မိုးရေထိလျှင် အရောင်ပျက်ယွင်းတတ်သည့်အတွက် ဈေးကွက်သို့တင်ပို့ရောင်းချရာတွင် ဈေးနှိမ်ခံရသည့်အတွက် တောင်သူများအနေဖြင့် စိုးရိမ်နေကြရခြင်းဖြစ်သည်။ ယခုနှစ်တွင် ပဲစိုက်တောင်သူများအနေဖြင့် ဖျက်ပိုးများကျရောက်ခြင်းကြောင့် သွင်းအားစုဖြစ်သော ပိုးသတ်ဆေး၊ အပင် အသီးအားဆေး၊ ရွက်ဖျန်းမြေသြဇာ အစရှိသည့် ဆေးဝါးများအား တစ်ကေလျှင် ငွေကျပ်နှစ်သိန်းနီးပါး ကုန်ကျမှုများရှိနေပြီး အထွက်နှုန်းကျဆင်းလျက်ရှိ၍ အကျိုးအမြတ်နည်းပါးနိုင်ကြောင်း ခန့်မှန်းတွက်ဆမှုများလည်းရှိနေသည်။

**ကိုလွင်(ဆွာ)**

# ဘောလုံးနည်းပြ ဆရာသင်တန်း ထားဝယ်တွင်ဖွင့်

**ထားဝယ် ဖေဖော်ဝါရီ ၁၅** - အာရှဘောလုံးအဖွဲ့ချုပ် ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့် AFC "C " Certificte Coaching Course ဘောလုံးနည်းပြဆရာ သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က အမှာစကားပြောကြားပြီး နည်းပြသင်တန်း နည်းပြဆရာ Mr.Ardeshir - Pure Nemat Nodehi က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်လုပ်ငန်းဌာနမှ တာဝန်ခံ ဒါရိုက်တာ ဦးထွန်းလှအောင်က ဘောလုံးနည်းပြဆရာ သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းအစီအစဉ်များကို ရှင်းလင်းသည်။ သင်တန်းသို့ သင်တန်းသား ၂၄ ဦး၊ သင်တန်းလေ့လာသူ သုံးဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၇ ရက်အထိဖြစ်ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု ရိက္ခာများထောက်ပံ့ပေးအပ်




**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု ရိက္ခာများ(ဒုတိယအကြိမ်မြောက်) ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး (တောင်ကြီး) ၌ ကျင်းပခဲ့ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာနယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုးက ရှမ်းပြည်နယ် မြောက်ပိုင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက လူသားချင်းစာနာထောက်ထားမှုရိက္ခာများ ထောက်ပံ့ ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်ထံ ရိက္ခာများ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(ဓာတ်ပုံ)**

ယခုအကြိမ်သည် နယ်စပ်ရေးရာဝန်ကြီးဌာနက ဒုတိယအကြိမ်မြောက် လှူဒါန်းခြင်းဖြစ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း တိုက်ပွဲရှောင်ပြည်သူများအတွက် ဆန်အိတ် ၁၂၅၀၊ ဆီ ပိဿာ ၂၁၀၀၊ ဆား ပိဿာ ၆၀၀၊ ပဲ ပိဿာ ၆၀၀၀ နှင့် စောင် ၁၃၉၈ ထည်တို့ကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပွွန်တန်ဆာမြို့ သီတဂူစက္ခုဒါနဆေးရုံကြီး ဖေဖော်ဝါရီ ၁၉ ရက်သို့ ပြောင်းရွှေ့ဖွင့်လှစ်မည်

**ညောင်လေးပင် ဖေဖော်ဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပွွန်တန်ဆာမြို့၌ တည်ရှိသော သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ ဦးဆောင်ကာ အလှူရှင်များစုပေါင်း၍ တည်ထောင်တော်မူသော သီတဂူစက္ခုဒါနဆေးရုံ တော်ကြီးကို ဖေဖော်ဝါရီ ၁၈ ရက်တွင် စတင်ဖွင့်လှစ်မည်ဟု ကြေညာထားခဲ့သော်လည်း မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး၏ အန္တိမ စျာပနရက်နှင့် တိုက်ဆိုင်သွားပါ၍ သီတဂူဆရာတော်ကြီး၏ မိန့်ကြားချက်အရ သီတဂူစက္ခုဒါနဆေးရုံဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်သို့ ပြောင်းရွှေ့သတ်မှတ်လိုက် ကြောင်း သီတဂူစက္ခုဒါနဆေးရုံတော်ဖြစ်မြောက်ရေးကော်မတီထံမှ ထပ်မံသိရသည်။ မျက်စိစမ်းသပ်ခွဲစိတ်ကုသရက်နှင့်သီတဂူအထူးဓမ္မသဘင် တရားဟောရက်များကို ပြောင်းလဲခြင်းမရှိဘဲ ယခင်ကြေညာထားသည့်အတိုင်း ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

### မြန်မာ့ပင်လယ်ပြင် လှိုင်းအသင့်အတင့် ရှိမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက် အရ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ **(မြန်မာ့အလင်း)**

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောအမှတ်(၁) ဝင်/ထွက်စခန်း ပြန်လည်ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ရှိ မောင်တော အမှတ်(၁) ဝင်/ထွက်စခန်း (POE) ကို ဖေဖော်ဝါရီ ၁၂ ရက်က ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်က ရခိုင်ပြည်နယ် မောင်တောဒေသ တွင် အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွား ခဲ့ပြီးနောက် အဆိုပါအမှတ်(၁) ဝင်/ထွက်စခန်း(POE)မှ ဝင်ထွက်မှုများ ခေတ္တရပ်ဆိုင်းခဲ့ပြီး ယခုလက်ရှိအခြေ အနေတွင် နယ်မြေတည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိလာသဖြင့် နှစ်နိုင်ငံနယ်ခြား စာချုပ်ပါအချက်များအရ ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ မောင်တောမြို့ အမှတ်(၁)ဝင်/ထွက် စခန်းကို ဖေဖော် ဝါရီ ၁၂ ရက်မှစ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ညှိနှိုင်းဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



မောင်တော အမှတ်(၁) ဝင်/ထွက်စခန်း(POE) ၌ တစ်ဖက်နိုင်ငံသို့ တင်ပို့မည့် ကုန်ပစ္စည်းများကို တွေ့ရစဉ်

## ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းမြို့နယ်အချို့၌ မတ်ပဲစိုက်ခင်းများပိုးကျ၍ အထွက်နှုန်းကျဆင်း

**ရွှေကျင် ဖေဖော်ဝါရီ ၁၅**

ယခုနှစ်ဆောင်းသီးနှံ မတ်ပဲစိုက်ခင်းများတွင် မြေဆီလွှာ အချဉ် ဖောက်ကာ မြစ်ဆွေးခြောက်ရောဂါနှင့် အဝါရောင်မှိုဆိပ်ရောဂါ များ ကျရောက်မှုကြောင့် တစ်ဧက ၁၀ တင်းမှ ၁၅ တင်းကြား ထွက်ရှိရာမှ ထက်ဝက်ခန့် အထွက်နှုန်းကျဆင်းခဲ့ကြောင်း တောင်သူများထံမှ သိရသည်။

ဈေးနှုန်းမှာလည်း ယခင်နှစ်ကကဲ့သို့ သိသိသာသာ မြင့် တက်နိုင်ဖွယ်မရှိသေးကြောင်း ပဲခူးတိုင်းဒေသကြီး ရွှေကျင် မြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ ဟသ်ာဝဲကျေးရွာ အပါအဝင် သစ်ဖရောင်းတန်းကျေးရွာအနီးဝန်းကျင်ရှိ ပဲစိုက် တောင်သူများနှင့် ပိန်းဇလုပ်မြို့ မတ်ပဲအဝယ်ဒိုင်အချို့ထံမှ သိရသည်။

"ဒီဒေသမှာ မိုးစပါးပြီးတာနဲ့ တောင်သူတွေက ပဲစိုက်ကြ တာ။ အခုနှစ်တော့ မြေဆီလွှာအချဉ်ဖောက်ပြီး မြေဆွေးခြောက် ရောဂါနဲ့ အဝါရောင်မှိုဆိပ်ရောဂါကျရောက်ပြီး အထွက်နှုန်း နည်းကုန်တယ်" ဟု ဟသ်ာဝဲကျေးရွာ မတ်ပဲစိုက်တောင်သူ ဦးရွှေထွန်းက ပြောကြားသည်။

မတ်ပဲတစ်ဧကစိုက်လျှင် ငွေကျပ် နှစ်သိန်းဝန်းကျင်ခန့် ကုန်ကျကာ အရင်းအနှီးများသဖြင့် ယခုနှစ်အကျိုးအမြတ် မရှိကြောင်း သိရသည်။

"ဒီနှစ် ပဲပေါ်ချိန်မှာ မနှစ်ကလောက် ဈေးမရဘူး။ အိန္ဒိယ ဘက်မှာ ပဲဈေးကျသလို မြန်မာနိုင်ငံဘက်မှာလည်း ပဲဈေးကျ တယ်လို့ ရန်ကုန်ဘက်က ကုန်သည်ကြီးတွေက ပြောတယ်။ မတ်ပဲက အိန္ဒိယဈေးကွက်ကိုပဲ အဓိကအားထားနေရတော့ အိန္ဒိယဝယ်လိုအား နည်းနေရင် ဈေးနှုန်းမြင့်သွားဖို့မရှိပါဘူး။ လက်ရှိမတ်ပဲ Raw တစ်တန်ကို ငွေကျပ် ၉၅၀၀၀၀ လောက်ရှိ တယ်။ မနှစ်က ဒီအချိန်ဆိုရင် ငွေကျပ် ၁၅ သိန်းလောက်ရှိတယ်" ဟု ပိန်းဇလုပ်မြို့ ပဲအဝယ်ဒိုင်မှ ကုန်သည်တစ်ဦးက ရှင်းပြသည်။

ရွှေကျင်မြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ကမ်း ကျေးရွာ များရှိ မတ်ပဲစိုက်ခင်းအချို့အပြင် ညောင်လေးပင်၊ ကျောက်တံခါး မြို့နယ် ကျေးရွာအချို့ရှိ မတ်ပဲစိုက်ခင်းများတွင်လည်း အလားတူ ရောဂါပိုးကျရောက်မှုများကြောင့် မတ်ပဲအထွက်နှုန်းကျဆင်းမှု နှင့် ကြုံတွေ့နေရသည်။

**သတင်းနှင့်ဓာတ်ပုံ-ပိန်းဇလုပ်သိန်းညွန့်**



## လှည့်ကင်းဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များအား မော်တော်ယာဉ်ဖြင့် တိုက်သတ်မောင်းနှင်ထွက်ပြေးသွားသူကို လူသတ်မှုဖြင့်အရေးယူ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၂ နာရီက နယ်မြေအတွင်း ဆိုင်ကယ်လှည့်ကင်း တာဝန်ဆောင်ရွက်နေသော မြောက် ဥက္ကလာပမြို့မရဲစခန်းမှ ရဲတပ်ကြပ် ညီညီထွေးပါ ရဲတပ်ဖွဲ့ဝင် လေးဦးတို့သည် မြောက်ဥက္ကလာပမြို့နယ် (စ) ရပ်ကွက် သန္တာ(၆)လမ်းထိပ်ရှိ လမ်းဘေးအုတ်ခုံ ပေါ်၌ လူငယ်လေးဦး အရက်သောက် စားနေကြောင်း တွေ့ရှိရသဖြင့် အိမ်ပြန် ကြရန် ပြောဆိုခဲ့သည်ကို မကျေနပ်၍ ယာဉ်မောင်း ဇော်သန့်က မော်တော် ယာဉ်ဖြင့် တိုက်သတ်မောင်းနှင် ထွက်ပြေး သဖြင့် လှည့်ကင်းတာဝန် ဆောင်ရွက် နေသူ ရဲတပ်ကြပ် ညီညီထွေးမှာ သေဆုံး ခဲ့ပြီး ရဲဒုတပ်ကြပ် ရဲသီဟတွင် ဒဏ်ရာ များရရှိခဲ့ကြောင်း သိရသည်။



ပြစ်မှုကျူးလွန်သူ ဇော်သန့်နှင့် ၎င်းအသုံးပြုခဲ့သည့် မော်တော်ယာဉ်ကို တွေ့ရစဉ်

မြောက်ဥက္ကလာပ မြို့နယ်နေ ဇော်သန့်၊ ဖြူတုတ်(ခ)ထက်ကျော်ကို၊ အငယ်လေး (ခ) သန့်ဇင်အောင်နှင့် ဉာဏ်လင်းတို့ လေးဦးမှာ သန္တာ(၆)လမ်း ထိပ်၌ အရက်သောက်စားနေစဉ် လှည့်ကင်းဆောင်ရွက်နေသော ရဲတပ်ဖွဲ့ ဝင်များက ညဉ့်နက်နေ၍ နေအိမ်သို့ ပြန်ခိုင်းသည်ကို မကျေနပ်၍ သန့်ဇင်အောင်မှာ နေအိမ်သို့ ပြန်သွား ခဲ့ပြီး ဇော်သန့်ပါ သုံးဦးမှာ ၎င်း၏ 8I/---- စူပါကာစတန်ယာဉ်ဖြင့် သုန္ဒာလမ်း ထိပ်ရှိ ဆီဆိုင်သို့ ဆီသွားဖြည့်စဉ် ဉာဏ်လင်းမှာ ကျန်နေခဲ့ကြောင်း၊ ယာဉ် မောင်း ဇော်သန့်က ဖြူတုတ်(ခ) ထက်ကျော်ကို အား သန္တာလမ်းထိပ် နေအိမ်သို့ လိုက်ပို့ခဲ့ပြီး ရွှေပေါက်ကံရှိ ၎င်း ၏နေအိမ်သို့ မသွားဘဲ မေဓာဝီလမ်း အတိုင်း မောင်းနှင်ခဲ့ရာ ဝဇီရာလမ်းထိပ် အရောက်တွင် ဆိုင်ကယ်လှည့်ကင်း အဖွဲ့ နှင့်တွေ့သဖြင့် နောက်ဆုံးမှ ဆိုင်ကယ် မောင်းနှင်သူ ရဲတပ်ဖွဲ့ဝင်ကို မော်တော် ယာဉ်ဖြင့် တိုက်သတ်ထွက်ပြေးခဲ့သဖြင့် ရဲတပ်ကြပ် ညီညီထွေးမှာ ယာချိုစောင်း ဖူးရောင်၊ နှာခေါင်းသွေးထွက် ဒဏ်ရာ များရရှိခဲ့ပြီး မြောက်ဥက္ကလာပဆေးရုံသို့ တင်ပို့ကုသစဉ် နံနက် ၃ နာရီ မိနစ် ၂၀ တွင် သေဆုံးသွားခဲ့ခြင်း ဖြစ်သည်။ ဇော်သန့်နှင့် အရက်အတူသောက်သူ ဉာဏ်လင်း၊ ထက်ကျော်ကိုတို့၏ ထွက် ဆိုချက်အရ ဇော်သန့်က ရဲတပ်ဖွဲ့ဝင်များ ကို မကျေနပ်သဖြင့် ကားဖြင့်လိုက်တိုက် သတ်မည်ဟု ပြောဆိုခဲ့ကြောင်း သိရ သဖြင့် ပြစ်မှုကျူးလွန်သူ ဇော်သန့် ကို မြောက်ဥက္ကလာပမြို့မရဲစခန်း၌ အမှုဖွင့် အရေးယူခဲ့သည်။

ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေး အတွက် ရဲတပ်ဖွဲ့ဝင်များက ရှာဖွေ ဖမ်းဆီးခဲ့ရာ ယင်းနေ့ နံနက် ၅ နာရီက ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ၄၂ ရပ်ကွက် ပီမိုးနင်း ၁ လမ်းနေ အဒေါ် ဖြစ်သူ၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကြိုတင် ကာကွယ်ရေး လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များအား မော်တော်ယာဉ်ဖြင့် တိုက်သတ်ထွက်ပြေး သူ ဇော်သန့် ကို ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရုတ်နိုင်ငံတွင် ကမ္ဘာ့အကြီးဆုံး ကုန်းရေနှစ်မျိုးသွားလေယာဉ်တည်ဆောက်



**ကွမ်ကျိုး ဖေဖော်ဝါရီ ၁၅**

တရုတ်နိုင်ငံ လေယာဉ်ကုမ္ပဏီတစ်ခုက တာဝန်ယူ တည်ဆောက်နေသော AG 600 အမျိုးအစား ကမ္ဘာ့အကြီးဆုံး ကုန်းရေနှစ်မျိုးသွား လေယာဉ်၏ အင်ဂျင်ကို အောင်မြင်စွာစမ်းသပ် လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ယခုနှစ် ပထမ ခြောက်လတွင် ပထမဆုံးပျံသန်းမှုကို စတင်ရန် မျှော်မှန်းထားကြောင်း ကုမ္ပဏီက မကြာသေးမီက ပြောကြားခဲ့သည်။

ကမ္ဘာ့အကြီးဆုံး ကုန်းရေနှစ်မျိုးသွားလေယာဉ်ကို တရုတ်နိုင်ငံ တောင်ပိုင်း ဇူဟိုင်မြို့၌ လွန်ခဲ့သည့်နှစ် ဇူလိုင်လက စတင်တည်ဆောက်ခဲ့ပြီး တိကျသော စမ်းသပ်မှုအဆင့်ဆင့်ကို မြေပြင်တွင် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

၎င်းလေယာဉ်သည် အလျား ၃၇ မီတာနှင့် တောင်ပံဖြန့် အရှည် ၃၈ ဒသမ ၈ မီတာရှိပြီး ကမ္ဘာ့အကြီးဆုံး ကုန်းရေနှစ်မျိုးမောင်းနှင်နိုင်သည့် လေယာဉ်ဖြစ်ကြောင်း သိရသည်။

၎င်း၏အရွယ်အစားသည် ဘိုးရင်း ၇၃၇ လေယာဉ်အရွယ်အစားလောက် ရှိကြောင်း သိရသည်။

(ဆင်ဟွာ)

# ကင်ဂျုံအန်းအစ်ကို သေဆုံးမှုတွင် သံသယရှိအမျိုးသမီးကို ဖမ်းဆီး

**ပြုံယမ်း ဖေဖော်ဝါရီ ၁၅**

မလေးရှားရဲတပ်ဖွဲ့သည် ဗုဒ္ဓဟူးနေ့က ဗီယက်နမ်သို့ သွားရောက်မည့် ခရီးသွားစာရွက်စာတမ်းများ ကိုင်ဆောင်ထားသည့် အမျိုးသမီးတစ်ဦးကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ အဖေတူအမေကွဲအစ်ကို လုပ်ကြံသတ်ဖြတ်ခံရမှုတွင် ပါဝင်ပတ်သက်နေသည်ဟု သံသယရှိသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင်ဟောင်း ကင်ဂျုံအီ၏ အကြီးဆုံးသားဖြစ်သူ ကင်ဂျုံနမ်သည် တနင်္လာနေ့တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူ နိုင်ငံတကာလေဆိပ်အတွင်း လုပ်ကြံသတ်ဖြတ်ခံရပြီး ဆေးရုံသို့ပို့ဆောင်စဉ် လမ်း၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း မလေးရှားရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ကွာလာလမ်ပူလေဆိပ်၌ ထိန်းသိမ်းခဲ့သည့် အမျိုးသမီးကို လေဆိပ်တွင် တပ်ဆင်ထားသည့် စီစီတီဗွီကင်မရာ မှတ်တမ်းပေါ်တွင် တွေ့မြင်ရသည့်ပုံရိပ်ကို ခြေရာခံကာ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ လေဆိပ်၌ ၎င်းအားဖမ်းဆီးခဲ့ချိန်တွင် အဆိုပါ အမျိုးသမီးတစ်ဦးတည်းသာရှိကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။

(ရိုက်တာ)

# ဂြိုဟ်တု ၁၀၄ စင်းကို ဂြိုဟ်ပတ်လမ်းပေါ် အောင်မြင်စွာလွှတ်တင်

**နယူးဒေလီ ဖေဖော်ဝါရီ ၁၅**

အိန္ဒိယနိုင်ငံသည် ဒုံးပျံတစ်စင်းပေါ်၌ ဂြိုဟ်တု ၁၀၄ စင်းကို တင်ဆောင်လျက် ဂြိုဟ်ပတ်လမ်းကြောင်းပေါ်သို့ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒုံးပျံယာဉ်ကို အန်ဒရာပရာဒေ့ရှ် တောင်ပိုင်းဒေသအတွင်းရှိ ဆရီဟာရီကိုတာ အာကာသထိန်းချုပ်ရေး ဗဟိုဌာနချုပ်က လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး ပစ်လွှတ်လိုက်ပြီး နာရီဝက်ခန့်အကြာတွင် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၅၂၄ ကီလိုမီတာခန့် အကွာအဝေးသို့ မရောက်ရှိမီ ဂြိုလ်တုများအား တည်နေရာ ၂၈ ခုရှိ ဂြိုလ်ပတ်လမ်းကြောင်းများပေါ်သို့ နေရာချထားနိုင်ခဲ့ကြောင်း သိရသည်။

ဒုံးပျံယာဉ်ဖြင့် တင်ဆောင်ခဲ့သည့်ဂြိုဟ်တုများတွင် အလေးချိန် ၇၀၀ ကီလိုဂရမ်ကျော် ရှိသည့် အိန္ဒိယလေ့လာရေး ဂြိုဟ်တုနှင့် အမေရိကန်၊ နယ်သာလန်နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုတို့၏ တောင်းဆိုချက်အရ ပစ်လွှတ်ခဲ့သည့် နာနိုဂြိုဟ်တုများ ပါဝင်ကြောင်း သိရသည်။

အိန္ဒိယအာကာသ သုတေသနအဖွဲ့အစည်း၏ အကြီးအကဲသည် နိုင်ငံ၏ အာကာသနည်းပညာဆိုင်ရာမြှင့်တင်မှုများ ပြုလုပ်ရေးကိုအလေးပေးလျက်ရှိပြီး စီးပွားရေးအရ ဂြိုဟ်တုလွှတ်တင်မှုများဖြင့် ကမ္ဘာ့ဈေးကွက်နှင့် ချိတ်ဆက်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

(အင်န်အိတ်ချ်ကေ)

# ပြင်သစ်သံတမန်တစ်ဦးကို ကုလအရေးကြီးတာဝန် ပေးအပ်ရန် အမည်စာရင်းသွင်း

**ဂျီနီဗာ ဖေဖော်ဝါရီ ၁၅**


ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဂူတာရက်စ်က လာမည့်နှစ်အတွက် ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့၏ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ပြင်သစ်သံတမန်တစ်ဦးဖြစ်သူ ဂျီအန်ပါရီလက်ခရောဇ်အား ခန့်အပ်ရန် ယမန်နေ့က ထုတ်ဖော်ကြေညာခဲ့သည်။

အသက် ၅၆နှစ်ရှိ လက်ခရောဇ်ကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ရာထူးမှ အနားယူတော့မည့် ဟာဗီလက်ဒ်ဆော့စ်နေရာတွင် အစားထိုးတာဝန်ပေးအပ်သွားမည်ဖြစ်သည်။ ၎င်းသည် လက်ရှိတွင် ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူတစ်ဦးဖြစ်သည်။

လက်ဒ်ဆော့စ်သည် ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့အကြီးအကဲအဖြစ် ခြောက်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်သည်။ အတွင်းရေးမှူးချုပ် ဂူတာရက်စ်၏ ကြေညာချက်တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ လက်ထောက်နိုင်ငံရေးရာထူးအတွက် ဂျက်ဖရီဖက်မင်န်းအား ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်အထိ ၎င်း၏ ရာထူးတာဝန်ကို တစ်နှစ်ထပ်မံသက်တမ်းတိုးပေးလိုက်ကြောင်းလည်း ဖော်ပြပါရှိသည်။

အမေရိကန်သံတမန်တစ်ဦးဖြစ်သူ ဖက်မင်န်းသည် ၂၀၁၂ ခုနှစ်ကတည်းက အဆိုပါရာထူးကို ရယူခဲ့သူဖြစ်သည်။ ၎င်းတို့နှစ်ဦးလုံးသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်သော ပြင်သစ်နှင့်အမေရိကန်နိုင်ငံတို့မှ ဖြစ်ကြသည်။

ဂူတာရက်စ်သည် ကုလသမဂ္ဂငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာလုပ်ဆောင်ချက်နှင့် ဖွဲ့စည်းပုံများကို ပြန်လည်သုံးသပ်ရေးအတွက် ရုံးတွင်းအဖွဲ့တစ်ခုကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။ (ဆင်ဟွာ)



အာဖဂန်စစ်ပွဲတွင် အသုံးပြုသည့် တင့်ကားတစ်စီး

# တာလီဘန်အဖွဲ့များအား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ရန် အာဖဂန်သမ္မတတိုက်တွန်း

**ကဘူးလ် ဖေဖော်ဝါရီ ၁၅**

အာဖဂန်နစ္စတန်သမ္မတ အက်ရှ်ရက်ဖ်ဂနီက တာလီဘန်အဖွဲ့အစည်းအား တိုက်ခိုက်မှုများရပ်တန့်ပြီး အမျိုးသားငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမြန်ဆုံးပါဝင်ရန် ယမန်နေ့က ကျင်းပခဲ့သော ဆိုဗီယက်ပြည်ထောင်စုတပ်ဖွဲ့ ဆုတ်ခွာခြင်း ၂၈ နှစ်ပြည့် အခမ်းအနားတွင် ပြောကြားခဲ့သည်။

ဂနီက အာဖဂန်နိုင်ငံသားများအနေဖြင့် အမိမြေတွင် အခြေချနေထိုင်ရန် အချိန်ရောက်ပြီဖြစ်ကြောင်း၊ အနယ်နယ်အရပ်ရပ်သို့ ရောက်ရှိနေကြသည့် တာလီဘန်အဖွဲ့ ခေါင်းဆောင်များအနေဖြင့်လည်း စစ်ရေးတိုက်ခိုက်မှုများကို ရပ်တန့်ကာ ဂုဏ်သိက္ခာရှိရှိဖြင့် အမိမြေတွင် နေထိုင်သွားကြရန် ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်တွင် ချုပ်ဆိုခဲ့သည့် ငြိမ်းချမ်းရေးစာချုပ်သည် အာဖဂန်ငြိမ်းချမ်းရေးဖြစ်စဉ်သို့ ပါဝင်နိုင်စေရန် စံနမူနာ ဖြစ်စေခဲ့ကြောင်းကိုလည်း ဂနီက ပြောခဲ့သည်။

လတ်တလောတွင် အာဖဂန်လူမျိုးတို့၏ အရေးကြီးဆုံးလုပ်ငန်းစဉ်သည် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးအောင် တည်ထောင်ရမည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန် မီဒီယာများ၏ ဖော်ပြချက်အရ လက်ရှိအာဖဂန်၏ လုံခြုံရေးအခြေအနေသည် ကျေနပ်ဖွယ် မရှိကြောင်း ဖော်ပြခဲ့သည်။

(ဆင်ဟွာ)

# အမေရိကန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေဆင်နှာမောင်းများတိုက်ခတ်




**ဟူစတန် ဖေဖော်ဝါရီ ၁၅**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟူစတန်ဒေသတွင် ယမန်နေ့က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး လေဆင်နှာမောင်းတိုက်ခတ်ခဲ့သဖြင့် ယာဉ်မတော်တဆမှုဖြစ်ပွားကာ တစ်ဦးသေဆုံးခဲ့ရပြီး ခြောက်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယမန်နေ့က ဟူစတန်ဒေသကို လေဆင်နှာမောင်း ခြောက်ခုထက်မနည်း တိုက်ခတ်ခဲ့ရာ ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့ကြောင်း အမေရိကန်နိုင်ငံ အမျိုးသားမိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဗန်ဗလက်မြို့တွင်လည်း လေတိုက်နှုန်းတစ်နာရီ ၁၆၀ ကီလိုမီတာရှိသည့် လေဆင်နှာမောင်းတိုက်ခတ်ကာ နေအိမ်၊ အဆောက်အအုံနှင့်ကားများလည်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေဆင်နှာမောင်းတိုက်ခတ်မှုတို့ကြောင့် ဟူစတန်ဒေသရှိ အိမ်ပေါင်း ၂၅၀၀၀ ခန့်သည် လျှပ်စစ်မီးပြတ်တောက်ခဲ့ပြီး လေဆိပ်နှစ်ခု၏ လေယာဉ်ခရီးစဉ်ပေါင်း ၁၅၀ ကိုလည်း ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။

(ဆင်ဟွာ)

# လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

**လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်) ဗဟိုကော်မတီဝင် ဦးသဲရယ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**ပါတီ၏ မူဝါဒ**

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းမှီတင်းနေထိုင်ကြသော နိုင်ငံပင်ဖြစ်ပါသည်။ အေးအတူပူအမျှ ပူးပေါင်းလက်တွဲနေထိုင်လာခဲ့ကြပါသည်။ တိုင်းရင်းသားလူမျိုးများဖြစ်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် လူမျိုးများသည် ရှေးပဝေသဏီ ပဒေသရာဇ်အုပ်ချုပ်စဉ်ကာလကပင် ကိုယ့်ထီးကိုယ့်နန်းနှင့် အုပ်ချုပ်ကြသည်။ ဤကဲ့သို့ အုပ်ချုပ်နေထိုင်လာကြပြီး တစ်နယ်နှင့်တစ်နယ်၊ တစ်ပြည်နှင့်တစ်ပြည် ကူးလူးဆက်ဆံ အတူတကွ ညီရင်းအစ်ကို မောင်ရင်းနှမလို နေထိုင်လာကြသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

ကယား(ကရင်နီ)ပြည်နယ်သည် ရှေးယခင်ကတည်းက ပဒေသရာဇ်ခေတ်ကာလ၌လည်းကောင်း၊ ကိုလိုနီခေတ်၌ လည်းကောင်း၊ ကိုယ့်စော်ဘွား၊ နယ်များသတ်မှတ်ပြီး အုပ်ချုပ်ကာ မြန်မာမင်းများနှင့် မဟာမိတ်ဖွဲ့ ရင်းရင်းနှီးနှီး နေထိုင်လာကြပါသည်။ ထိုနည်းတူစွာ ယနေ့ခေတ်ကာလမှာလည်း ကယား(ကရင်နီ) ပြည်နယ်နေထိုင်ကြသော တိုင်းရင်းသားများသည် မြန်မာနိုင်ငံတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံးနှင့်အတူ ဥမကွဲသိုက်မပျက် ကမ္ဘာတည်သရွေ့ အတူလက်တွဲနေထိုင်ကြမည်သာ ဖြစ်ပါသည်။

**မူဝါဒ**

လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပါတီမှတ်ပုံတင် အမှတ်(၆၄)ဖြင့် အသိအမှတ်ပြုသောပါတီဖြစ်ပါသည်။ ပါတီ၏ အဓိကရည်ရွယ်ချက်မှာ ကယား(ကရင်နီ) ပြည်နယ်သည် သန့်ရှင်းပြီး ကောင်းမွန်သော ပြည်နယ်အစိုးရတစ်ရပ်ဖြစ်ပေါ်လာစေရန် ဖြစ်ပါသည်။ သို့မှသာလျှင် ပြည်နယ်အကျိုး၊ လူမျိုးအကျိုး သယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် အခြားတိုင်းရင်းသားများသော် လည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့်သော်လည်းကောင်း လက်တွဲလုပ်ဆောင် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။ လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီသည် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီအရေးနှင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ် ပေါ်ထွန်းရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကယားပြည်နယ်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတွင် လုပ်ပိုင်ခွင့်များကို ပို၍အားကောင်းစေရန် ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းအဖြေရှာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံရေးခံယူချက်**

ကယားပြည်နယ်၏ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့သည် ဗဟိုအစိုးရနှင့် ညှိနှိုင်းပြီး လျော်ကန်သင့်မြတ်သော အာဏာခွဲဝေမှုရရှိစေရန် စီစဉ်ဆောင်ရွက်မည်။ ကယား ယခင်က ကရင်နီအက်ဥပဒေ တစ်နည်းအားဖြင့် တိုင်းရင်းသားရိုးရာ ဓလေ့ကျင့်ထုံးများကို တရားသဖြင့် ပြန်လည်ကျင့်သုံးနိုင်ရန် ကြိုးစားလုပ်ဆောင်သွားမည်။ ကယားပြည်နယ် လူဦးရေတိုးတက်လာသည်နှင့်အမျှ ကျေးရွာအုပ်စု၊ မြို့နယ်များ တိုးချဲ့အုပ်ချုပ်ရပါသည်။ သို့မှသာ အုပ်ချုပ်ရေးတွင် ပိုမိုလွယ်ကူပါမည်။ တရားဥပဒေစိုးမိုးရေးသည် များစွာအားနည်းလျက်ရှိပါသည်။ တရားဥပဒေစိုးမိုးမှုမရှိခြင်းကြောင့် ပြည်သူများ နစ်နာဆုံးရှုံးမှုဖြစ်ခဲ့ပါသည်။ တရားဥပဒေသည် ပြည်သူအတွက် အမှန်တကယ် ကာကွယ်စောင့်ရှောက်ရပါမည်။ ပြည်သူများ တရားဥပဒေအောက်တွင် အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ပြည်သူများ အသိပညာပေးခြင်း၊ တာဝန်ရှိသူကို ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ပါသည်။

လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်)သည် ပြည်နယ်ငြိမ်းချမ်းရေးတွင် ယုံကြည်မှုအပြည့်အဝဖြင့် ခိုင်မာသော၊ စစ်မှန်သော ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်အကောင်အထည်ဖော်ရန် ဖြစ်ပါသည်။ ငြိမ်းချမ်းရေးမရှိသော ကယားပြည်နယ်မှာ နှစ်ပေါင်း ၆၀ အတွင်း ပြည်တွင်းစစ်ကြောင့် ဆင်းရဲမွဲတေခဲ့ကြရပါသည်။ ပြည်တွင်းစစ်ကြောင့် အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးခဲ့ကြရပါသည်။ နေရပ်စွန့်ခွာ ထွက်ပြေးကြရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ လူမျိုးပေါင်းစုံဒီမိုကရေစီပါတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဦးစားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း ခံယူထားပါသည်။ ၂၀၀၈ အခြေခံဥပဒေကို ပြောင်းလဲတိုးတက်နေသော ခေတ်ကာလနှင့်အညီ ပြင်ဆင်ရေးဆွဲရပါမည်။

**သဘောထား**

လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်)သည် ခေတ်စနစ်အဆက်ဆက်မှ ကြုံတွေ့လာခဲ့ရသော စနစ်ဒဏ်တွေကြောင့် ပြည်သူလူထုတစ်ရပ်လုံး အတိဒုက္ခဖြစ်နေရကာ ဆင်းရဲလည်း ဆင်းရဲနေကြရပါသည်။ မိမိတို့ ကယားပြည် ဖွံ့ဖြိုးရေးအတွက် မိမိတို့ ကယားပြည်နယ်အတွင်း နေထိုင်ကြကုန်သော တိုင်းရင်းသားများအားလုံး၏ အရေးကို မိမိတို့ကိုယ်တိုင်ကိုယ်ကျ ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်ပါမှ အောင်မြင်လာမည်ဖြစ်ကြောင်း သဘောပေါက်နားလည်ကြပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားအားလုံးနှင့် ချစ်ခင်လေးစားပြီး အတူပူးပေါင်းနေထိုင်လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ထို့အပြင် ပြည်ထောင်စုအစိုးရနှင့် တင်ပြဆွေးနွေးညှိနှိုင်းလုပ်ဆောင်ရပါမည်။ ပြည်ထောင်စုအစဉ်တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အစဉ်အမြဲကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ပါသည်။ ကယားပြည်နယ်သည် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းသာယာရေးအတွက် အထူးလိုအပ်ကြောင်းရှုမြင်ပါသည်။

**လုပ်ငန်းစဉ်များ**

**နိုင်ငံရေး**

ကယားပြည်နယ်သည် မြောက်ဘက်၌ ရှမ်းပြည်နယ်၊ တောင်ဘက်၌ ကရင်ပြည်နယ်၊ အနောက်ဘက်၌ ရှမ်း/ကရင်နှင့် အရှေ့ဘက်တွင် ထိုင်း(ယိုးဒယား)ကြား၌ တည်ရှိပါသည်။ လူဦးရေအားဖြင့် သုံးသိန်းကျော်နေထိုင်ပါသည်။ ပထဝီအနေအထားအားဖြင့် ကုန်းမြင့်နှင့်တောတောင်များထူထပ်ပါသည်။ လူမျိုးများမှာ တိုင်းရင်းသားလူမျိုးစုကိုးမျိုးအပြင် ရှမ်း၊ မြန်မာ၊ ကရင်၊ ပအိုဝ်းနှင့်အခြားတိုင်းရင်းသားအနည်းငယ် စုပေါင်းနေထိုင်ကြပါသည်။ နိုင်ငံရေးပါတီတည်ထောင်ဖွဲ့စည်းရာတွင် ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာအယူဝါဒစွဲစသည့် အစွဲအလမ်းများဖွဲ့စည်း၍ မရပါ။ လူဦးရေနည်းပါးသော ပြည်နယ်တစ်ခုဖြစ်သည်နှင့်အညီ လူမျိုးအားလုံးပါဝင်သော ၊ မိမိပြည်နယ်ဒေသအကြောင်း သိရှိနားလည်သော ဒေသခံတိုင်းရင်းသားများ ဘဝစရိုက်လက္ခဏာနှင့် လိုအပ်ချက်များ ကိုက်ညီမှုရှိခြင်းနှင့် လူမျိုးအားလုံးစုပေါင်းဖွဲ့စည်းထားသော ပါတီတစ်ပါတီဖွဲ့စည်းရန် ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကျင်းပပြုလုပ်သော အထွေထွေ ရွေးကောက်ပွဲတွင် ကယားပြည်နယ်အတွင်း၌သာ ဦးစားပေးဝင်ရောက် အရွေးခံမည်ဖြစ်သည်။ စည်းရုံးရေးလုပ်ငန်းများလည်း ပြည်နယ်အတွင်း စည်းရုံးလုပ်ဆောင်မည်ဖြစ်ပါသည်။

လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်)သည် ကောင်းမွန်သန့်ရှင်းသော ပြည်နယ်အစိုးရတစ်ရပ် ရပ်တည်နိုင်ရန်ဖြစ်ပါသည်။ မိမိတို့ပါတီသည် အခြားတိုင်းရင်းသားပါတီများနှင့် မဟာမိတ်ပြုကာ ပြည်နယ်အကျိုး၊ ပြည်ထောင်စုအကျိုးဆက်လက်ဦးတည်ဆောင်ရွက်ရပါမည်။ တိုင်းရင်းသားများအရေးနှင့် ပတ်သက်၍ အုပ်ချုပ်ရေးကဏ္ဍတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်ပိုင်စီမံခန့်ခွဲမှုရရှိရန် အခါအားလျော်စွာ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တိုင်းရင်းသားများ မျှော်လင့်တောင့်တနေသော ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ပေါ်ထွန်းရေးတွင် အနာဂတ် မျှော်မှန်းချက်တစ်ရပ်အနေဖြင့် အစဉ်ကြိုးပမ်းရမည်ဖြစ်ပါသည်။ သို့မှသာလျှင် တိုင်းရင်းသားများအားလုံး တန်းတူညီမျှသော အခွင့်အရေး၊ စစ်မှန်သောငြိမ်းချမ်းရေး၊ သာယာဝပြောသော လူ့ဘောင်သစ်ဆီသို့ ရောက်ရှိမည်ဟု ခံယူပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လက်ရှိ NLD အစိုးရလုပ်ဆောင်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မိမိတို့ပါတီမှ အပြည့်အဝ ထောက်ခံကြိုဆိုပါသည်။ ၂၁ ရာစုပင်လုံညီလာခံလည်း အစဉ်အမြဲထောက်ခံအားပေးပါသည်။ ပါဝင်သင့်ပါဝင်ထိုက်သော ပုဂ္ဂိုလ်၊ နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းများအတွက် စိစစ်ပြီး ထပ်မံဖိတ်ကြားကာ ပါဝင်စေချင်ပါသည်။

**စီးပွားရေး**

လူမျိုးပေါင်းစုံဒီမိုကရေစီပါတီသည် လယ်ယာစိုက်ပျိုးရေးတွင် အားဖြည့်ဆောင်ရွက်ရာတွင် ကယားပြည်နယ်သည် ကုန်းမြင့်နှင့်တောတောင်ထူထပ်သောကြောင့် လယ်မြေအနည်းငယ်သာ ရှိပါသည်။ တောင်ယာစနစ်သာ အားကိုးပြီး လုပ်ကိုင်စားသောက်ကြပါသည်။ မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ကြပါသည်။ ရိုးရာဓလေ့အရ ဘိုးဘွားပိုင်မြေသတ်မှတ်ကာ လုပ်ကိုင်ကြပါသည်။ တောင်ယာသည် တစ်နှစ်၊ နှစ်နှစ် စိုက်ပျိုးလျှင် မြေဆီပြန်လည်ကောင်းမွန်စေရန် မြေလွတ်၊ မြေလပ်အဖြစ် ချန်လုပ်ထားပြီး ရွှေ့ပြောင်းလုပ်ကိုင်ကြပါသည်။ သုံး၊ လေးနှစ်ကြာသော် ပြန်လည်လုပ်ကိုင်ပါသည်။ ဤကဲ့သို့ မြေဆီလုံးဝမကုန်ခန်းဘဲ အသစ်တစ်ဖန်မြေဆီပြန်လည်ကောင်းမွန်ပါသည်။ဤကဲ့သို့ ရွှေ့ပြောင်းတောင်ယာစနစ်သည် မိရိုးဖလာစိုက်ပျိုးရာမှ ခေတ်မီတိုးတက်သော စက်မှုနိုင်ငံဖြစ်လာစေရန် ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဓာတ်မြေသြဇာအသုံးချမှု လျှော့ချရန်နှင့် သဘာဝမြေသြဇာပြုလုပ်နည်း၊ အသုံးပြုပုံများကို ပိုမိုအားပေးမည်ဖြစ်ပါသည်။

**သစ်တော**

ကယားပြည်နယ်တွင် တောခုတ်ထွင်ခြင်း၊ သစ်ထုတ်ခြင်းလုပ်ငန်းကြောင့် သစ်တောများ ပြုန်းတီးနေပါသည်။ သစ်တောများ ပြန်ပျိုးထောင်ခြင်း၊ တစ်နိုင်တစ်ပိုင် စိုက်ခင်းများအားပေးခြင်း၊ သစ်ခုတ်ခြင်း၊ သစ်ထုတ်ခြင်းများ ကာကွယ်ခြင်း စသည့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများ လုပ်ဆောင်သွားမည်။ ရိုးရာဓလေ့အရ ပြုစုထိန်းသိမ်း ထားသော သဘာဝသစ်တော၊တောင်များ ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပါသည်။



သတ္တုနှင့်သယံဇာတတူးဖော်ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် စနစ်တကျ ထုတ်ယူသုံးစွဲရန် ဖြစ်ပါသည်။ သတ္တုတူးဖော်ရာတွင် ပြည်သူ လုပ်ပိုင်ခွင့်ပိုမိုရရှိရန်နှင့် ထွက်ရှိသော အကျိုးအမြတ်များသည် ပြည်ထောင်စု အစိုးရနှင့် အချိုးညီ ခွဲဝေသုံးစွဲနိုင်ရန် ညှိနှိုင်းဆောင်ရွက်မည်။ ကယားပြည်နယ် အတွင်းရရှိသော သတ္တု၊ သစ်တော၊ လျှပ်စစ်နှင့် အခွန်များသည် ပြည်ထောင်စုအစိုးရ နှင့် ညှိနှိုင်းကာ ပြည်နယ်ဝင်ငွေ ပိုမိုရရှိအောင် ဆောင်ရွက်မည်ဖြစ်ပါသည်။

ကယားပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေး အထူးလိုအပ်ပါသည်။ မြို့နယ်ချင်းဆက်လမ်းများ၊ နှစ်လမ်းသွားစနစ်၊ ကျေးရွာချင်းဆက်လမ်းများကို ကျောက်ခင်းလမ်းဖြစ်ရန် စီမံလုပ်ဆောင်မည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် သွားလာရေးတွင် ခက်ခဲခြင်း၊ ဝန်ထမ်းများ ကျေးလက်ဒေသတွင် သွားရောက်တာဝန်ထမ်းဆောင်ရန် ခက်ခဲခြင်းတို့ကြောင့် ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ မြေသားလမ်းနှင့် ဆိုင်ကယ်သွားလမ်း ဖောက်လုပ်ရမည်ဖြစ်ပါသည်။ ဆက်သွယ်ရေးပိုမိုကောင်းမွန်စေရန် တာဝါတိုင်များ တိုးချဲ့ဆောက်လုပ်မည်ဖြစ်သည်။ အလုပ်အကိုင်ရရှိရေးအတွက် ဒေသခံပြည်သူများ ဦးစားပေးခန့်အပ်မည်။

**အမျိုးသမီးကဏ္ဍ**

လူမျိုးပေါင်းစုံဒီမိုကရေစီပါတီသည် ပါတီ၏ မူဝါဒလမ်းစဉ်တွင် အမျိုးသမီးများပါဝင်မှုနှင့်ပတ်သက်ပြီး စည်းမျဉ်း၊စည်းကမ်းများ ရေးဆွဲထားပါသည်။ အမျိုးသမီးပါဝင်မှု အများစုသည် ပါတီ၏ ပံ့ပိုးမှု၊ လုပ်ပိုင်ခွင့်များကို ပြယုဂ်သက်သက်မဟုတ်ဘဲ ကိုယ်တိုင်ပါဝင်ဆွေးနွေးဆုံးဖြတ်ပိုင်ခွင့်ရှိပါသည်။ အမျိုးသမီး ၃၀ ရာခိုင်နှုန်းထက်မနည်း ပါဝင်နိုင်ရန် စည်းရုံးဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ အမျိုးသမီးများ နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူညီချက် စာချုပ်(စီဒေါ) ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် (၁၃၂၅) လက်မှတ်ရေးထိုးခဲ့သည်နှင့်အညီ အကောင်အထည်ဖော်နိုင်ရန် တိုက်တွန်းဆောင်ရွက်သွားမည်။

**လူငယ်ကဏ္ဍ**

လူငယ်များသည် အနာဂတ်ခေါင်းဆောင်များ၊ တိုင်းပြည်၏ အရန်အင်အားစု ဖြစ်ပါသည်။ လူငယ်သည် တက်ကြွပြီး အမြဲတမ်း စူးစမ်းလေ့လာလိုသော သဘောသဘာဝရှိပါသည်။ ထို့ကြောင့် လူငယ်များ နည်းမှန်လမ်းမှန်နှင့် အကျင့်စာရိတ္တကောင်းမွန်စေရန်နှင့် လူငယ်များ စွမ်းရည်မြင့်မားလာစေရန် ပါတီတွင် ဆွေးနွေးပွဲ၊ စွမ်းရည်မြှင့်တင်ရေးအလုပ်ရုံ၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ပါမည်။ လူသားအရင်းအမြစ်တိုးပွားစေရေးနှင့် ကျစ်လျစ်ခိုင်မာစေရန် ပြုစုပျိုးထောင်ပေးပါသည်။ နိုင်ငံရေးပါတီတွင် လူငယ်များ ၂၀ ရာခိုင်နှုန်း ထည့်သွင်းဖွဲ့စည်းပြီး ပါဝင်လှုပ်ရှားစေပါသည်။ စာပေ၊ ယဉ်ကျေးမှု၊ အဆို၊ အက၊ အရေး၊ အတီးများတွင် လူငယ်များ တက်ကြွစွာပါဝင်ပါသည်။အသက် ၂၅ နှစ်နှင့် အထက်ရှိ လူငယ်များအား နိုင်ငံရေးပါတီဖွဲ့စည်းရာတွင် ကော်မတီ အဆင့်ဆင့်၌ ထည့်သွင်းရေးဆွဲကာ လွှတ်တော်တစ်ရပ်ရပ်ဝင်ရောက်အရွေးခံနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**ဒုက္ခသည်များကိစ္စ**

ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံနယ်စပ်တွင် ကရင်နီဒုက္ခသည်များ အများအပြားရှိပါသည်။ ငြိမ်းချမ်းရေးအတွက် ကြိုးစားလုပ်ဆောင်ရင်း နေရပ်စွန့်ခွာထွက်ပြေးကြသော ဒုက္ခသည်များအား နေရပ်သို့ ဂုဏ်သိက္ခာရှိစွာ ဥပဒေနှင့်အညီ ပြန်လာနိုင်ရန် ကြိုးစားလုပ်ဆောင်မည်ဖြစ်ပါသည်။ စားဝတ်နေရေးအတွက် အထူးစီမံပေးရန် လိုပါသည်။ နေထိုင်ရန်နေအိမ်၊ စားနပ်ရိက္ခာ၊ အဝတ်အထည်နှင့် ကျန်းမာရေးအတွက် ဆေးဝါးများ ပံ့ပိုးကူညီရမည်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့ လူမျိုးပေါင်းစုံဒီမိုကရေစီပါတီသည် မိမိတို့၏ မူဝါဒ၊ ပါတီ၏ သဘောထားနှင့် ပါတီ၏ လုပ်ငန်းစဉ်များကို အကျဉ်းချုံး၍ တင်ပြပါသည်။ မိမိတို့ပါတီသည် ပါတီ၏ မူဝါဒ သဘောထား၊ လုပ်ငန်းစဉ်များအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပြည်သူလူထုတစ်ရပ်လုံး အားပေးထောက်ခံမှသာလျှင် ရွေးကောက်ပွဲအနိုင်ရရှိပြီး ပြည်သူ့အတွက်၊ ပြည်သူ့အကျိုးဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိဘပြည်သူတစ်ရပ်လုံး လာမည့် ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်အထွေထွေရွေးကောက်ပွဲတွင် တစ်ခဲနက်မဲပေးထောက်ခံကြပါရန် အလေးအနက် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသည်။

**မဲဆန္ဒရှင်ပြည်သူများအားလုံး ကျန်းမာချမ်းသာကြပါစေ။**

---

## ကန်ပက်လက်မြို့၌ ပုံပြောပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်

**ကန်ပက်လက် ဖေဖော်ဝါရီ ၁၅**

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ချင်းပြည်နယ် ကန်ပက်လက်မြို့ အထက ဘောလုံးကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပသည်။ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော နှစ်(၇၀) မြောက် သဝဏ်လွှာကို ကန်ပက်လက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေက ဖတ်ကြားပြီး ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ ပုံပြင်ပြိုင်ပွဲတို့တွင် ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# လာဘ်ငွေလက်ခံရယူခဲ့သည့် တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲ အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ ကညင်သစ်လုံးများအတွက် မျှောစာထုတ်ယူရာတွင် တရားမဝင် ငွေကြေးတောင်းခံခဲ့ခြင်းကို အရေးယူပေးပါရန် နစ်နာသူက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ ပေးပို့တိုင်ကြား ခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် ဦးကျော်အေးသည် မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းစက်မှ တရားဝင်ဝယ်ယူရရှိထားသည့် ကညင်သစ်လုံး ၈၄ လုံး (၈၀ ဒသမ ဝ၆၀) တန်အတွက် မျှောစာထုတ်ယူရာတွင် အလုပ်တာဝန်ကိုအကြောင်းပြု၍ ငွေကျပ်ရှစ်သောင်းတိတိရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် ဦးကျော်အေး အပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၇ အရ တပ်ကုန်းမြို့နယ်တရားရုံး၌ ဖေဖော်ဝါရီ ၁၅ ရက်က တရားစွဲဆို အရေးယူထားကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ဗန်းမော် ဖေဖော်ဝါရီ ၁၅**

ကချင်ပြည်နယ် ဗန်းမော်မြို့ ရွှေကျီးနားရပ်ကွက်၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီခွဲခန့်က မူးယစ်ဆေးဝါး သတင်းအရ ရွှေကျီးနားရပ်ကွက်နေ မောင်ရီအောင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူဟု ယူဆရသော ဖြူ/ဝါကြားမှုန့်များ ကပ်လျက် ဗလာစာရွက်တစ်ရွက်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀ ရှာဖွေတွေ့ရှိသဖြင့် မောင်ရီအောင်ကို ဗန်းမော်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**(ခရိုင် ပြန်/ဆက်)**

## မန်းချောင်းအတွင်း လေးနှစ်သားကလေးငယ် ရေနစ်သေဆုံး

**မင်းဘူး ဖေဖော်ဝါရီ ၁၅**

မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ဘုရားပွဲတော်ရှိ မန်းချောင်းအတွင်း ဖေဖော်ဝါရီ ၁၄ ရက်က ကလေးငယ်တစ်ဦး ရေနစ်သေဆုံးကြောင်း စကုနယ်မြေရဲစခန်းမှ သိရသည်။

သေဆုံးသူမှာ မောင်ကိုကိုချစ်(ခ)ဖိုက်တာ (လေးနှစ်) ဖြစ်ပြီး ပြင်ပဒဏ်ရာမရှိဘဲရေနစ်သေဆုံးနေသည်ကိုစစ်ဆေးတွေ့ရှိခဲ့သဖြင့် စုံစမ်းရာ ရွှေစက်တော်ဘုရားပွဲတော်ဝင်းအတွင်း တရုတ်ဝဲ ခြံစည်းရိုးအရှေ့ဘက်တွင် နေထိုင်သော ဦးတင်နု(ခ) ဦးနူးနူးနှင့်ဇနီး ဒေါ်သွဲ့သွဲ့အောင်တို့သည် ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၄ နာရီက အလုပ်ပြီး၍ နေအိမ်သို့ပြန်လာစဉ် နေအိမ်တွင် တစ်ဦးတည်းကျန်ခဲ့သော သားဖြစ်သူအား မတွေ့ရသဖြင့် ရွှေစက်တော်ဘုရားဂေါပကရုံးသို့ အကြောင်းကြားခဲ့သည်။ ရွှေစက်တော်ဘုရားလုံခြုံရေး တာဝန်ကျ ဒုရဲအုပ် အောင်သန်းဆွေနှင့်အဖွဲ့ မန်းချောင်းအတွင်း လိုက်လံရှာဖွေခဲ့ရာ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီခွဲတွင် တရုတ်ဝဲအနီးရှိ မန်းချောင်းကမ်းစပ် ဝါးဖောင်အောက်တွင် ရေနစ်သေဆုံးနေသည်ကို တွေ့ရှိခဲ့သည်။

ယင်းကလေးငယ် သေဆုံးမှုနှင့် ပတ်သက်၍ မင်းဘူးမြို့နယ် စကုနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## ကိုင်းတောအတွင်း အမျိုးသားအလောင်း တွေ့ရှိ

**ရေတာရှည် ဖေဖော်ဝါရီ ၁၅**

ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၅ နာရီခန့်က ရေတာရှည်မြို့နယ် ဆွာနယ်မြေရဲစခန်းအပိုင် နယ်မြေဖြစ်သော ဆွာမင်းလမ်းကျေးရွာစည်ပင်အေးကျေးရွာနှင့် သစ်ယာကုန်းကျေးရွာအကြား ကိုင်းတောအတွင်းမှ ပုပ်ပွနေသည့် အမျိုးသားအလောင်းတစ်လောင်း တွေ့ရှိခဲ့ကြောင်း သိရသည်။ သတင်းအရ ဆွာနယ်မြေရဲစခန်းမှ တာဝန်မှူး ရဲအုပ်မျိုးမင်းမြတ် ဦးစီးအဖွဲ့က အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ အမည်၊ နေရပ်၊ အသက်(စုံစမ်းဆဲ) အမျိုးသားတစ်ဦးအား ပြင်ပဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရှိဘဲ သေဆုံးနေကြောင်း တွေ့ရှိရသည့်အတွက် ဆွာနယ်မြေရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## လူသတ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်လာသူ ဖမ်းမိ

**ရေတာရှည် ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့မရဲစခန်းအပိုင်၌ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီခွဲက ဖြစ်ပွားခဲ့သော လူသတ်မှုမှုပြစ်မှုကျူးလွန်သူမှာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့သို့ ထွက်ပြေးတိမ်းရှောင်သွားကြောင်း ဒေးဒရဲမြို့မစခန်းမှူး ဒုရဲမှူး သိန်းဇော်က ဆွာနယ်မြေရဲစခန်းသို့ဆက်သွယ်အကြောင်းကြားခဲ့ရာ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ကျော်ညိုလင်း ဦးစီးအဖွဲ့က ဆက်လက်စုံစမ်းခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် ဆွာမြို့အမှတ်(၄-ခ)ရပ်ကွက် ဆွာတောင်ပိုင်းအုပ်စုနေသူကို ဖမ်းဆီးရမိ၍ သက်ဆိုင်ရာနယ်မြေရဲစခန်းသို့ လွှဲပြောင်းပေးအပ်နိုင်ရန် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ငွေစုငွေချေးလုပ်ငန်းမှ ဝန်ထမ်းတစ်ဦး လုယက်ခံရ

**ပုသိမ် ဖေဖော်ဝါရီ ၁၅**

ပုသိမ်မြို့အမှတ် ၁ နယ်မြေ အကောက်ဆိပ်လမ်းမကြီးနှင့် ငဝန်ကျွန်းသာ ၆ လမ်းထိပ်၌ ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၆ နာရီခန့်က အမှတ်(၂) နယ်မြေရွှေစည်းခုံရပ်၌ရှိသော စူလတန်ငွေစုငွေချေးလုပ်ငန်းမှ ဝန်ထမ်းဖြစ်သူ မယမင်းနွယ်သည် နေအိမ်သို့ ဆိုင်ကယ်ဖြင့် ရွှေစည်းခုံလမ်းအတိုင်း ပြန်လာခဲ့ရာ အမှတ် (၁) နယ်မြေ အကောက်ဆိပ်လမ်းနှင့် ငဝန်ကျွန်းသာ ၆ လမ်းထိပ်သို့ ရောက်ရှိစဉ် နောက်မှ ဆိုင်ကယ်တစ်စီးဖြင့် လူငယ်သုံးဦးလိုက်ပါလာပြီး မယမင်းနွယ်ထံမှ ပိုက်ဆံအိတ်ကိုလုယူ၍ ဆိုင်ကယ်ကိုမောင်းနှင်ထွက်ပြေးရာ မယမင်းနွယ်က ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းမှုကြောင့် ရပ်ကွက်ပြည်သူများ ဝိုင်းဝန်းပိတ်ဆို့ ဖမ်းဆီးရမိကြောင်း သိရသည်။

ယင်းအမှုနှင့်ပတ်သက်၍ ပုသိမ်မြို့မရဲစခန်းမှ စစ်ဆေးရာ ပြစ်မှုကျူးလွန်သူများမှာ အောင်စိုးသူ၊ အောင်ခန့်ဇော်(ခ)စောကြည်နှင့် သက်မောင် (ခ) နို့ဆီတို့ ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့ သုံးဦးအား အမှုဖွင့် အရေးယူထားရှိကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

## ဘိုကလေးမြို့နယ် ပင်လယ်ပြင်၌ လူသတ်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၂ နာရီက ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာအရှေ့ဘက် ရေမိုင် ၁၀၀ ခန့် ရေပြင်တွင်ငါးဖမ်းနေသည့် ငါးဖမ်းစက်လှေပေါ်၌ အလုပ်လုပ်ကိုင်သည့် ဖျာပုံမြို့ (၁၇)ရပ်ကွက်နေ ကျော်မင်းခိုင်(၃၃ နှစ်)၊ တစ်ရပ်ကွက်တည်းနေ မြင့်ဦး(၄၃ နှစ်) နှင့် မြင့်ထူးတို့သည် ငါးဖမ်းပိုက်အား ဆွဲတင်စဉ် အချင်းများပြီး မြင့်ဦးက ပိုက်ဖာသည့် ဓားဖြင့်ထိုးရာ ကျော်မင်းခိုင်တွင် ဒဏ်ရာများရရှိသေဆုံးသွား၍ မြင့်ဦးအား ကဒုံကနိနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


**ကြီးမားသောအကျိုးအမြတ်ရရှိစေဖို့ ... ရင်းနှီးမြှုပ်နှံလိုသူများအတွက် ...**

နေပြည်တော် (ပျဉ်းမနား-တောင်ညိုကားလမ်းမကြီးဘေး) မင်းကုန်းအုတ်စက်ရုံအနီး၊ (KLO) စက်သုံးဆီအရောင်းဆိုင်ရှေ့တွင် တည်ရှိသော နေရာအလွန်ကောင်း၊ နှစ်(၉၀) ဂရန်ကြီးကျပြီး၊ မြေဧရိယာအကျယ် (၅)ဧကခန့်အပြင် တစ်ဆက်တည်းပါဝင်သည့် ကျန်မြေ(၄)ဧကခန့်အပါအဝင် စုစုပေါင်း မြေဧရိယာ(၉)ဧကခန့်ရှိသည့် ခြံကွက်ကြီးအား ပိုင်ရှင်ကိုယ်တိုင် ထိုက်တန်သူအား ထိုက်တန်သည့်စျေးနှုန်းဖြင့် ရောင်းမည်။ အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပြီး အကျိုးဆောင်ခ(၂)ရာခိုင်နှုန်းပေးမည်။ **ဆက်သွယ်ရန်။** ။**09-8300442,09-961280390,09-263046951,09- 448548778,09-458023610**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

တောင်သာမြို့နယ်၊ အမှတ်(၁) ညောင်ကုန်းလမ်းနေ ဦးစိန်ဝင်း-ဒေါ်သန်းမြင့်တို့၏သား မောင်ဇာနီမောင် ၉/တသန(နိုင်)၁၁၅၄၆၃ နှင့် မောင်ဇာနည်မောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ဇာနီမောင်(ခ)မောင်ဇာနည်မောင်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ အရှေ့မကျီးပင်ရွာနေ ဦးကျော်သူ ၉/တသန(နိုင်)၁၄၁၁၉၂၏ဖခင် ဦးမှတ်ကြီးနှင့် ဦးကြွက် ၉/တသန(နိုင်)၀၄၉၇၆၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမှတ်ကြီး(ခ)ဦးကြွက်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မန္တလာဒီဂရီကောလိပ်၊ ဒုတိယနှစ် သင်္ချာမေဂျာမှ (ဘ)ဦးလှမြင့် ၉/ပသက (နိုင်)၀၆၄၁၁၅၏သမီး မချစ်ချစ်ဦး ၉/ပသက(နိုင်)၁၅၀၂၀၇နှင့် မရှိရှိဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မချစ်ချစ်ဦး(ခ)မရှိရှိဦး**

**လူပျောက်**



ဖော်ပြပါ ဓာတ်ပုံရှင် မထိုင်ခမ်းဝေ ၅/ကလထ(နိုင်)၁၈၁၂၇၉ အသက်(၃၀) နှစ်သည် ၁-၂-၂၀၁၇ ရက် ညနေ (၆) နာရီခန့်တွင် အိမ်မှထွက်သွားရာမှ ယနေ့အချိန်အထိ ပြန်ရောက်လာခြင်းမရှိဘဲ အဆက်အသွယ်မရပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ကူညီ အကြောင်းကြားပေးကြပါရန်။

**ဖုန်း-၀၉-၄၅၄၆၀၃၉၆၇၊ ၀၉-၄၂၀၁၈၅၉၉၅**

**အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ(၁၀)၊ မြေကွက်အမှတ်-၇၁၇၊ အကျယ်အဝန်း ပေ (၄၀×၆၀) ရှိမြေကွက်နှင့် ယင်းမြေကွက်လိပ်စာ အမှတ် ၇၁၇၊ သခင်မြလမ်း၊ ၁၂ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေကွက်လွတ်အား ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းအောင် (၁၂/စခန(နိုင်) ၀၂၅၇၂၃) က မူလပါမစ်အမည်ပေါက်ပိုင်ရှင် ဦးခင်မောင်သန်း (၁၂/လမန(နိုင်) ၀၉၅၄၈၆) ထံမှ ဝယ်ယူ၍ လက်ရောက်ရရှိထားသည့် မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းအောင်မသိရှိဘဲ အခြားသူတစ်ပါးထံ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ပါရန်နှင့် အဆိုပါခြံကွက်အတွင်း၌ ကျွန်ုပ်၏မိတ်ဆွေ ခွင့်ပြုချက်မရဘဲ ကျူးကျော်ခြင်းများ မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။ ပြုလုပ်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အိထားဖြူ
(LL.B, D.B.L., D.I.L, M.A (Business Law)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၀၅)
အမှတ် ၁/ဒီ၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၅၀၅၈၇၁

**တံတားအသုံးပြုခကောက်ခံခြင်း လုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

တိုင်းအမှတ် ၂၊ ရွာထောင်အတွင်းရှိ တံတားအသုံးပြုခကောက်ခံနေသော မူးမြစ်ကူးတံတား၏ ၁-၃-၂၀၁၇ရက်မှ ၂၉-၂-၂၀၂၀ရက်အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း (၃)နှစ် လုပ်ကိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့် တံတား** | - | မူးမြစ်ကူးတံတား(ရေဦးမြို့) မြန်မာ့မီးရထားတံတား |
| (ခ) | **စျေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ** | - | မုံရွာဘူတာ၊ (မြန်မာ့မီးရထား၊ မုံရွာမြို့) |
| (ဂ) | **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရက်နှင့်အချိန်** | - | ၂၇-၂-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၀၆:၀၀နာရီမှ ၀၈:၀၀နာရီထိ |
| (ဃ) | **အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ** | - | ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး မုံရွာမြို့ |
| (င) | **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန်** | - | ၂၇-၂-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၀:၀၀နာရီ |
| (စ) | **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် နေရာ** | - | ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ မုံရွာမြို့ |

**မှတ်ချက်။** ။(၁) အိတ်ဖွင့်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ကျပ်(၁၀၀၀၀)နှုန်းဖြင့် မုံရွာဘူတာ၌ ၁၆-၂-၂၀၁၇ရက်မှ ၂၆-၂-၂၀၁၇ရက် ၁၆:၃၀နာရီအထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(၂) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်းဖုန်း-၀၇၂-၂၂၂၇၇နှင့်၀၇၁၀-၂၁၅၀၈သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ မုံရွာမြို့**

**အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/ဘ)ရပ်ကွက်၊ မြင်သာ(၄)လမ်း၊ အမှတ်(၃၇/ဘ)နေ (ဦးဘရင်လေး)(ကွယ်လွန်)၏ ဇနီး ဒေါ်ခင်မာရီ (ဘ) ဦးခဲချောင်း (၉/မနမ(နိုင်)၀၁၉၅၈၉) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးဘရင်လေး(ကွယ်လွန်)က ဦးအောင်ကိုကိုဦး (၁၂/ဥကတ(နိုင်) ၁၄၃၈၅၂)အား (၃၀-၃-၂၀၁၂)ရက်နေ့တွင် နိုင်ငံပိုင်ငွေလစ်အရာရှိ ဦးတင်ထွန်း ထံတွင် မှတ်ပုံတင်အမှတ်(၃၂၄၉/၂၀၁၂)အရ အထူးကိုယ်စားလှယ်လွှဲစာကို လွှဲအပ်ခဲ့ပြီး ဦးဘရင်လေး သည် (၁၀-၁၁-၂၀၁၃)ရက်နေ့ကတည်းက ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ အထူးကိုယ်စားလှယ်လွှဲစာသည် (၁၀-၁၁-၂၀၁၃) ရက်နေ့ကတည်းက ဥပဒေအရ ပျက်ပြယ်သွားပြီဖြစ်ကြောင်းနှင့် အဆိုပါ အထူးကိုယ်စားလှယ်လွှဲစာအား ကိုင်တွယ်၍ ဆက်လက်အသုံးပြုနေမည်ဆိုပါက ဖြစ်ပေါ်လာသမျှ ကောင်းကျိုးဆိုးပြစ် ဟူသမျှတို့သည် မိမိတို့၏ တာဝန်သာ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝင်းပပဖြူ LL.B.
(စဉ်-၃၁၈၄၃)
အထက်တန်းရှေ့နေ
အမှတ်(၉၀၄)၊ အင်ကြင်းလမ်း။ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဖုန်း - ၀၉ ၄၂၀၄၅၃၂၀၊ ၀၉၂၆၁၂၅၃၀၅

# MNL အမှတ်ပေးပြိုင်ပွဲ ဆက်လက်ကျင်းပမည်




**မန္တလေး ဖေဖော်ဝါရီ ၁၅**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) ကို ယခုတစ်ပတ် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အမှတ်ပေးဇယား ထိပ်ပိုင်းမှ သုံးသင်းစလုံး ကစားပုံမာကျောသည့်အသင်းများနှင့် တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ် (၆)အဖြစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ရခိုင်အသင်း၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရောဝတီအသင်း၊ အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်း၊ ဖေဖော်ဝါရီ ၁၉ ရက်တွင် သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ရန်ကုန်အသင်း၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ AFC Cup ပြိုင်ပွဲကြောင့် ရတနာပုံ-ရခိုင်ပွဲကို တစ်ရက်စော၍ ကစားခဲ့ပြီး Southern - မကွေးပွဲကိုလည်း မတ်လအတွင်းသို့ ရွှေ့ဆိုင်းခဲ့သည်။ ပွဲစဉ် (၅) အပြီးတွင် ရန်ကုန်အသင်းက ၁၃ မှတ်၊ လက်ရှိ ချန်ပီယံ ရတနာပုံအသင်းက ၁၁ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၀ မှတ်၊ ရခိုင်နှင့် ဇွဲကပင်အသင်းက ခုနစ်မှတ်စီ၊ GFA၊ Southern၊ ရောဝတီနှင့် မကွေးအသင်းတို့က ငါးမှတ်စီ၊ ချင်းယူနိုက်တက်နှင့် နေပြည်တော်အသင်းတို့က လေးမှတ်စီ၊ ဟံသာဝတီအသင်းက သုံးမှတ်တို့ ရရှိထားသည်။

ထိပ်ဆုံး၌ ဦးဆောင်နေသည့် ရန်ကုန်အသင်းသည် တန်းတက် GFA နှင့်တွေ့ဆုံနေသော်လည်း GFA အသင်း၏ ကစားပုံမာကျောမှုကြောင့် ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။ ရတနာပုံအသင်းမှာလည်း ရှုံးပွဲမရှိသေးသည့် ရခိုင်အသင်းနှင့် တွေ့ဆုံနေပြီး ငါးပွဲဆက် ရှုံးပွဲမရှိ မှတ်တမ်းကို နှစ်သင်းစလုံး ထိန်းသိမ်းနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းမှာလည်း ရောဝတီအသင်းနှင့် အိမ်ကွင်း၌ ကစားရမည်ဖြစ်သော်လည်း နိုင်ပွဲပြန်ရရေးအတွက် ရုန်းကန်ရဖွယ်ရှိနေသည်။ ရောဝတီအသင်းသည် လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကြောင့် ယခုပွဲတွင် အားထည့်ကစားဖွယ်ရှိနေသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# ချန်ပီယံလိဂ် ရှုံး/ထွက်အဆင့် ပွဲဦးထွက်အိမ်ရှင်များ နိုင်ပွဲရ

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် (၁၆)သင်း ရှုံး/ထွက်အဆင့် ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၅ ရက်(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းက စတင်ယှဉ်ပြိုင်ကစားခဲ့ရာ ပီအက်စ်ဂျီက ဘာစီလိုနာကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဘင်ဖီကာက ဒေါ့မွန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပြင်သစ်ကလပ် ပီအက်စ်ဂျီနှင့် စပိန်ကလပ် ဘာစီလိုနာပွဲကို ပြင်သစ်မြေ၌ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်သင်းစလုံး ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ကြသည်။ အိမ်ရှင် ပီအက်စ်ဂျီအတွက် အနိုင်ဂိုးများကို ပွဲချိန် ၁၈ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် ဒီမာရီယာက အဖွင့်ဂိုးသွင်းယူခဲ့ပြီး မိနစ် ၄၀ တွင် ဗာရတ်တီ၏ ဖန်တီးမှုမှတစ်ဆင့် ဒရက်ဇ်လာက ဒုတိယဂိုး သွင်းယူခဲ့သည်။ ဒုတိယပိုင်း ၅၅ မိနစ်တွင် ဒီမာရီယာက ၁၈ ကိုက် စည်းအပြင်ဘက်မှ တတိယဂိုး သွင်းယူခဲ့ပြီး ပွဲချိန် ၇၂ မိနစ်တွင် စတုတ္ထမြောက်အနိုင်ဂိုးကို တိုက်စစ်မှူး ကာဗာနီက အဆုံးသတ်ပေးခဲ့သည်။ ယင်းပွဲတွင် ဘာစီလိုနာအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာစီးရခဲ့သော်လည်း ဘာစီလိုနာ၏ ကမ္ဘာကျော် MSN တိုက်စစ်အတွဲကို ပီအက်စ်ဂျီ နောက်တန်းကစားသမားများ ထိန်းချုပ်ထားနိုင်ခဲ့၍ အဝေးကွင်း၌ ဘာစီလိုနာအသင်း ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည်။ ဒုတိယအကျော့ပွဲစဉ်ကို မတ် ၉ ရက် (ကြာသပတေးနေ့) နံနက်ပိုင်းတွင် စပိန်မြေ၌ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။




ပေါ်တူဂီကလပ် ဘင်ဖီကာနှင့် ဂျာမန်ကလပ် ဒေါ့မွန်အသင်းတို့ ပေါ်တူဂီမြေ၌ တွေ့ဆုံခဲ့ရာ အိမ်ရှင် ဘင်ဖီကာသည် ၄-၄-၂ ပုံစံဖြင့် လည်းကောင်း၊ ဧည့်သည် ဒေါ့မွန်အသင်းသည် ခံစစ်အသားပေး ၅-၃-၂ ကစားကွက်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ယင်းပွဲတွင် နှစ်သင်းစလုံး ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ခဲ့ဘဲ ဒုတိယပိုင်း ၄၈ မိနစ်တွင် ဘင်ဖီကာတိုက်စစ်မှူး မီထရိုကလူ အနီးကပ်သွင်းယူခဲ့သည်။ ပွဲချိန် ၅၈ မိနစ်တွင် ဒေါ့မွန်အသင်း ပယ်နယ်တီအခွင့်အရေးရရှိခဲ့ပြီး အူဘာမီယန်း ကန်သွင်းခဲ့ရာ ဘင်ဖီကာ ဂိုးသမား အီဒါဆန်မိုရာရက်စ် လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ ဒေါ့မွန်အသင်းသည် အဝေးကွင်း၌ ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ဂိုးပေါက်အများဆုံး ခြိမ်းခြောက်နိုင်ခဲ့သည်။ ဒုတိယအကျော့ပွဲစဉ်ကို မတ် ၉ ရက်တွင် ဂျာမန်မြေ၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သီဟ**

# (၁၈) ကြိမ်မြောက် မြန်မာ-ထိုင်း ချစ်ကြည်ရင်းနှီးမှုအထိမ်းအမှတ် စက်ဘီးစီးနင်းပွဲအောင်မြင်စွာ ကျင်းပပြီးစီးခြင်း




မြဝတီနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းနှင့် ထိုင်းနိုင်ငံ တပ်(ခ်)ခရိုင် ကုန်သည်ကြီးများအသင်းမှ နှစ်စဉ်ကျင်းပပြုလုပ်သည့် မြန်မာ-ထိုင်းနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ်စက်ဘီးစီးနင်းပွဲကို ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် (၁၈)ကြိမ်မြောက် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားသို့ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြဝတီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြဝတီနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်နှင့် အမှုဆောင်အဖွဲ့များ တက်ရောက်ခဲ့ကြပြီး ထိုင်းဘက်မှ တပ်(ခ်)ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာ ကျလိမ်လေ့စဥ္စန်းဆက်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တပ်(ခ်)ခရိုင်ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။ စက်ဘီးစီးနင်းပွဲသို့ မြဝတီမြို့ အထက(၁)နှင့် အထက(၂)မှ ကျောင်းသူ/ကျောင်းသား ၄၀၀၊ ကြီးကြပ်သူ ဆရာ/ဆရာမ ၅၂ဦး စုစုပေါင်း ၄၅၂ဦး ပါဝင်ဆင်နွှဲခဲ့ကြပြီး ထိုင်းနိုင်ငံဘက်မှ စက်ဘီးစီးနင်းသူ ကျား/မ စုစုပေါင်း ၁၅၀၀ပါဝင်စီးနင်းခဲ့ကြပါသည်။ စက်ဘီးစီးနင်းသူများသည် မြဝတီမြို့နယ်၊ ဝေ့ရှမ်းကျေးရွာ အထက(ခွဲ)ကျောင်းအထိ စီးနင်းကြပြီး မြဝတီမြို့ အထက(၁)၊ အထက(၂)နှင့် ဝေ့ရှမ်းအထက(ခွဲ)ကျောင်းတို့မှ ကျောင်းသူ/ကျောင်းသားများက အကများဖြင့် ဖျော်ဖြေခြင်း၊ ကံစမ်းမဲဖောက်ခြင်း၊ ဆုချီးမြှင့်ခြင်းစသည့် အစီအစဉ်များ ကျင်းပပြုလုပ်ခဲ့ကြပါသည်။ တပ်(ခ်)ခရိုင်ကုန်သည်ကြီးများအသင်းနှင့် ကုန်သည်လုပ်ငန်းရှင်များက ဝေ့ရှမ်းအထက(ခွဲ)ကျောင်းအား ကွန်ပျူတာ(၂)စုံနှင့် ကျောင်းအတွက် လိုအပ်သည့်နေရာတွင် အသုံးပြုနိုင်ရန် ထိုင်းဘတ်ငွေ(၁၁၀၀၀)အား ကျောင်းအုပ်ဆရာမကြီးထံ လှူဒါန်းပေးခဲ့ကြပါသည်။

**မြဝတီနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း**

## အမည်ပြောင်း

ဦးမြင့်အေး၏ သမီး မြောင်းမြမြို့နယ်၊ ရွာသာကြီးကျေးရွာအုပ်စု၊ အလက (၄အိုင်)ကျောင်း၊ စတုတ္ထတန်းမှ မယွန်းထက်ထက်မြင့်အား မယွန်းထက်ထက်ချို ဟု ပြောင်းလဲခေါ်ပါရန်။

**မယွန်းထက်ထက်ချို**

## အမည်ပြောင်း

ဦးထွန်းထွန်းနိုင် ၈/မထန(နိုင်)၀၈၉၀၈၂၏ သမီး သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၊ အထက မြို့မ စတုတ္ထတန်းမှ မထွန်းပပမင်းအား မမိုးပြည့်ပြည့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မမိုးပြည့်ပြည့်ကျော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဟ/၉၈၂၂ Li Fan(LF/75 ZH2)ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်ဦး ၁၄/ပသန(နိုင်)၀၃၁၀၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**

## အမှားပြင်ဆင်ဖတ်ရှုပါရန်

၁၄-၂-၂၀၁၇ရက်ထုတ် စာမျက်နှာ ၁၂ပါ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်းမှ အငယ်တန်းစာရေး (လစာနှုန်းကျပ်-၁၆၅၀၀၀အစား ၁၆၀၀၀၀)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ရုံးသုံးမော်တော်ယာဉ်အား ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသူများ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်း | ပစ္စည်းအမျိုးအမည် |
|---|---|---|
| (က) | **မော်တော်ယာဉ်(၁)စီး** | Brand New Toyota Fortuner<br>Model Year:2017<br>Engine Power:3.0L,DIESEL<br>Wagon(Left Hand Drive)<br>5 Speed Automatic Transmission |
| (ခ) | **တင်ဒါပုံစံရောင်းချမည့် နေ့ရက်နှင့်အချိန်** | - ၁၆-၂-၂၀၁၇ရက်မှ ၂၂-၂-၂၀၁၇ ၁၅း၀၀နာရီအထိ |
| (ဂ) | **တင်ဒါဖွင့်မည့်အချိန်နှင့်နေရာ** | - ၂၃-၂-၂၀၁၇ရက် ၁၃း၀၀နာရီ<br>ကုန်သွယ်ရေးဦးစီးဌာန၊<br>တိုးချဲ့ဆောင်အစည်းအဝေးခန်းမ၊<br>ရုံးအမှတ်(၃)၊ နေပြည်တော် |

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါဖုန်းနံပါတ်သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**
**ရုံးအမှတ်(၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၄၁၀**

## ASIA KING 0943114301, 09420051117

+ မန်းရွှေစက်တော်၊ စဉ့်ကိုင်နန်းတော်၊ နဂါးပွက် ဘုရားစုံ (၁)ညအိပ် 35000
+ မန်းရွှေစက်တော်၊ အလောင်းတော်ကဿပ(၄)ရက် 75000/130000
+ မန်းရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ(၅)ရက် 75000/100000
+ အလောင်းတော်ကဿပ (သီးသန့်)(၃)ရက် 35000/75000
ဆက်၍-မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်း(၅)ရက် 75000/130000
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်းစမ်း 75000 လွိုင်ကော်ပါ 100000
+ ပုဂံ၊ စွယ်တော်လေးဆူ၊ ပုပ္ပါး၊ ပခုက္ကူ-သီဟိုဠ်ရှင် (၃)ရက် 75000
+ မော်တင်စွန်း (၂)ရက် 40000/ Feb 17,24 Mar 3,10 ထွက်မည်။
+ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မျော့ရစ် 90000/130000
+ ဘားအံ၊ မြဝတီ Hotel package -90000 Feb17,24 Mar3,10,17,24,31 ထွက်မည်
ကားမျိုးစုံ ငှားလိုသူများနှင့် Group Tour/ Package Tour စိတ်တိုင်းကျ စီစဉ်ပေးပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်(110ccမှ 125cc )ဂျပန် Brand မော်တော်ဆိုင်ကယ် ၁၉၅၀ စီးဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၉-၂-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၁၉-၃-၂၀၁၇ ရက် မွန်းလွဲ ၂နာရီ
**ဆက်သွယ်ရန် ဖုန်းနံပါတ်** - ၀၆၇-၄၃၁၁၈၀၊ ၄၃၁၁၈၂

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

सत्यमेव जयते

## အိန္ဒိယသံရုံး၊ ရန်ကုန် လစ်လပ်ဝန်ထမ်းနေရာကြော်ငြာ

အိန္ဒိယသံရုံး၊ ရန်ကုန်တွင် လစဉ်စာချုပ်စနစ်ဖြင့် ယာယီခန့်မည့် လုံခြုံရေးရာထူးနေရာအတွက် လျှောက်လွှာများ ဖိတ်ခေါ်ပါသည်။ အနိမ့်ဆုံး ပညာအရည်အချင်းမှာ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးဖြစ်ရမည်။ စိတ်ပါဝင်စားသူများသည် လျှောက်လွှာကို အိန္ဒိယသံရုံး၊ အမှတ် (၅၄၅-၅၄၇)ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၌ ရယူပြီး ကောင်းမွန်မှန်ကန်စွာ ရေးဖြည့်ထားပြီးသော လျှောက်လွှာများကို အိန္ဒိယသံရုံး၊ ရန်ကုန်သို့ 28-2-2017 ထက် နောက်မကျဘဲ တင်သွင်းရမည်။ နောက်ကျရောက်လာသောလျှောက်လွှာများ၊ သတ်မှတ်ပုံစံမဟုတ်သော လျှောက်လွှာများနှင့် လိုအပ်သော စာရွက်စာတမ်းများ မပါသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

# ဆွာချောင်းရေလှောင်တမံရေဖြင့် နွေစပါးဧက ၂၀၀၀၀ ကျော် စိုက်ပျိုးမည်



နွေစပါးအတွက် ဆွာချောင်းရေလှောင်တမံ ပင်မမြောင်းကြီးမှ ရေလွှတ်ပေးနေစဉ်

## သတင်းဆောင်းပါး-ကိုတောင်သူ

မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် စပါးအများဆုံးထွက်ရှိသည်။ မြစ်ဝကျွန်းပေါ်ဒေသသည် ရေကောင်း မြေကောင်းသဖြင့် စပါးအများ ဆုံးထွက်သည်။ မြန်မာနိုင်ငံ၏ စပါးကျီဟု တင်စားခေါ်ဝေါ်ကြသည်။ ထိုနည်းတူ ပဲခူးတိုင်းသည်လည်း စပါးအထွက်များသည်။ မြန်မာနိုင်ငံ၏ ဒုတိယစပါးကျီဖြစ်သည်။ ပဲခူးတိုင်းဒေသကြီးတွင် စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်နှင့် ပဲခူးမြစ်တစ်လျှောက်ရှိ ဒေသများတွင် မိုးစပါး၊ နွေစပါးအများဆုံးစိုက်ပျိုးကြသည်။ ပဲခူးတိုင်းဒေသကြီးတွင်လည်း ရေမြေကောင်းသဖြင့် စပါးအထွက်များသည်။ ပဲခူးတိုင်းဒေသကြီးတွင် စပါးပိုထွက်ရှိရန်အတွက် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနက ဆည်မြောင်းတာတမံများ တည်ဆောက်ပေးထားသည်။ ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းတာတမံများထဲတွင် တောင်ငူခရိုင် ရေတာရှည်မြို့နယ် ဆွာချောင်း ရေလှောင်တမံလည်း တစ်ခုအပါအဝင်ဖြစ်သည်။

၁၉၆၃ ခုနှစ်က ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်အရ ပါရဂူ ခုနစ်ဦးနှင့် မြန်မာပညာရှင်အဖွဲ့တို့သည် စစ်တောင်းမြစ်ဒေသအတွင်း မိုးခေါင်ရေရှားခြင်း၊ မိုးများခြင်း၊ မြစ်ချောင်းများမှ ရေနုတ်အား မကောင်းခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ် ခံစားနေရသည်ကို ရှာဖွေ တွေ့ရှိကြသည်။ ထို့ကြောင့် အထူးစီမံကိန်း အကောင်အထည်ဖော်ရေးအဖွဲ့က ဆွာချောင်းရေလှောင်တမံစီမံကိန်းကို ချမှတ်ပြီး ၁၉၉၈ ခုနှစ်က ဆွာချောင်းရေလှောင်တမံစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခဲ့သည်။

ဆွာချောင်းရေလှောင်တမံ တည်ဆောက်ရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ရေတာရှည်မြို့နယ်အတွင်းနှင့် တောင်ငူမြို့နယ်တို့တွင် နွေစပါးစိုက်ပျိုးနိုင်ရေး၊ မိုးစပါးရေလိုအပ်ပါက အောင်ရေပေးဝေနိုင်ရေးနှင့် မိုးစပါးအချိန်စော၍ စိုက်ပျိုးလိုလျှင် ပျိုးထောင်ရေပေးနိုင်ရန်တို့အတွက် တည်ဆောက်ထားခြင်းဖြစ်သည်။

ဆွာချောင်း ရေလှောင်တမံသည် တောင်ငူခရိုင် ရေတာရှည်မြို့နယ်အတွင်းတွင် တည်ရှိသည်။ ဆွာချောင်းကိုပိတ်၍ တမံဆည်ဖို့ထားခြင်းဖြစ်သည်။ နှစ်စဉ်မိုးရေချိန် လက်မ၈၀ ကျော် ရွာသွန်းသည်။ တမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။ ပင်မတမံ ၉၇ ပေနှင့် ကုန်းကြောတမံ ပေ ၄၀ ဖြစ်သည်။ တမံအလျားမှာ ပင်မတမံ ၆၆၀၀ ပေ၊ ကုန်းကြောတမံ ပေ ၁၆၉၀၀၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၂၁၆၃၅၀၊ ရေထုတ်ပြွန်အမျိုးအစား သံကူကွန်ကရစ်၊ ရေထုတ်ပြွန်အမျိုးအစား (၆ × ၄) ပေ သုံးပေါက်၊ ရေထုတ်ပြွန်အလျား ၃၆၂ ပေ ရေပိုလွှဲအမျိုးအစား ဘဲနှုတ်သီး၊ ရေပိုလွှဲအကျယ် ပေ ၄၀၀၊ တူးမြောင်းမကြီးတစ်ခု ၁၆ ဒသမ ၆၇ မိုင်၊ လက်တံမြောင်းရှစ်ခု၊ ၄၁ ဒသမ ၉၄ မိုင်၊ ရေသောက်ရေိယာဧက ၃၅၀၀၀ ဖြစ်သည်။ ဆွာချောင်းရေလှောင်တမံမှာ ၂၀၀၅ ခုနှစ်က ပြီးစီးခဲ့သည့် ၂၀၀၃ ခုနှစ်မှစ၍ ၂၀၁၆ အထိ နှစ်ပေါင်း ၁၄ နှစ်အတွင်း နွေစပါး ၂၆၄၄၁၇ ဧက စိုက်ပျိုးခဲ့သည်။

ဤကဲ့သို့ တောင်သူလယ်သမားအကျိုးအတွက် ရာစုနှစ်တစ်ခုကျော် စိုက်ပျိုးရေပေးဝေခဲ့သည်။ ဆွာချောင်းရေလှောင်တမံသည် ယခုလည်း ဆက်လက်ရေပေးဝေလျက်ရှိသည်။ ဆွာချောင်းရေလှောင်တမံရေဖြင့် မိုးစပါး နွေစပါးအပြင် အခြားသီးနှံများလည်း စိုက်ပျိုးအောင်မြင်လျက်ရှိသည်။ တောင်သူလယ်သမား အများဆုံးစိုက်ပျိုးကြသည့် စပါးမျိုးများမှာ ဆင်းသုခ၊ ရွှေသွယ်ရင်၊ မနောသုခ၊ ရတနာမိုး၊ သုခရှယ်၊ ထိုင်းရက် ၉၀ စပါးများဖြစ်သည်။

ယခု ၂၀၁၆/၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆွာချောင်းရေလှောင်တမံနှင့် ချောင်းမကြီး ရေလှောင်တမံမှ ရေဖြင့် ကျေးရွာအုပ်စု ၁၉ အုပ်စုအတွင်း ပါဝင်သည့် ကျေးရွာပေါင်း ၆၄ ရွာမှ တောင်သူလယ်သမားများသည် နွေစပါးဧက ၂၀၈၃၁ ဧက စိုက်ပျိုးကြ မည်ဖြစ်သည်။ နွေစပါးရေပေးရန်အတွက် ဆွာချောင်းရေလှောင်တမံတွင် ရေအပြည့်ရှိသည်။ နွေစပါးစိုက်ပျိုးရန်အတွက် ဆွာချောင်းရေလှောင်တမံနှင့် ချောင်းမကြီးရေလှောင်တမံမှ နွေစပါးအတွက် စိုက်ပျိုးရေကို ဇန်နဝါရီ ၁ ရက်မှ စတင်လွှတ်ပေးခဲ့သည်။

တောင်ငူခရိုင် ရေတာရှည်မြို့နယ်နှင့် ဆွာမြို့နယ်များမှ တောင်သူလယ်သမားများသည် နွေစပါးကိုပျိုးထောင်မနေဘဲ အစေ့ချစနစ်၊ ကွက်ဆင့်သောက်စနစ်ဖြင့် စိုက်ပျိုးကြသည်။ ရေတာရှည်မြို့နယ်မှ တောင်သူလယ်သမားများသည် နွေစပါးကို နဂျပ်၊ စီစိုင်း၊ မိချောင်းအိုင်၊ ပိတောက်ကုန်း၊ ကျွဲရိုင်းပြင်၊ ကဲလင်းဆိပ်၊ ဆွာမင်းလတ်၊ ငါးကြီးကွေ့၊ အင်ဒိုင်း၊ သိုင်းဝ၊ ကြာအင်းကုန်း၊ ဘုရားကုန်းကျေးရွာများမှ တောင်သူလယ်သမားများသည် မိမိတို့ဒေသရှိ နဂျပ်ချောင်း၊ မရမ်းချောင်း၊ စွယ်တော်ရာ၊ ဘင်းပုံချောင်း၊ သစ်နံ့သာ၊ ဆွာချောင်း၊ သိုင်းချောင်း၊ ဂွေးသဲချောင်း၊ ဘင်ဖြဲချောင်းများမှ ရေသွယ်ယူ၍ နွေစပါးစိုက်ပျိုးနေကြသည်။

ဆွာချောင်းရေလှောင်တမံ တည်ဆောက်ထားသဖြင့် ကျေးလက်ဒေသ၏ လယ်ယာကုန်ထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးထုတ်လုပ်မှုများ တိုးတက်အောင်မြင်ခဲ့သည်။ ဆွာချောင်းရေလှောင်တမံရှိသည့်အတွက် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိနေသည့်အတွက် ဆွာချောင်းရေလှောင်တမံသည် တောင်သူလယ်သမားများအတွက် အဖိုးမဖြတ်နိုင်သော ဆည်ကြီးတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

# သောက်သုံးရေအခက်အခဲမရှိစေရေး စက်ရေတွင်းများ တူးဖော်



**မိတ္ထီလာ ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွေရာသီ၌ သောက်သုံးရေအခက်အခဲ မရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေစက်ရုံ၊ရေကန်များ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(မူလ) ရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်ပြီး ပန်းရွှေဝါကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဒီးဒုတ်တောင်၊ မကျီးကုန်း၊ ကုန်းတန်းကြီး၊ သရက်ကန်ကျေးရွာနှင့် တောင်ဖီလာကျေးရွာများ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း၊ ရေစင်၊ရေစက်ရုံ၊ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ ယင်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ဒေသခံပြည်သူများမှာ နွေရာသီတွင် သောက်သုံးရေအခက်အခဲမရှိ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ပုံပြင်၊ ကဗျာ၊ သီချင်းဆိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ

**ပြည် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံဒုတိယအစည်းအဝေးကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ဦးစီးကျင်းပသော ဌာနတွင်း မူလတန်းကြို ကျောင်းပေါင်းစုံ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ပြည်မူလတန်းကြိုကျောင်းခန်းမ၌ ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ခရိုင်လူမှုဝန်ထမ်းရုံးလက်အောက်ရှိ ဌာနတွင်း မူလတန်းကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများနှင့် ပုဂ္ဂလိက မူလတန်းကြိုကျောင်းများမှ ရင်သွေးငယ်လေးများပါဝင်ခဲ့ကြပြီး ပြိုင်ပွဲများအလိုက် ဆုရရှိသူများကို ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

# စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဖေဖော်ဝါရီလ ဒုတိယပတ်က စာကြည့်တိုက်များဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှမြင့်က စာကြည့်တိုက်အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး Save the Library မှ ဦးမောင်မောင်စိုးက စာကြည့်တိုက်များကို နည်းပညာဖြင့် ချဉ်းကပ်ခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။ **လှလှ**

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း မိုးမိတ်မြို့နယ်၌ဖွင့်

**မိုးမိတ် ဖေဖော်ဝါရီ ၁၅**

လယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်မောင်းနှင်ရာတွင် စနစ်တကျဖြင့် အန္တရာယ်ကင်းစွာ ကိုင်တွယ်မောင်းနှင် ထိန်းသိမ်းအသုံးပြုနိုင်စေရန် ရည်ရွယ်၍ မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် ပဒါန်းကျေးရွာအုပ်စု နမီကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာန အမှတ် (၉၆) စက်မှုလယ်ယာစခန်းမှ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပသည်။

သင်တန်းသားအနေဖြင့် ၁၀ ရက်တာကာလအတွင်း ပို့ချလိုက်သော စာတွေ့၊ လက်တွေ့သင်ခန်းစာများကို စိတ်ပါဝင်စားစွာ လေ့လာမှတ်သားပြီး လက်တွေ့မောင်းနှင်အသုံးပြုနိုင်သည်အထိ ကြိုးစားသင်ယူကာ မိမိတို့၏ လယ်ယာမြေများကို ခေတ်မီလယ်ယာသုံးစက်ကိရိယာများဖြင့် တွင်ကျယ်စွာ ထွန်ယက် ၊ စိုက်ပျိုး၊ ရိတ်သိမ်းနိုင်ကြစေရန်အတွက် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း မိုးမိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက ပြောကြားခဲ့သည်။

ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာန ရှမ်းပြည်နယ်မြောက်ပိုင်း တွဲဖက်ပြည်နယ်ဦးစီးမှူး ဦးရဲမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကျောက်မဲမြို့နယ်ဦးစီးမှူး ဦးမောင်မောင်ဦးက ပို့ချမည့်ဘာသာရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၄ ရက်အထိ ၁၀ ရက်ကြာ ဖွင့်လှစ် ပို့ချသွားမည်ဖြစ်ကြောင်းနှင့် မိုးမိတ်မြို့နယ် ပဒါန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၅၁ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



မြန်မာနိုင်ငံ ကလေးများနေ့အထိမ်းအမှတ် မူကြိုကလေးငယ်များအား အာဟာရကျွေးမွေးပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၁) မူလတန်းကြိုကျောင်း (ဗဟန်း) ကျောင်းခန်းမဆောင်၌ ကျင်းပစဉ်

အောင်သန်း-မင်္ဂလာတောင်ညွန့်

# လက်ခတ်ရက်ကန်းများတည်ထောင်လာ၍ ကျေးရွာနေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိ

**ကျွန်းလှ ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ရွှေတောင်ကျေးရွာတွင် လက်ခတ်ရက်ကန်း များ တည်ထောင်လာကြရာ ကျေးရွာနေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိနေကြကြောင်း သိရသည်။

ကျေးရွာနေအမျိုးသမီးများ အလုပ်အကိုင်ရရှိစေရန် ရည်ရွယ်၍ ရက်ကန်းခတ်နည်းကို မြစ်ကြီးနားမြို့တွင် တစ်နှစ်ခွဲခန့်သွားရောက်သင်ခဲ့ ရကြောင်း၊ ရက်ကန်းစင်ကိုလည်း ငွေကျပ် ငါးသိန်းပေး၍ တည်ထောင်ထားကြောင်း၊ ရွာထဲမှအမျိုးသမီးများအား သင်ပေးရာ ရက်ကန်းစင်ရှစ်စင်ထိရှိလာပြီး ရက်ကန်းခတ်သူများလည်း နေ့တွက်ရရှိနေကြောင်း ရက်ကန်းပိုင်ရှင် မမိုးဆွေက ပြောသည်။

"ကျွန်မတို့ ရက်ကန်းစင်မှာ အမျိုးသမီးဝတ်ကချင်လုံချည်နဲ့ အင်္ကျီတွေရက်လုပ်ပါတယ်။ ဝမ်းဆက်တစ်အုပ်စာအတွက် ချည်နှစ်လိမ်ကုန်နဲ့ ပန်းချည်အပါဝင် ငွေကျပ် ၆၅၀၀ ကုန်ကျပါတယ်။ တစ်စုံကို ငါးရက် ရက်ရပါတယ်။ ရက်ပြီးအထည်တွေကို ကန့်ဘလူမြို့ကိုတင်ပို့ပါတယ်။ တစ်စုံလျှင် ငွေကျပ် ၂၇၀၀၀နဲ့ ရောင်းချရပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

**မျိုးဝင်းညို**

# လနှင့်ကမ္ဘာ သို့မဟုတ် အိမ်ဦးနှင့်ကြမ်းပြင် (အပိုင်း-၃)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

အမ်းစထရောင်းနှင့် အော်လ်ဒရင်တို့သည် လကမ္ဘာ၏ ဆိတ်ငြိမ်ပင်လယ်ဒေသသို့ သက်ဆင်းရန် စတင် ဆောင်ရွက်ကြသည်။ လမျက်နှာပြင်ပေါ်သို့ ဆင်းသက်နိုင်ရန် ချဉ်းကပ်လာနေစဉ် ကွန်ပျူတာချွတ်ယွင်းမှု ဖြစ်ပေါ်သည့်အတွက် နောက်ကြောင်း ပြန်လှည့်ရတော့မည့် အခြေအနေသို့ အရောက်တွင် ကမ္ဘာမြေပြင် ထိန်းချုပ်ကွပ်ကဲရေးစခန်းက အဝေးထိန်းစနစ်ဖြင့် လျှပ်တစ်ပြက် ပြင်ဆင်ပေးလိုက်နိုင်သည့်အတွက် အမ်းစထရောင်းနှင့် အော်လ်ဒရင်တို့ ဆက်လက်မောင်းနှင်ဆင်းသက်ခွင့် ရရှိကြတော့သည်။ လပေါ်သို့အဆင်းတွင် ဘောလုံးကွင်းအရွယ် ပမာဏရှိသည့် မီးတောင်ဝဆီသို့ လဆင်းယာဉ်က ရွေ့ရှုနေသည်ကို လမျက်နှာပြင်၏ ပေပေါင်း ၁၀၀၀ အမြင့်မှနေ၍ အမ်းစထရောင်းက တွေ့နေရသည်။

ထိုနေရာကို မော်တော်ကားတစ်စီး အရွယ်မျှရှိသော ကျောက်တုံးကြီးများက ဝန်းရံထားကြသည်။ အမ်စထရောင်းသည် ယာဉ်ကိုထိန်းကျောင်းပြီး ကျောက်တုံးကြီးများနှင့် လွတ်ကင်းသည့်နေရာဆီသို့ မောင်းနှင် ဆင်းသက်လိုက်သည်။ အင်ဂျင်စက်အရှိန်ကြောင့် လမျက်နှာပြင်ပေါ်တွင် ဖုန်မှုန့်များ တလိပ်လိပ်တက်လာသည်။ နောက်ဆုံးတွင် အပြာရောင်မီး၏ အချက်ပြမှုနှင့်အတူ လဆင်းယာဉ်၏ ခြေထောက်သုံးချောင်းသည် လမျက်နှာပြင်ပေါ်သို့ သက်ဆင်းကျရောက်လာသည်။ အော်လ်ဒရင်က ဝမ်းသာအားရဖြင့် "လမျက်နှာပြင်နှင့်ထိမိပြီ" ဟု အော်ဟစ်လိုက်သည်။ ထိုနေ့သည်ကား ၁၉၆၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့ပင် ဖြစ်သည်။


အမ်းစထရောင်းက အင်ဂျင်စက်ကို ပိတ်လိုက်ပြီး အာကာသယာဉ်မှူးနှစ်ဦးတို့သည် အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် တစ်ဦးနှင့်တစ်ဦး လက်ဆွဲနှုတ်ဆက်ကြသည်။ ထို့နောက် အမ်းစထရောင်းက မိခင်ကမ္ဘာရှိ အမေရိကန်ပြည်ထောင်စု ဟူစတန်စခန်းဆီသို့ လဆင်းယာဉ် ဆင်းသက်ပြီးကြောင်း ရေဒီယိုဖြင့် ဆက်သွယ်ပြောကြားသည်။ ယာဉ်ပေါ်တွင် ခုနစ်နာရီမျှနေပြီးနောက် အမ်းစထရောင်းက လဆင်းယာဉ်ထဲမှ ထွက်လိုက်သည်။ ယာဉ်၏ရှေ့ပိုင်း လှေကားမှတစ်ဆင့် ဆိတ်ငြိမ်ပင်လယ်၏ ဖုန်တောထဲသို့ သူ၏ဘယ်ခြေထောက်ကို စတင်ချလိုက်သည်။ ဤသည်မှာကား လူတစ်ဦး၏ သေးငယ်သော ခြေတစ်လှမ်းမျှသာ ဖြစ်သော်လည်း ကမ္ဘာ့လူသားအားလုံးတို့အတွက် ကြီးမားသော ခုန်ပျံကျော်လွှားမှု တစ်ရပ်ပင် ဖြစ်ပေတော့သည်။

မိနစ်အနည်းငယ်မျှကြာသည့်အခါ အော်လ်ဒရင်လည်း ယာဉ်ထဲမှထွက်၍ လမျက်နှာပြင်ပေါ်သို့ ခြေချဆင်းသက်ရောက်ရှိလာသည်။ ယာဉ်မှူးနှစ်ဦးသည် နှစ်နာရီအချိန်အတွင်း စုစုပေါင်း ၄၄ ပေါင်ခန့် အလေးချိန်ရှိသော ကျောက်တုံးများကို စုဆောင်းကောက်ယူခြင်း၊ ဓာတ်ခွဲခန်းငယ်တစ်ခုကို လမျက်နှာပြင်ပေါ်၌ချထားခြင်း၊ အမေရိကန်အလံကို စိုက်ထူခြင်းနှင့် ဓာတ်ပုံရိုက်ခြင်း စသည်တို့ကို ပြုလုပ်ကြသည်။ လမျက်နှာပြင်ပေါ်တွင် ချထားခဲ့သည့် အဏုမြူဓာတ်အားပေး ဓာတ်ခွဲခန်းငယ်ထဲတွင် လ၏ဘူမိရူပဆိုင်ရာ အချက်အလက်များကို အနည်းဆုံးငါးနှစ်ကြာမျှ လေ့လာတိုင်းတာမည့် ခေတ်အမီဆုံး စက်ကိရိယာများ ပါဝင်သည်။ ယာဉ်မှူးနှစ်ဦးသည် ကမ္ဘာ့မြေဆွဲအား၏ခြောက်ပုံတစ်ပုံသာရှိသော လမျက်နှာပြင်ပေါ်၌ သွားလာလှုပ်ရှားရင်း အလွန်ပင်ပျော်ရွှင်ကြည်နူးကြသည်။ လဆင်းယာဉ်မှ ပေ ၁၆၀ အကွာအထိ လမ်းလျှောက်သွားကာ လကမ္ဘာ၏ အလှအပ မြင်ကွင်းများကိုကြည့်ပြီး အံ့သြမကုန်ဖြစ်ကြသည်။

လမျက်နှာပြင်ပေါ်၌ ခြေချလမ်းလျှောက်ကာ လေ့လာသည့်အချိန် နှစ်နာရီခွဲမျှ ကြာမြင့်ပြီးသည့်အခါ အာကာသယာဉ်မှူးများသည် လဆင်းယာဉ်ဆီသို့ ပြန်သွားပြီး ယာဉ်ပေါ်သို့တက်ကာ အနားယူကြသည်။ စုစုပေါင်းအားဖြင့် အမ်းစထရောင်းနှင့် အော်လ်ဒရင်တို့နှစ်ဦး လပေါ်တွင်နေခဲ့သည့်အချိန်မှာ ၂၁ နာရီခွဲခန့် ကြာမြင့်သည်။ ဇူလိုင်လ ၂၁ ရက်နေ့တွင် ယာဉ်မှူးနှစ်ဦးသည် ကမ္ဘာမြေဆီသို့ပြန်ရန် ပထမအဆင့်အနေဖြင့် လပတ်လမ်းကြောင်းထဲရှိ ကွပ်ကဲထောက်ပံ့ယာဉ်နှင့် ပြန်လည်ချိတ်ဆက်မိရန် လဆင်းယာဉ်အင်ဂျင်ကို နှိုးလိုက်သည်။ လဆင်းယာဉ်၏ အပေါ်ပိုင်းအဆင့်သည် ယာဉ်အောက်ပိုင်းကို လမျက်နှာပြင်ပေါ်တွင် ချန်ထားခဲ့ပြီး အာကာသထဲသို့ ပျံတက်သွားသည်။ ချန်ထားခဲ့သော ယာဉ်အောက်ပိုင်းတွင် လပေါ်၌ နှစ်ရာပေါင်းများစွာ တည်ရှိနေမည့် စာတမ်းတစ်ခုကို ရေးထိုးထားသည်။ ထိုစာတမ်းမှာကား "ကမ္ဘာမြေမှ လူသားများ အေဒီ ၁၉၆၉ ခုနှစ် ဇူလိုင်လတွင် ဤနေရာ၌ လာရောက်ခြေချခဲ့သည်။ ကျွန်ုပ်တို့ လူသားထုတစ်ရပ်လုံး၏ ငြိမ်းချမ်းရေးအတွက် လာရောက်ခဲ့ကြသည်" ဟူ၍ဖြစ်သည်။

လဆင်းယာဉ်သည် လပတ်လမ်းကြောင်းထဲရှိ ကွပ်ကဲထောက်ပံ့ယာဉ်နှင့် ပြန်လည်ချိတ်ဆက်မိချိန်၌ လပေါ်သို့ ဆင်းခဲ့သော ယာဉ်မှူးနှစ်ဦးသည် ကွပ်ကဲယာဉ်ထဲသို့ပြန်ဝင်ကြသည်။ ထို့နောက် လဆင်းယာဉ်ကို ဖြုတ်ချချန်ခဲ့ကာ အပြန်ခရီးကိုနှင်ကြသည်။ ကမ္ဘာ့လေထုအတွင်းသို့ ပြန်မဝင်မီ မိနစ် ၃၀ အလိုတွင် ထောက်ပံ့ယာဉ်၏လုပ်ငန်းများ ပြီးဆုံးပြီဖြစ်၍ ကွပ်ကဲယာဉ်သည် ထောက်ပံ့ယာဉ်မှ ခွဲထွက်လိုက်သည်။ ဤသို့ဖြင့် ခရီးစဉ်အစက ယာဉ်သုံးစင်းတွဲဖြင့် ထွက်ခွာခဲ့သော အပိုလို-၁၁ သည် ၁၉၆၉ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် ကွပ်ကဲယာဉ်တစ်စင်းတည်းဖြင့်သာ ကမ္ဘာမြေပြင်သို့ ဘေးမသီရန်မခ ချောမောစွာ ပြန်လည်ရောက်ရှိလာသည်။

အကယ်၍ လပေါ်မှပိုးမွှားတို့ ကပ်ငြိပါရှိလာပါက ရောဂါကူးစက်ခြင်း မရှိရလေအောင် ယာဉ်မှူးသုံးဦးတို့သည် မည်သူနှင့်မျှ အထိအတွေ့အဆက်အဆံမရှိဘဲ ၁၄ ရက်မျှကြာအောင် အထူးသီးသန့်ခန်းထဲ၌ သီးခြားနေခဲ့ကြသည်။ အပိုလို-၁၁ ၏ အောင်မြင်မှုသည် ခေတ်သစ်တစ်ခေတ်၏ စာမျက်နှာသစ်ကို စတင်ဖွင့်လိုက်သည့် အထိမ်းအမှတ်ပင် ဖြစ်သည်။ အမေရိကန်တို့သည် အပိုလို-၁၁ ၏ အောင်မြင်မှုကြောင့် စိတ်ဓာတ်တက်ကြွသွားကြကာ ၁၉၆၉ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့က အပိုလို-၁၂ ယာဉ်ကို ထပ်မံပစ်လွှတ်ခဲ့သည်။



**လပေါ်ရှိမြေသားနမူနာများ၊ ကျောက်တုံးများကို ကောက်ယူစုဆောင်းခဲ့ကြသည်။ လပေါ်၌တွေ့ရှိသော ကျောက်တုံးများထဲတွင် သက်တမ်းအားဖြင့် နှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံရှိသော ကျောက်တုံးတစ်တုံးလည်း ပါဝင်သည်။ လ၏သက်တမ်းနီးပါးခန့်ရှိသောကြောင့် လ၏ဖွားဘက်တော် ကျောက်တုံးအဖြစ် ကျော်ကြားခဲ့သည်**

အပိုလို-၁၁ လွှတ်တင်မှု၏ ရည်ရွယ်ချက်သည် လကမ္ဘာဆီသို့ လူသားများကို အသွားအပြန် စေလွှတ်နိုင်ရေးကိုသာ အဓိကထားခဲ့သည်။ သို့ရာတွင် အပိုလို-၁၂ ခရီးစဉ်မှ အစပြုပြီး သိပ္ပံဆိုင်ရာ စူးစမ်းမှုများကို အထူးအလေးထားကာ စတင်ဆောင်ရွက်ခဲ့ကြသည်။ အပိုလို-၁၂ ၏ အာကာသယာဉ်မှူးများဖြစ်ကြသော ပိကွန်ရတ်နှင့် အလန်ဘင်းတို့သည် လပေါ်သို့ ဆင်းသက်ရာ၌ ဆင်းလိုသည့်နေရာဆီသို့ တိတိကျကျဖြင့် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြ သည်။ ထိုယာဉ်မှူးနှစ်ဦးသည် ၁၉၆၇ ခုနှစ် အစောပိုင်းက လပေါ်သို့ကြိုတင်ပို့လွှတ်ထားခဲ့သော ဆာဗေယာ-၃ လူမဲ့အာကာသယာဉ်နှင့် နီးကပ်စွာဆင်းသက်နိုင်ခဲ့သည်။ ယာဉ်မှူးနှစ်ဦးသည် လဆင်းယာဉ်မှ ပေ ၁၅၀၀ အကွာအထိ လမ်းလျှောက် လေ့လာကာ ထိုကဲ့သို့ လေ့လာချိန် ရှစ်နာရီနီးပါး အပါအဝင် လမျက်နှာပြင်ပေါ်၌ ၃၁ နာရီခွဲမျှ နေခဲ့ကြသည်။

ဆာဗေယာ-၃ လူမဲ့အာကာသယာဉ်၏ အစိတ်အပိုင်းတချို့ကို ကမ္ဘာမြေဆီသို့ပြန်သယ်ပြီး ကမ္ဘာပေါ်၌ လေ့လာနိုင်ရန် ဖြုတ်ယူကြသည်။ ထို့ပြင် အပိုလို-၁၁ ယာဉ်မှူးများ ထားခဲ့ကြသည့်အတိုင်းပင် အဏုမြူဓာတ်အားပေး ဓာတ်ခွဲခန်းငယ်တစ်ခုကိုလည်း လပေါ်တွင် ချထားခဲ့ကြသည်။ အပိုလို-၁၁ နှင့် အပိုလို-၁၂ ခရီးစဉ်များ အောင်မြင်ခဲ့ကြသော်လည်း ၁၉၇၀ ပြည့်နှစ် ဧပြီလ ၁၁ ရက်နေ့တွင် ပစ်လွှတ်ခဲ့သော အပိုလို-၁၃ ယာဉ်ကမူ သည်းထိတ်ရင်ဖိုဖြစ်ရပ်နှင့် ကြုံခဲ့ရသည်။ ဘူမိဗေဒရှုထောင့်မှကြည့်လျှင် စိတ်ဝင်စားဖွယ်ကောင်းသော နေရာဖြစ်သည့် လပေါ်ရှိ ဖရာမော်ရို ကုန်းမြင့်ဒေသသို့ ဆင်းသက်လေ့လာရန် ရည်ရွယ်ထားသော အပိုလို-၁၃ သည် စတင်ထွက်ခွာပြီးနောက် ၅၅နာရီအကြာ လဆီသို့ ဦးတည်ပျံသန်းနေခိုက် ကွပ်ကဲထောက်ပံ့ယာဉ်၏ ထောက်ပံ့ရေးအပိုင်းရှိ အောက်ဆီဂျင်သိုလှောင်ကန်တွင် ပေါက်ကွဲမှုဖြစ်ကာ အောက်ဆီဂျင်စနစ်၊ လျှပ်စစ်ဓာတ်အားစနစ်နှင့် ပျံသန်းထိန်းကျောင်းရေးစနစ်တို့၏ အစိတ်အပိုင်းတချို့ပျက်စီးသွားသည်။ ထို့ကြောင့်ပင် လပေါ်သို့ဆင်းရန် အစီအစဉ်ကိုဖျက်ကာ လကို လှည့်ပတ်ပျံသန်း၍ ကမ္ဘာသို့ပြန်ရန် စီစဉ်ခဲ့ကြရသည်။

အပိုလိုယာဉ်များ ပျံသန်းရာတွင် အဓိကအသုံးပြုသည့် ထောက်ပံ့ယာဉ်ရှိ ဒုံးအင်ဂျင်ချွတ်ယွင်းသွားသောကြောင့် မပျက်စီးသေးသည့် လဆင်းယာဉ်၏ ဒုံးစက်များကို အသုံးပြုကာ ယာဉ်တစ်စင်းလုံးကို ထိန်းကျောင်း မောင်းနှင်ခဲ့ကြရသည်။ ကွပ်ကဲထောက်ပံ့ယာဉ်ကို ဖြုတ်ချချန်ခဲ့ပြီး လဆင်းယာဉ်ဖြင့် ကမ္ဘာမြေဆီသို့ ပြန်မည်ဆိုပါကလည်း ကမ္ဘာ့လေထုထဲသို့ ပြန်အဝင်၌ တွေ့ကြုံရမည့် အပူဒဏ်ကိုခံနိုင်ရည်ရှိသည့် အပူကာဒိုင်း မပါရှိသော လဆင်းယာဉ်က အလွန်ပင်အန္တရာယ်ကြီးမားနေသည်။ ထို့ပြင် ကမ္ဘာမြေသို့ ပြန်ရောက်ရန်လေးရက်ကြာဦးမည်ဖြစ်ရာ ထိုအချိန်အတိုင်းအတာ အတွင်း၌ လိုအပ်သည့် အောက်ဆီဂျင်နှင့် ရေတို့မှာ လဆင်းယာဉ်ထဲတွင် မရှိပေ။ ဤကဲ့သို့သော အလွန်အမင်းအေးစက်သည့် အခြေအနေ၊ ကာဗွန်ဒိုင်အောက်ဆိုက် လွန်ကဲသည့်အခြေအနေနှင့် အသက်အန္တရာယ် ကြီးမားလှသော အခက်အခဲအမျိုးမျိုးတို့ကို ကြုံတွေ့ဖြတ်သန်းကျော်လွှားနိုင်ပြီးနောက် အပိုလို-၁၃ သည် ၁၉၇၀ ပြည့်နှစ် ဧပြီလ ၁၇ ရက်နေ့တွင် ကမ္ဘာမြေပေါ်သို့ အောင်မြင်စွာဖြင့် ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

အပိုလို-၁၄ အာကာသယာဉ်ကိုမူ အမေရိကန်ပြည်ထောင်စု၏ ပထမဦးဆုံးသော အာကာသယာဉ်မှူး အလန်ရှက်ပတ်က ဦးဆောင်ခဲ့သည်။ အလန်ရှက်ပတ်သည် Redstone ဒုံးပျံဖြင့် ပစ်လွှတ်သော Freedom-7 အာကာသယာဉ်ဖြင့် ၁၉၆၁ ခုနှစ်က အာကာသအတွင်းသို့ ရောက်ခဲ့သူဖြစ်သည်။ ထိုခရီးစဉ်နောက်ပိုင်းတွင် နားရောဂါခံစားရသဖြင့် ဆေးကုသမှု ခံယူခဲ့သည်။ ကျန်းမာရေးပြန်ကောင်းလာသော အလန်ရှက်ပတ်သည် အပိုလို-၁၄ကို အောင်မြင်စွာ ဦးဆောင်ပျံသန်းကာ အပိုလို-၁၃ ဆင်းသက်ရန် ရည်ရွယ်ခဲ့သော လပေါ်ရှိ ဖရာမော်ရို ကုန်းမြင့်ပိုင်းဒေသသို့ ဆင်းသက်နိုင်ခဲ့သည်။ အပိုလို-၁၄ ယာဉ်မှူးနှစ်ဦးသည် လဆင်းယာဉ်မှ ပေ ၄၆၀၀ အကွာအထိ လမ်းလျှောက်ကာ လေ့လာရေးခရီးထွက်ခဲ့ကြသည်။ အလန်ရှက်ပတ်သည် လပေါ်ရောက်သည့် ပဉ္စမမြောက် ကမ္ဘာ့လူသားဖြစ်လာခဲ့ပြီး လပေါ်ခြေချသည့် အချိန်တွင် အသက်အရွယ်အားဖြင့် ၄၇ နှစ် ရှိပြီဖြစ်ရာ လပေါ်ရောက်ခဲ့သည့် လူသားများထဲတွင် အသက်အကြီးဆုံးလည်း ဖြစ်သည်။

၁၉၇၁ ခုနှစ် နွေရာသီတွင် အာကာသယာဉ်မှူးများဖြစ်ကြသော ဒေ့ဗ်စကော့နှင့် ဂျင်အာဝင်တို့သည် အပိုလို-၁၅ ခရီးစဉ်၌ လိုက်ပါကာ လမျက်နှာပြင်ပေါ်ရှိ တောင်တန်းများကို စူးစမ်းလေ့လာခဲ့ကြသည်။ ယာဉ်မှူးများသည် အာကာသယာဉ်ပေါ်တွင် လူနာရိုဗာဟု ခေါ်တွင်သော ဘက်ထရီဖြင့်မောင်းနှင်သည့် ကားငယ်တစ်စီးကို ယူဆောင်သွားပြီး ထိုကားငယ်ကို လမျက်နှာပြင်ပေါ်၌ ၂၇ ကီလိုမီတာကျော် မောင်းနှင်ကာ ဘူမိဗေဒဆိုင်ရာ အဖိုးတန် အချက်အလက်များကို စူးစမ်းလေ့လာခဲ့ကြသည်။ လူနာရိုဗာယာဉ်သည် ကီလိုဂရမ် ၂၁၀ လေး၍ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉ သန်းခန့် ဖြစ်သည်။

စကော့နှင့် အာဝင်တို့သည် လမျက်နှာပြင်ပေါ်ရှိအပင်နိုင်း တောင်တန်းများ၌ သုံးရက်ကြာနေထိုင်ပြီး အလုပ်လုပ်ခဲ့ကြသည်။ လပေါ်ရှိမြေသားနမူနာများ၊ ကျောက်တုံးများကို ကောက်ယူစုဆောင်းခဲ့ကြသည်။ လပေါ်၌တွေ့ရှိသော ကျောက်တုံးများထဲတွင် သက်တမ်းအားဖြင့် နှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံရှိသော ကျောက်တုံးတစ်တုံးလည်း ပါဝင်သည်။ လ၏ သက်တမ်းနီးပါးခန့်ရှိသောကြောင့် လ၏ဖွားဘက်တော် ကျောက်တုံးအဖြစ် ကျော်ကြားခဲ့သည်။ စကော့နှင့်အာဝင်တို့ လပေါ်တွင် လေ့လာနေခိုက် အာကာသယာဉ်မှူး အယ်လ်ဝပ်ဒင်သည် လပတ်လမ်းအတွင်း၌ လပတ်ယာဉ်ကို မောင်းနှင်ရင်း အဆင့်မြင့် နည်းပညာသုံး ကင်မရာများနှင့် အာရုံခံကိရိယာများဖြင့် လမျက်နှာပြင်ကို ထောက်လှမ်း လေ့လာခဲ့သည်။

၁၉၇၂ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် ပစ်လွှတ်ခဲ့သော အပိုလို-၁၆ ၏ ယာဉ်မှူးတို့ကလည်း လူနာရိုဗာယာဉ်ဖြင့် လပေါ်ရှိ ဒေးကတ်ဒေသတွင် ၂၅ ကီလိုမီတာကျော်မျှ ခရီးနှင်ကာ လေ့လာခဲ့ကြသည်။ အလားတူပင် ၁၉၇၂ ခုနှစ် ဒီဇင်ဘာလတွင် အာကာသယာဉ်မှူး ယူဂျင်းဆာနန်နှင့် ပထမဦးဆုံးသော ဘူမိဗေဒပညာရှင် အာကာသယာဉ်မှူး ဂျက်ရှမစ်တို့ကလည်း အပိုလို-၁၇ ခရီးစဉ်တွင် တူးရပ်စ်လစ်ထရိုး တောင်ကြားကို စူးစမ်းလေ့လာခဲ့ကြသည်။ အပိုလို-၁၇ ယာဉ်မှူးတို့သည် လူနာရိုဗာယာဉ်ဖြင့် လပေါ်တွင် ၃၃ ကီလိုမီတာကျော်မျှ ခရီးနှင်ကာ လေ့လာခဲ့ကြသည်။

လူနာရိုဗာသည် လကမ္ဘာလေ့လာရေး၌ ကြီးမားစွာ အထောက်အကူ ပြုခဲ့သည်။ အပိုလို-၁၁ ယာဉ်မှူးများသည် လူနာရိုဗာကို မသုံးနိုင်ခဲ့သေးသောကြောင့် လဆင်းယာဉ်မှ ပေ ၁၆၀ အကွာအထိသာ လမ်းလျှောက် လေ့လာနိုင်ခဲ့ကြသည်။ အပိုလို-၁၅ မှ အစပြု၍ လူနာရိုဗာကို အသုံးပြုခဲ့ကြရာ အပိုလိုယာဉ်မှူးအားလုံးတို့ လပေါ်၌ထွက်ခဲ့သည့် ခရီးတာအကွာအဝေး စုစုပေါင်းမှာ ၉၆ ကီလိုမီတာမျှ ရှိခဲ့သည်။ အကယ်၍ လူနာရိုဗာကို အသုံးမပြုနိုင်ခဲ့ပါက လ၏အကြောင်းကို ယခုလောက် ထဲထဲဝင်ဝင်သိနိုင်ခဲ့မည် မဟုတ်ပေ။

အပိုလို-၁၇ ပျံသန်းမှုသည် ၁၉၆၁ ခုနှစ် မေလက စတင်ခဲ့သည့် အပိုလိုစီမံကိန်း၏ နိဂုံးပင် ဖြစ်သည်။ အပိုလိုစီမံကိန်းဖြင့် လူလိုက်ပါသော ပျံသန်းမှု ၁၁ ကြိမ်ရှိခဲ့သည်။ ကမ္ဘာပတ်လမ်းအတွင်း ပျံသန်းမှုနှစ်ကြိမ် (အပိုလို-၇ နှင့် အပိုလို-၉)၊ လပတ်လမ်းအတွင်း ပျံသန်းမှုနှစ်ကြိမ် (အပိုလို-၈နှင့် အပိုလို-၁၀)၊ လပေါ်သို့ ဆင်းသက်မှုခြောက်ကြိမ် (အပိုလို-၁၁၊ အပိုလို-၁၂၊ အပိုလို-၁၄၊ အပိုလို-၁၅၊ အပိုလို-၁၆ နှင့် အပိုလို-၁၇)၊ လမ်းခုလပ်မှ ပြန်ခဲ့ရမှုတစ်ကြိမ် (အပိုလို-၁၃)တို့ ဖြစ်ကြသည်။ လဆင်းယာဉ်ပြင်ပတွင် ယာဉ်မှူးတို့အာကာသအတွင်း၌ နေခဲ့သည့်အချိန်နာရီ စုစုပေါင်းမှာ နာရီပေါင်း ၁၆၀ မျှပင်ရှိခဲ့သည်။

လမျက်နှာပြင်ပေါ်တွင် သိပ္ပံဆိုင်ရာ လေ့လာမှုပေါင်း ၆၀ နှင့် လပတ်လမ်းအတွင်း သိပ္ပံဆိုင်ရာ စူးစမ်းလေ့လာမှုပေါင်း ၃၀ ပြုလုပ်ခဲ့သည်။ သိပ္ပံစူးစမ်းမှုကိရိယာခြောက်စုံကို လပေါ်တွင်ချထားခဲ့ရာ ယင်းတို့အနက် ကိရိယာလေးစုံသည် တန်ဖိုးမဖြတ်နိုင်သော အချက်အလက်များကို ၁၉၇၇ ခုနှစ်ထိတိုင် ကမ္ဘာမြေ သို့ ပြန်လည် သတင်းပေးပို့နေခဲ့သည်။ အမေရိကန်အာကာသယာဉ်မှူးတို့ ကောက်ယူခဲ့သော လကျောက်တုံးများ၏ စုစုပေါင်း အလေးချိန်မှာ ၈၄၁ ပေါင်ရှိပြီး ၎င်းတို့ရိုက်ယူခဲ့ကြသော ဓာတ်ပုံအရေအတွက်မှာ ၃၀၀၀၀ ခန့် ဖြစ်သည်။ အိမ်ဦးနှင့် ကြမ်းပြင်ပမာ လနှင့်ကမ္ဘာအကြား ခေါက်တုံ့ခေါက်ပြန် ကူးသန်းသွားလာနိုင်ရေးအတွက် အမေရိကန်တို့က လုပ်ဆောင်ခဲ့ကြသော အပိုလိုစီမံကိန်းအတွက် နာဆာအဖွဲ့ကသုံးစွဲခဲ့သော ငွေကြေးပမာဏ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံ ခန့်ပင် ဖြစ်ပေတော့သည်။

# ပွင့်ဖြူမြို့နယ်၌ ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးစပါးများအထွက်နှုန်းလျော့




**ဇူလိုင်မိုး (မြန်မာ့အလင်း)**
**ဓာတ်ပုံ - မေမိုးသဲ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ရာသီဥတုဖောက်ပြန်မှုကြောင့် တောင်သူများ၏ ယခုနှစ် မိုးစပါးအထွက်နှုန်းမှာ ယခင်နှစ်ကထက် အထွက်နှုန်းလျော့ကျလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလနောက်ဆုံးပတ်နဲ့ နိုဝင်ဘာလပထမပတ်အတွင်းက မိုးရွာချလိုက်တော့ စပါးပင်အပွင့်တွေကို ရိုက်ချလိုက်သလိုဖြစ်ပြီး ကျန်နေတဲ့အပွင့်တွေလည်းအနှံ မအောင်တာတွေရှိတယ်။ အခုလို ရာသီဥတုဖောက်ပြန်တဲ့အတွက် စိုက်ပျိုးထားတဲ့ စပါးခင်းတော်တော်များများဟာလည်း အထွက်နှုန်းလျော့တာကို တွေ့ရတယ်။ ဒီဒေသ လယ်မြေတွေက စပါးပြီး စပါးစိုက်ပျိုးနေရတဲ့အတွက် မြေဆီလွှာကုန်ခန်းမှုတွေကြောင့် စပါးအထွက်နှုန်းတွေကျဆင်းလာတာရှိပါတယ်။ ဒီနှစ်မိုးစပါးမှာဆို သုံးဧကမှာ တင်း ၁၅၀ ပဲ ထွက်တယ်။ ပြီးခဲ့တဲ့နှစ်က သုံးဧကကို တင်း ၂၅၀ ထွက်တယ်။

ဟိုအရင်တုန်းက မိုးစပါးပဲစိုက်တာ။ မိုးစပါးပြီးရင် တချို့က နှမ်းတို့၊ ကုလားပဲတို့ စိုက်ကြတယ်။ သီး လှည့်စိုက်ပျိုးရတော့ မြေဆီလွှာကို ထိန်းသိမ်းပြီးသားဖြစ်သလို စိုက်ပျိုးတဲ့ သီးနှံအလိုက်လည်း အထွက်နှုန်းကောင်းလို့ ဒေသခံတောင်သူတွေလည်း ချောင်ချောင်လည်လည်ရှိပါတယ်။

ဒါကြောင့် နွေစပါးအစား သီးလှည့်သီးနှံတွေဖြစ်ကြတဲ့ နှမ်း၊ ပဲ၊ ပြောင်း စတဲ့ ရာသီပေါ်သီးနှံတွေ စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာလည်းမပျက်စီးသလို တောင်သူတွေမှာလည်း လက်ဖျားငွေသီးတော့ ဒီလို စိုက်ပျိုးနည်းကို တောင်သူအများစု ကြိုက်ကြပါတယ်။ မိုးစပါးက တန်ဆောင်မုန်းနဲ့ နတ်တော်လမှာ ရိတ်သိမ်းရတယ်။ တချို့ကုန်းကျတဲ့ လယ်ကွက်တွေကတော့ မိုးစပါးရိတ်သိမ်းပြီး နွေစပါးစိုက်ပျိုးဖို့ ရေမလာခင် နှမ်းတို့ကုလားပဲတို့ စိုက်ကြတယ်။ နွေစပါးအတွက်ရေကို တပို့တွဲ၊ တပေါင်းလမှာ ရေလွှတ်ပေးတယ်။ အရင်းအနှီးနည်းတဲ့ တောင်သူတွေက ချေးငွေယူပြီးစိုက်ပျိုးကြတယ်။ ရာသီဥတု မမှန်လို့ သီးနှံပေါ်တဲ့အခါ အထွက်နှုန်းကလည်းကျတဲ့အတွက် ချက်ချင်း ရောင်းချတော့ အရှုံးပေါ်တယ်။ သီးနှံပေါ်လို့ အကြွေးပြန်ဆပ်၊ နောက်သီးနှံပြန်စိုက်ဖို့ ပြန်ချေး။ အဲဒါနဲ့ ယူလိုက်၊ ပြန်ဆပ်လိုက်နဲ့ အကြွေးသံသရာလည်နေတယ်" ဟု ဒေသခံတောင်သူတစ်ဦးက ပြောပြသည်။

ရှေးအခါက ရာသီဥတုမှန်၍ စိုက်ပျိုးသီးနှံများ အထွက်နှုန်းကောင်းသဖြင့် တောင်သူများ မိုးစပါးကို အားထားစိုက်လေ့ရှိကြသည်။ ယခုအခါ စားသုံးမှုနှင့် စိုက်ပျိုးမှုအချိုးညီအောင် စပါးပြီးစပါး စိုက်ပျိုးလာကြခဲ့သည်။ ရာသီဥတုကလည်း ဖောက်ပြန်လာ၍ တောင်သူများ သီးနှံစိုက်ပျိုးမှု မှန်းချက်နှင့် နှမ်းထွက် မမျှသဖြင့် တွက်ခြေမကိုက်ဖြစ်နေရသည်။ ပွင့်ဖြူမြို့နယ်အတွင်း လယ်မြေများ၌ နွေ၊ မိုးနှစ်ရာသီလုံး စပါးပြီး စပါးစိုက်ပျိုးရသည့်အတွက် မြေဆီလွှာ ခန်းခြောက်၍ သွင်းအားစုများ ပြန်လည်ဖြည့်ဆည်းပေးရနေရသဖြင့် တောင်သူများ အကုန်အကျများလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ နွေစပါးစိုက်ပျိုးနေရသည့် တောင်သူအများစုက နွေသီးနှံကို ရာသီပေါ်သီးလှည့် ပြောင်းစိုက်ပျိုးခြင်းဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပြည်ပဈေးကွက်ပါရနေသဖြင့် အဆိုပါ ဒုက္ခများမှ ရှောင်ကြဉ်းနိုင်မည်ဖြစ်၍ ဒေသခံတောင်သူများက နွေသီးနှံကို စပါးအစားသီးလှည့်သီးနှံအဖြစ် ပဲ၊ နှမ်း၊ ပြောင်းစသည့် ရာသီပေါ်သီးနှံများကို စိုက်ပျိုးသွားရန် တောင်သူ အများစုက ဆန္ဒရှိနေကြကြောင်း သိရသည်။

# YBS 37 ယာဉ်လိုင်းပြောင်းလဲသတ်မှတ်သောဂိတ်များ စံပြမှတ်တိုင်အစား ယခင်ဂိတ်မှတ်တိုင်ဟောင်းအထိ ပြေးဆွဲမှုရှိနေဆဲ




**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မြို့ပြင်မှလာသော ယာဉ်လိုင်း လေးလိုင်း၏ဂိတ်များ မှတ်တိုင်အဖြစ် ခုံးကျော်လူကူးတံတားအောက် မဟာဗန္ဓုလလမ်းပေါ်ရှိ လမ်းသစ် (မော်တင်)မှတ်တိုင်ကို သတ်မှတ်ခဲ့သည်။ သို့သော် BRT Lite ယာဉ်လိုင်းမှ ကားအဝါရောင်ကြီးများ ယင်းခုံးကျော်တံတားအောက် ကွေ့ရာတွင် အခက်အခဲရှိခြင်း၊ မဟာဗန္ဓုလလမ်း မော်တင်မှတ်တိုင်တွင် ခရီးသည် ရပ်စောင့်တင်သော ယာဉ်တန်းများရှိခြင်းတို့ကြောင့် ဖေဖော်ဝါရီ ၄ ရက် နံနက် ၈ နာရီခွဲဝန်းကျင်တွင် YBS ယာဉ်ကြီး-ယာဉ်ငယ်နှစ်စီးထိခိုက်မှု ဖြစ်ပွားခဲ့သည်။

ဖေဖော်ဝါရီ ၇ ရက်မှစ၍ ထောက်ကြန့်-မော်တင်ကားခ ၂၀၀ ကျပ်ဖြင့် ပြေးဆွဲနေသော အဆိုပါယာဉ်များ ဂိတ်အဖြစ် စံပြမှတ်တိုင်အား ပြောင်းလဲသတ်မှတ်ပြေးဆွဲနေသည်ကို မြင်တွေ့ရသည်။

အဆိုပါ ယာဉ်လိုင်းတစ်လိုင်းတည်းတွင် BRT Lite ယာဉ်လိုင်းတွင် ပြေးဆွဲခဲ့သော ယာဉ်အဝါရောင်များသာမက မြို့တော်စည်ပင် နယ်နိမိတ်ပြင်ပမြို့များသို့ ပြေးဆွဲခဲ့သော အမည်တပ်ယာဉ်လိုင်းမှ ယာဉ်ကြီးများပါ ပါဝင်ပြေးဆွဲမှုရှိသည်။ YBS 37 ယာဉ်လိုင်းဂိတ်များအဖြစ် မော်တင်မှတ်တိုင်အစား စံပြမှတ်တိုင် ပြောင်းလဲသတ်မှတ်သော်လည်း BRT Lite ယာဉ်လိုင်းပြေးဆွဲသော ကားကြီးများသာ လိုက်နာမှုရှိသည်။ မြို့ပြင်သို့ ပြေးဆွဲသောယာဉ်ကြီးမှာမူ ယခင်အတိုင်း ဂိတ်များအဖြစ် မော်တင်(လမ်းသစ်)မှတ်တိုင်ကို အသုံးပြုနေဆဲဖြစ်သည်ကို တွေ့ရသည်။ အချို့ယာဉ်များဆို လှည်းတန်းအထိ ခရီးသည်ချသည်။ အချို့ယာဉ်များဆို လျှင် ထောက်ကြန့် အပြင်မော်ဘီအထိပါ ခရီးသည်ခေါ်တင်နေကြောင်း ခရီးသည်တစ်ဦးက ပြောပြသည်။

အသစ်ပြောင်းလဲပြေးဆွဲနေသော YBS ယာဉ်လိုင်းများတွင် သက်ဆိုင်ရာမှထုတ်ပြန်သော လိုက်နာရမည့် ည ၁၀ နာရီထိ ပြေးဆွဲရမည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမောင်းနှင်ရမည့် အပြင် ညွှန်ကြားချက်များရှိသော်လည်း လိုက်နာမှုအားနည်းနေဆဲဖြစ်ရာ ယခင်စနစ်ဟောင်း သယ်ယူပို့ဆောင်ရေးစနစ်ကဲ့သို့ ယာဉ်လမ်းကြောင်းများပေါ်တွင် ယာဉ်တိုက်မှုခရီးသည်များ အန္တရာယ်ရှိစွာ သွားလာနေရမှု၊ ယာဉ်လမ်းကြောင်းပေါ် မောင်းနှင်နေသော အခြားယာဉ်များမှ လုပ်သားများနှင့်ခိုက်ရန်ဒေါသဖြစ်ပွားမှုများ ပြန်လည်စတင် မြင်တွေ့နေရသည်။ သို့ဖြစ်ရာ YBS စနစ်စတင်သည့် အချိန်ကာလကတည်းက စည်းကမ်းလိုက်နာမှုအဓိကဖြစ်ရေးကို ပြည်သူများ၏အကူအညီဖြင့် လုပ်ဆောင်ပေးသင့်နေပြီဟု ခရီးသည်များက အကြံပြုပြောကြားလာကြသည်။

**ခင်ဆိုင်**

# ဖားကန့်၌ တိုင်းရင်းသားရိုးရာ အစားအစာများ ရောင်းချပွဲ ကျင်းပ

ဖားကန့် ဖေဖော်ဝါရီ ၁၅- တိုင်းရင်းသားရိုးရာအစားအစာများ ရောင်းချပွဲကို ဖေဖော်ဝါရီလ ဒုတိယပတ်က ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် ကျောက်တိုင်ကွင်း၌ ကျင်းပရာ ရှေ့တန်းအမှတ်(၇) စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်သန်းဦး၊ ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်နှင့်တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ အဆိုပါ ရောင်းချပွဲတွင် ဗမာ့ရိုးရာ အစားအစာ၊ ကချင်ရိုးရာအစားအစာ၊ ရှမ်းရိုးရာ၊ ရခိုင်ရိုးရာနှင့် ချင်းရိုးရာအစားအစာများ ရောင်းချခဲ့ကြပြီး ညပိုင်းတွင် တိုင်းရင်းသားပေါင်းစုံမှ ရိုးရာအကများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရ သည်။

**နိုင်မိုး(လုံးခင်း)**

# ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ်ပွဲများ ပြုလုပ်

**လားရှိုး**

လားရှိုးမြို့ လွတ်လပ်ရေးပန်းခြံ၌ ကျင်းပသော မြန်မာ့လွတ်လပ်ရေးဗိသုကာအမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းကြေးသွန်း ရုပ်ထုဖွင့်ပွဲအား ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပရာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များမှ တိုင်းရင်းသားအကများဖြင့် ဖျော်ဖြေခဲ့ရာ တာဝန်ရှိသူများမှ တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များကို ဆုငွေများပေးအပ်ခြင်းနှင့် မီးပုံးပျံလွှတ်တင်ခြင်းများ ဆောင်ရွက်ခဲ့ရာ တိုင်းရင်းသားလူမျိုးပေါင်းစုံမှ လာရောက်ကြည့်ရှုအားပေး၍ လွတ်လပ်ရေးပန်းခြံအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ ဇော်လွင်(လားရှိုး)

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ ဖေဖော်ဝါရီ ၁၃ ရက် နံနက်က ဗိုလ်ချုပ်ကြေးရုပ်ဖွင့်ပွဲကို စလင်းမြို့ပြည်သူ့ပန်းခြံ၌ကျင်းပရာ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတာ အမှာစကားပြောကြားပြီး ဒေသခံပြည်သူများဖြင့် စည်ကားစွာကျင်းပခဲ့သည်။ ထို့နောက် တက်ရောက်လာသော ဧည့်သည်များကို အလှူရှင်များက စတုဒိသာနှင့်နိဗ္ဗာန် ဈေးခင်းပြီး ဧည့်ခံကျွေးခဲ့ကြကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

**တောင်ငူ**

ဖေဖော်ဝါရီ ၁၃ ရက်တွင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး တောင်ငူမြို့(၁၇)ရပ်ကွက်၊ ကန်လမ်းဗိုလ်ချုပ်ရင်ပြင်၌ မြို့ခံလူငယ်များစုပေါင်းပါဝင်၍ ပဲပြုတ်နှင့်နံပြား အချပ် ၃၀၀၀ ကျွေးခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။ ထို့နောက် ဗိုလ်ချုပ်မွေးနေ့အထိမ်းအမှတ်အနေဖြင့် တောင်ငူမြို့(၈)ရပ်ကွက် ရန်ကုန်-မန္တလေးလမ်းဟောင်းဘေးတွင် ရပ်ကွက် ၈၊ ၉၊ ၁၀ ရပ်ကွက်များပူးပေါင်း၍ မြန်မာ့ရိုးရာ ပိုက်ကျော်ခြင်းပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

# စားပွဲတင်တင်းနစ်ပြိုင်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၅**

အားကစားနှင့် ကာယပညာဦးစီးဌာန အားကာသိပ္ပံ၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် မန္တလေးတိုင်းဒေသကြီး စားပွဲတင်တင်းနစ် ဆပ်ကော်မတီက (၉)ကြိမ်မြောက် စားပွဲတင် HORIZON Open တင်းနစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က မန္တလေးမြို့ ၅၈ လမ်းရှိ HORIZON Mandalay Main Campus ကျောင်းရှိ အားကစားခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါ ပြိုင်ပွဲသို့ တက္ကသိုလ်များ၊ အခြေခံပညာနှင့် ကိုယ်ပိုင်ပညာရေးကျောင်းများ၊ အားကစားနှင့်ပညာရေး ပေါင်းစပ်လေ့ကျင့်ရေးသင်တန်းကျောင်း၊ ကလပ်အသင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားသမားများ စုစုပေါင်း ၂၂၆ ဦးတို့က ပြိုင်ပွဲအမျိုးအစား ၁၀ မျိုးတို့တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူများကို Horizon [Nt'] School Mandalay ကျောင်းအုပ်ဆရာကြီး Mr. YUSUF BiYik နှင့် တိုင်းဒေသကြီး စားပွဲတင်တင်းနစ် ဆပ်ကော်မတီမှ တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဆုငွေများ ချီးမြှင့်ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ပြည်သူဗဟိုပြု ရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်းဖွင့်

**မင်္ဂလာတောင်ညွန့် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့အစီအစဉ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့ အောင်ဇေယျခန်းမ၌ ဖွင့်လှစ်သည့် ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်းအမှတ်စဉ်(၃/၂၀၁၇)သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်စိုးက အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



**အောင်လံမြို့နယ်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားပိုင် လယ်ယာမြေအဆင့်မြှင့်တင် ပြုပြင်ရေးလုပ်ငန်း ချေးငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လယ်ယာမြေအဆင့်မြှင့်တင်ပြုပြင်မည့် အသင်းသားများအား လယ်မြေဧက ၈၉ ဧကအတွက် ချေးငွေကျပ် ၂၆၇ သိန်းအား ပေးအပ်စဉ်**
ကျော်သက်အောင် (အောင်လံ)

# မြို့နယ်သတင်းများ



**မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် မဒေးရေလှောင်တမံ၏ ဆည်ရေသောက် ဧရိယာအတွင်း နွေစပါးစိုက်ကေ ၂၀၂၅ ကေတို့တွင် စတင်ထွန်ယက် စိုက်ပျိုးလျက်ရှိသည်ကို ဖေဖော်ဝါရီ ၁၄ ရက်က တွေ့ရစဉ်**
ကျော်ဇေယျဝင်း(ကံမ)

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M-9 တွင် 3D Seismic Survey လုပ်ငန်းများကို M/V RAMFORM SOVEREIGN ရေယာဉ်ဖြင့် Survey ဧရိယာဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၂၃ ဒသမ ၈၇၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၂၀ ဒသမ ၂၁၂ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၄၁ ဒသမ ၂၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၂၁ ဒသမ ၇၁၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၄၂ ဒသမ ၇၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၅ မိနစ် ၂၃ ဒသမ ၅၃၇ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၃၀၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၅ မိနစ် ၄၃ ဒသမ ၄၉၂ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၉ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်နှင့် Point F မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၁၇ ဒသမ ၂၂၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၉ မိနစ် ၀၀ ဒသမ ၀၆၃ စက္ကန့်အတွင်းတွင် ၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ M-9 တွင် 3D Seismic Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် M/V RAMFORM SOVEREIGN ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

## နောင်မွန်မြို့နယ်၌ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုများ အခမဲ့ဆောင်ရွက်ပေး

**နောင်မွန် ဖေဖော်ဝါရီ ၁၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကို ၂၀၁၇ ခုနှစ် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်အရ မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာတွင် မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား သန်ချဆေးနှင့် ဗီတာမင်အေအားဆေးများ တိုက်ကျွေးခြင်းများ ဆောင်ရွက်ပြီး သန်ကောင်အကြောင်း သိကောင်းစရာများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် လက်ဆေးခြင်းအကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောခြင်းများလည်း ဆောင်ရွက်ကြောင်း၊ ထို့အပြင် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ နို့စို့ကလေးများအား ပေါင်ချိန်ပေးခြင်း၊ ဗီတာမင်အားဆေးများ တိုက်ကျွေးခြင်းနှင့် နို့တိုက်မိခင်များအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရေရှားပါးသည့်ကျေးရွာတွင် အနက်ပေ ၉၀၀ စက်ရေတွင်း တူးဖော်လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းမှ ရေရှားပါးသော ကျေးရွာတစ်ရွာဖြစ်သည့် ကုန်းရိုးတဲတိုက်ကျေးရွာ၌ ဒေသခံပြည်သူများ သောက်သုံးရေအဆင်ပြေစေရန် မိမိပုံမင်္ဂလာစက်ရေတွင်းကို မိမိပုံချည်ထည်လုပ်ငန်းနှင့် Rising Myanmar Foundation မှ တူးဖော်လှူဒါန်းခဲ့ရာ စက်ရေတွင်းဖွင့်ပွဲကို ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပခဲ့သည်။

ကုန်းရိုးတဲတိုက်ကျေးရွာသည် နေပြည်တော်-မကွေးကားလမ်းမပေါ်ရှိ ရေပြည့်ရွာလမ်းဆုံမှ မြောက်ဘက် သုံးမိုင်ခွဲခန့်အကွာတွင် တည်ရှိပြီး အိမ်ခြေ ၇၀၊ လူဦးရေ ၃၀၀ ကျော် နေထိုင်ကာ အစဉ်အဆက် ရေရှားပါးခဲ့သော ကျေးရွာဖြစ်ကြောင်း၊ ရေလိုအပ်ပါက သုံးမိုင်ခန့်အကွာတွင် သွားရောက်ခပ်ယူရပြီး ထမင်းချက်ပြုတ်ရန်နှင့် နွားရေတိုက်ရန်အတွက်ပင် ရေကိုချွေတာသုံးစွဲရကြောင်း၊ ယခင်က ရေကောင်းရေသန့် သုံးစွဲရခြင်းမရှိခဲ့သဖြင့် ကလေးငယ်များ မူးဝေအော့အန်ခြင်း၊ ဝမ်းကိုက်ရောဂါဖြစ်ခြင်းတို့ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

မိမိပုံချည်ထည်လုပ်ငန်းနှင့် Rising Myanmar Foundation မှ အလှူရှင်ဖြစ်သူ ဒေါ်အေးအေးစံက "ကျွန်မတို့ စာရင်းရထားတဲ့ရွာတွေကို လိုက်ကြည့်ပါတယ်။ တကယ်ရှားပါးတာ ဟုတ်သလား။ အဝီစိရေ ရှိသလား၊ မရှိရင်လည်း ရေကန်တွေရှိသလား၊ အနီးစပ်ဆုံး ခပ်ယူသုံးစွဲလို့ရတဲ့ ရေတွင်းတွေရှိသလားဆိုပြီး ရွာလေးတွေကို လိုက်လံကြည့်ရှုခဲ့ပါတယ်။ အဲလိုကြည့်ပြီး တကယ်အရှားပါးဆုံးဖြစ်တဲ့ အခုရွာလေးကို ရွေးချယ်ခဲ့တာပါ"ဟု စက်ရေတွင်းလှူဒါန်းခဲ့ပုံကို ရှင်းပြသည်။

အဆိုပါစက်ရေတွင်းကို အနက်ပေ ၉၀၀ အထိ တူးဖော်ခဲ့ရပြီး ယခုအခါ ရေရရှိနေပြီဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် စက်ရေတွင်းအနီးသို့ အိမ်ပြောင်းရွှေ့ဆောက်လုပ်ကြရန် စီစဉ်နေသည်များပင်ရှိကာ ဘုန်းတော်ကြီးကျောင်း တည်ဆောက်ရန် မြေနေရာနှင့် စာသင်ကျောင်းဆောက်လုပ်ရန် မြေနေရာများကိုလည်း စက်ရေတွင်းအနီးတွင် ဝယ်ယူသတ်မှတ်ထားကြောင်း သိရသည်။

မြို့သစ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်းက "ကျွန်တော်တို့မြို့နယ်က အညာဒေသဖြစ်တဲ့အလျောက် ရေရှားပါးပါတယ်။ ဒီဒေသတွေဟာဆိုရင် ရွှေကိုမလို ရေကိုသာလိုတယ်ဆိုတဲ့ ဆောင်ပုဒ်လည်း ရှိခဲ့ပါတယ်။ ဒီလိုရှားပါးတဲ့ဒေသတွေမှာ ကျွန်တော်တို့အစိုးရအဖွဲ့က ဆောင်ရွက်နေတာလည်း ရှိပါတယ်။ ဒီလိုဆောင်ရွက်နေသော်လည်း ဘက်ပေါင်းစုံက ပြည့်စုံအောင် မဆောင်ရွက်နိုင်သေးတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ ဒီလိုအနေအထားမျိုးမှာ အလှူရှင်တွေအနေနဲ့ ကျွန်တော်တို့မြို့နယ်အတွင်းမှာ လာရောက်လှူဒါန်းပေးတဲ့အတွက် မြို့နယ်နဲ့ ကျေးရွာကိုယ်စား ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

မကွေးတိုင်းဒေသကြီးအစိုးရအနေဖြင့် တိုင်းဒေသကြီးအတွင်းမှ ရေရှားပါးသော ကျေးရွာများတွင် ရေရရှိရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ မြို့သစ် မြို့နယ်အတွင်းမှ ကျေးရွာများတွင်လည်း ရေတွင်းခုနစ်တွင်းတူးဖော်ရန် ဆောင်ရွက်နေပြီး အိမ်တိုင်ရာရောက် ရေသွယ်စနစ်များကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

**မြင်းမူမြို့၌ ဗိုလ်ချုပ်အောင်ဆန်း၏ အသက် (၁၀၂)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်ပန်းခြံတည်ဆောက်ရန်အတွက် ပန်းခြံတည်ဆောက်မည့် အောင်ဇေယျရပ်ကွက်ရှိ မြေနေရာတွင် အမှိုက်ကောက်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၃ ရက်က ပြည်သူများ စုပေါင်းဆောင်ရွက်နေစဉ်** (အဆိုပါ နေရာတွင် ဗိုလ်ချုပ်အောင်ဆန်း ပန်းခြံနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု၊ လွတ်လပ်ရေးကျောက်တိုင်၊ ပြည်သူ့ရင်ပြင်၊ ကလေးအားကစားကွင်း၊ ကားပါကင်နှင့် စျေးဆိုင်ခန်းများ တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။) (၀၇၇)



## သတင်းတိုများ

### သဘာဝဘေးလျော့ပါးရေး ပညာပေးဟောပြော

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ရွှေထွန်းဖြူကျေးရွာ၌ သဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက ထိခိုက်ပျက်စီးမှု လျော့ပါးစေရေးအတွက် အသိပညာပေးဟောပြောပွဲကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ကြီးမှူး၍ ဖေဖော်ဝါရီ ၁၃ ရက်က ပြုလုပ်သည်။ ဟောပြောပွဲတွင် မြို့နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ကြီးက မြောက်ဦးမြို့နယ်သည် နှစ်စဉ်သဘာဝဘေးအန္တရာယ် ကြုံတွေ့ရသောမြို့နယ်ဖြစ်ရာ ဒေသခံများအနေဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို လေ့လာခြင်းဖြင့် သဘာဝဘေးကြုံတွေ့ပါက အရေးပေါ်တုံ့ပြန်နိုင်ပြီး ထိခိုက်ဆုံးရှုံးနိုင်ခြေများ လျော့ပါးသက်သာစေမည်ဖြစ်ကြောင်း၊ သဘာဝဘေးမဖြစ်မီ၊ ဖြစ်နေစဉ်နှင့် ဖြစ်ပြီးချိန်များတွင် လုပ်ဆောင်ရမည့်အစီစဉ်များ၊ သဘာဝဘေးကြောင့် ဆုံးရှုံးနိုင်ခြေလျှော့ချရေးတွင် ပြည်သူများ စိတ်ပါဝင်စားမှုနှင့် ပူးပေါင်းပါဝင်မှု ပိုမိုအားကောင်းလာစေရန်၊ သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးစနစ်များအကြောင်း စသည်တို့ကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### ကျေးရွာနေပြည်သူများစုပေါင်းထည့်ငွေဖြင့်ကွန်ကရစ်တံတားဆောက်လုပ်

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နတ်မဟုတ်ကလေးကျေးရွာရှိ ရေထွက်မြောင်းဖြတ် ကွန်ကရစ်တံတားကို အဆိုပါကျေးရွာနေ ကိုအောင်ဆန်းဦး မိသားစု၏ မတည်လှူဒါန်းမှုဖြင့် ဖေဖော်ဝါရီ ၁၁ ရက်က စတင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။ အလှူရှင်မိသားစုက ဘိလပ်မြေအိတ် ၂၀ နှင့် ပန်းရန်လက်ခများ မတည်မှုတွင် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေနှင့် လုပ်အားများပူးပေါင်း၍ တည်ဆောက်ခြင်းဖြစ်ကာ တံတားသည် အရှည် ရှစ်ပေ၊ အကျယ် ၁၆ ပေရှိကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

### ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီနှင့် ဝေါလ်ဗီးရှင်း(မြန်မာ) ဒီးမော့ဆိုအေဒီပီတို့ ပူးပေါင်း၍ ကလေးသူငယ်အခွင့်အရေးများနှင့် အကာအကွယ်ပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက်က ဒီးမော့ဆိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရန်မျိုးကျော်က အမှာစကားပြောကြားပြီး ဝေါလ်ဗီးရှင်း (မြန်မာ) ဒီးမော့ဆိုအေဒီပီ မန်နေဂျာ ဒေါ်နော်ကပေါ်မူးဖော်က ကလေးသူငယ်ဥပဒေတွင်ပါရှိသော အကာအကွယ်ပေးရေးဆိုင်ရာ ကလေးသူငယ်အခွင့်အရေး ပြဋ္ဌာန်းချက်များ၊ ကလေးသူငယ် အကာအကွယ်ပေးရေးအတွက် တည်ရှိဆဲပြဿနာရပ်များနှင့် ကလေးသူငယ်များကို အကာအကွယ်ပေးရန် မည်သို့စီမံပြင်ဆင်ဆောင်ရွက်သွားမည် စသည့် အကြောင်းအရာများကို အသေးစိတ် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီရရှိရေးစီမံချက် အသိပေးဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့တွင် အဓိကလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိရေးစီမံချက်အကြောင်း အသိပညာပေး ဆွေးနွေးပွဲကို အင်းတော်မြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၃ ရက်က ပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် အင်းတော်မြို့နယ်ဆရာဝန် ဒေါက်တာကျော်ကျော်လင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်သည့် အဓိကလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိရေးစီမံချက်နှင့် ပတ်သက်သည်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

### တွီးပါးချောင်း ကားကူးသစ်သားတံတား ဆောက်လုပ်ပြီးစီး

ချင်းပြည်နယ် တွန်းဇံမြို့နယ်အတွင်း မြလင်း-ရှာလ်ထော်ဇန် လမ်းပေါ်ရှိ တွီးပါးချောင်းကူး ကားကူးသစ်သားတံတားကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၃၀ ဖြင့် ဆောက်လုပ်ခဲ့ရာ ဖေဖော်ဝါရီ ၂ ရက်က ပြီးစီးခဲ့ပြီးနောက် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပခဲ့သည်။ တံတားကို ချင်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထောင်းခိုမန်၊ တွန်းဇံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးနန်းဒိဆူမ်းမန်နှင့် ရှာလ်ထော်ဇန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးပါခုပ်တို့က ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါ ကားကူးသစ်သားတံတားသည် အရှည် ပေ ၅၀၊ အကျယ် ၁၄ ပေရှိကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

### ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် လျှော်ချောင်းကွင်းစုကျေးရွာ၌ အနာဂတ်သစ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သီတာအောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနေဝင်းစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲကို ဆက်လက်ကျင်းပပြီး မြို့နယ်အတွင်းမှ စာရေးဆရာများဖြစ်သော ဦးမြင့်ငွေ(မြင့်ငွေ-မော်ကျွန်း)နှင့် ဦးလှိုင်ဝင်း(ရွှေတြိဂံ-လှိုင်ဝင်း) တို့ကဟောပြောကာ စာကြည့်တိုက်အတွက် သုတ/ရသ စာအုပ်မျိုးစုံ အုပ် ၁၀၀ ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက ကျေးရွာစာကြည့်တိုက် ကော်မတီထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။ စာကြည့်တိုက်ကို ဒေသခံပြည်သူများ၏ စုပေါင်းလှူဒါန်းငွေ ကျပ် ၂၉ သိန်းအကုန်အကျခံ၍ တည်ဆောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အပြာရောင်ခြင်္သေ့တွေအောင်ပွဲခံဦးမယ့် အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်

ဒီတစ်ပတ်စနေ၊ တနင်္ဂနွေဖြစ်တဲ့ ဖေဖော်ဝါရီ ၁၈ ရက်နဲ့ ၁၉ ရက်တွေမှာ အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်တွေကို ကစားဖို့ရှိနေပါတယ်။ ယူရိုပါလိဂ်၊ ချန်ပီယံလိဂ်ပွဲစဉ်တွေကြောင့် အသင်းကြီးတွေ ပွဲပန်းမှုဖြစ်နေပေမယ့် သမိုင်းအစဉ်အလာကြီးမားတဲ့ အက်ဖ်အေဖလားကို ပစ်မှတ်ထားနေတာမို့ ခြေကုန်ထုတ်ရဦးမယ့် ပွဲစဉ်တွေဖြစ်နေပြန်ပါတယ်။

### ဝုဖ်နှင့် ချယ်လ်ဆီး

ဝုဖ်အသင်းဟာ ချန်ပီယံရှစ်မှာတော့ ရုန်းကန်နေရတဲ့အသင်းဖြစ်ပြီး တန်းစီဇယား မှာလည်း အဆင့် (၁၈)မှာရှိနေပါတယ်။ တိုက်စစ်ရော၊ ခံစစ်ပိုင်းမှာပါ အားရမှုမရှိတဲ့ ဝုဖ်ဟာ အခုအက်ဖ်အေဖလားပြိုင်ပွဲမှာတော့ လီဗာပူးနဲ့ စတုတ်အသင်းတွေကို အနိုင်ရအောင် ကစားခဲ့တာမို့ လျှော့တွက်လို့မရတဲ့အနေအထားရှိပါတယ်။ ချယ်လ်ဆီးကတော့ အက်ဖ်အေဖလားကို ရယူဖို့ အဓိကထားကစားမှာမို့ အဝေးကွင်းဆိုပေမယ့် အနိုင်ရလဒ်ကိုပဲ ရယူပါလိမ့်မယ်။ ဝုဖ်နဲ့ ချယ်လ်ဆီးတို့ နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့ရာမှာ ချယ်လ်ဆီးတို့က လေးပွဲနိုင်ပြီး ဝုဖ်က တစ်ပွဲနိုင်ထားပါတယ်။ ဒီပွဲမှာလည်း ချယ်လ်ဆီး ရဲ့နိုင်ပွဲလို့ သတ်မှတ်ရဦးမှာပါ။

### ဟက်ဒါဖီးလ်နှင့် မန်စီးတီး

အိမ်ကွင်းမှာ မထင်မှတ်တဲ့ရလဒ်ကို ပုံဖော်နိုင်စွမ်းရှိတဲ့ ဟက်ဒါဖီးလ်ကို မန်စီးတီးတို့ ပေါ့ဆဆကစားရင် မှားပါလိမ့်မယ်။ ချန်ပီယံရှစ်မှာ ခြေစွမ်းကောင်းတွေပြသနေတဲ့ ဟက်ဒါဖီးလ်တို့က နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် အမှတ်ဆုံးရှုံးမှုနည်းအောင် အားထုတ်နိုင်တာတွေ့ရပါတယ်။ မန်စီးတီးတို့ကတော့ အရန်လူတွေနဲ့ ပွဲထွက်လာဖို့ရှိပေမယ့် အက်ဖ်အေဖလားကို မျှော်မှန်းနေတာကြောင့် အလေးထားပြီး ကစားပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲ တွေ့ဆုံခဲ့မှု မှတ်တမ်းကိုကြည့်ရင် သရေနှစ်ပွဲဖြစ်ခဲ့ပြီး မန်စီးတီးက တစ်ပွဲနိုင်ကာ ဟက်ဒါဖီးလ်က နှစ်ပွဲနိုင်ထားပါတယ်။ အခုလက်ရှိခြေစွမ်းအရ မန်စီးတီးတို့ နိုင်ပွဲရသွားနိုင်ပါတယ်။

### ဘန်လေနှင့် လင်ကွန်း

အင်္ဂလန် တတိယတန်းမှာတော့ လင်ကွန်းတို့က တန်းစီဇယား ထိပ်ဆုံးမှာ ရပ်တည်ဦးဆောင်နေပါတယ်။ လောလောဆယ်မှာတော့ လင်ကွန်းတို့က နိုင်ပွဲတွေဆက်တိုက်ရရှိအောင် စွမ်းဆောင်နိုင်နေပြီး တိုက်စစ်၊ ခံစစ်လည်း အမှားအယွင်းနည်းနေပါတယ်။ အခွင့်အရေးရရင် ဂိုးရအောင် သွင်းယူနိုင်တဲ့ လင်ကွန်းတိုက်စစ်မှူးတွေရဲ့စွမ်းရည်ကို ဘန်လေတို့ သတိထားရပါလိမ့်မယ်။ ဒါပေမယ့် ပရီမီယာလိဂ်ကလပ် ဘန်လေတို့က အိမ်ကွင်းစွမ်းဆောင်မှုကောင်းပြီး ပြိုင်ဘက်အသင်းကြီးတွေကိုတောင် အခက်တွေ့အောင် ကစားနိုင်တာမို့ ဒီပွဲဟာ ဂိုးမပြတ်နိုင်ပေမယ့် ဘန်လေတို့ ကပ်ပြီးနိုင်သွားပါလိမ့်မယ်။

### မစ်ဒယ်ဘရောနှင့် အောက်စ်ဖို့ဒ်

အင်္ဂလန် ပထမတန်းမှာ တန်းစီဇယား တတိယနေရာမှာရှိနေတဲ့ အောက်စ်ဖို့ဒ်တို့က ခြေစွမ်းကောင်းမွန်နေပြီး နိုင်ပွဲတွေ လေးပွဲဆက်တိုက်ရရှိနေပါတယ်။ ဒါ့အပြင် အခု အက်ဖ်အေဖလားပြိုင်ပွဲမှာ နယူးကာဆယ်လ်အသင်းကို သုံးဂိုးပြတ်သွင်းယူပြီး နိုင်ပွဲရခဲ့တာမို့ မစ်ဒယ်ဘရောတို့ အလေးထားကစားမှ ရပါလိမ့်မယ်။ မစ်ဒယ်ဘရောရဲ့အားသာချက်က ဒီနှစ်အက်ဖ်အေဖလား ပွဲစဉ်တွေမှာ အိမ်ကွင်းရှုံးပွဲမရှိသေးသလို အိမ်ကွင်းပေးဂိုးလည်းမရှိသေးပါဘူး။ ပရီမီယာလိဂ်မှာ ခြေစွမ်းကောင်း မပြသနိုင်ပေမယ့် အက်ဖ်အေဖလားပွဲစဉ်တွေမှာ အိမ်ကွင်းအားထည့်ကစားတတ်တဲ့ မစ်ဒယ်ဘရောတို့ပဲ ဒီပွဲရဲ့အောင်ပွဲအရသာကို ခံစားရလိမ့်လို့ ယုံကြည်ပါတယ်။ မစ်ဒယ်ဘရောနဲ့ အောက်စ်ဖို့ဒ်အသင်းတို့ရဲ့ နောက်ဆုံးငါးပွဲမှာ သရေတစ်ပွဲသာဖြစ်ခဲ့ပြီး ကျန်လေးပွဲကို မစ်ဒယ်ဘရောတို့ နိုင်ခဲ့တာမို့ အခုပွဲမှာလည်း မစ်ဒယ်ဘရောတို့ နိုင်ပွဲပဲ ဖြစ်သွားပါလိမ့်မယ်။



### မီဝေါလ်နှင့် လက်စတာ

ပထမတန်းပြိုင်ပွဲမှာ ခြေစွမ်းကောင်းတွေ ရရှိနေပြီး ပြိုင်ပွဲစုံ ၁၀ ပွဲ ဆက်တိုက်ရှုံးပွဲမရှိတဲ့ မီဝေါလ်ဟာ ဒီပွဲက အိမ်ကွင်းဖြစ်တာကြောင့် ခြေစွမ်းကျဆင်းနေတဲ့ လက်စတာတို့ ပွဲကျပ်ပါပဲ။ ဒီနှစ် အက်ဖ်အေဖလားပွဲမှာ ခရီးဆက်နိုင်ရေး ဒါဘီနဲ့ ပြန်ကန်ပွဲကစားခဲ့ရတဲ့ လက်စတာရဲ့ ခြေစွမ်းက အားရစရာမကောင်းပါဘူး။ ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့မှုမှတ်တမ်းကိုကြည့်ရင် လက်စတာတို့ နှစ်ပွဲနိုင်ပြီး မီဝေါလ်တို့က သုံးပွဲနိုင်ခဲ့ပါတယ်။ မီဝေါလ်ရဲ့ လက်ရှိခြေစွမ်းအရ အခုပွဲမှာ လက်စတာတို့ မျှော်မှန်းချက်တွေ ပြည့်ဝဖို့ မလွယ်ပါဘူး။ မီဝေါလ်တို့ နိုင်ပွဲပါပဲ။ ။

**မိုးမြင့်လင်းလက်**

---

## ရာသီကုန်အထိ အနားယူရတော့မယ့် ဆွမ်ဆီးတိုက်စစ်မှူး

ဆွမ်ဆီးတောင်ပံတိုက်စစ်မှူး နက်သန်ဒိုင်ယာဟာ ခြေဖနှောင့်ကြောထိခိုက်ဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရတော့မယ်လို့ ဆိုပါတယ်။ အသက် ၂၉ နှစ်အရွယ် ဒိုင်ယာဟာ လက်စတာကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရတဲ့ ပွဲမှာ ခုနစ်မိနစ်ကြာ ကစားပြီး ဒဏ်ရာကြောင့် ပြိုင်ပွဲမှ ထွက်ခဲ့ရပါတယ်။ ဒိုင်ယာဟာ ပြီးခဲ့တဲ့ရာသီက ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့တဲ့ လက်စတာအသင်းကို အငှားချထားခဲ့တာဖြစ်ပါတယ်။ ဒိုင်ယာဟာ ခွဲစိတ်ရဖို့ရှိပါတယ်။ ဆောက်သမ်တန်ကစားသမားဟောင်း ဒိုင်ယာဟာ ပြီးခဲ့တဲ့လက ဆွမ်းဆီးနည်းပြဖြစ်လာတဲ့ ပေါလ်ကလင့်နည်းပြဖြစ်လာပြီးတဲ့နောက် ငါးပွဲသာ ကစားခွင့်ရခဲ့ပါတယ်။ ဆွမ်ဆီးအသင်းဟာ ဒီအတွက် အရန်ကစားသမားတွေဖြစ်တဲ့ ဂျက်ဖာဆင်မွန်တီယိုနဲ့ မိုဘာရိုးတို့ကို ထည့်သုံးရဖွယ်ရှိနေပါတယ်။ မိုဘာရိုးဟာ ပြီးခဲ့တဲ့ရာသီက လိဒ်ယူနိုက်တက်အသင်းမှာ အငှားချထားခဲ့သူဖြစ်ပါတယ်။ ဆွမ်ဆီးအသင်းအနေနဲ့ လာမယ့်ပြိုင်ပွဲတွေမှာ တောင်ပံတိုက်စစ်မှူးအသစ်တွေကို ထည့်သွင်းကစားရဖွယ် ရှိပါတယ်။

## နည်းပြအဖြစ်မှ နုတ်ထွက်ရဖို့နီးလာတဲ့ လက်စတာနည်းပြ



လက်စတာအသင်းအနေနဲ့ နည်းပြ ကလောဒီယို ယာနီယာရီကို နည်းပြအဖြစ် ဆက်လက်ထားရှိခြင်းမှာ ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ဘလက်ဘန်း တိုက်စစ်မှူးဟောင်း ခရစ်ဆွတ်တန်က ပြောဆိုလိုက်ပါတယ်။ လက်ရှိချန်ပီယံ လက်စတာအသင်းဟာ တန်းဆင်းဇုန်ရောက်ဖို့ တစ်မှတ်သာလိုတော့တဲ့အတွက် စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ငါးပွဲဆက်တိုက်ရှုံးနိမ့်ခဲ့ပြီးနောက် အောက်ဆုံး သုံးသင်းထဲရောက်ဖို့ နီးကပ်သွားခဲ့ပါတယ်။ အီတလီနိုင်ငံသား နည်းပြ ယာနီယာရီကို အားပေးဖို့ လိုအပ်တယ်လို့ လက်စတာအသင်းရဲ့ ကြေညာချက်တွေမှာ ဖော်ပြထားပါတယ်။ သို့ပေမယ့် ယာနီယာရီရဲ့လက်ရှိနည်းပြအလုပ်ဟာ သိပ်ကြာနိုင်တော့မယ်မဟုတ်ဘူးလို့ ဘလက်ဘန်း တိုက်စစ်မှူးဟောင်း ဆွတ်တန်က ဆိုပါတယ်။ လက်စတာအသင်းဟာ အောက်ဆုံး သုံးသင်းဆင်းသွားမယ်ဆိုရင်တော့ ၁၉၃၈ ခုနှစ်က မန်စီးတီးပြီးနောက် ချန်ပီယံအသင်း တန်းဆင်းရတဲ့အသင်းတွေထဲမှာ ပထမဆုံးအသင်းဖြစ်လာမှာဖြစ်ပါတယ်။ လက်စတာအသင်းအနေနဲ့ ၂၀၁၇ ခုနှစ်အတွက် ပရီမီယာလိဂ်ဖလားကို လက်လွှတ်ဆုံးရှုံးခဲ့ရပြီဖြစ်ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## ဘုန်းမောက်ကိုနိုင်ပြီး ဒုတိယနေရာတက်လာတဲ့ မန်စီးတီး



မန်စီးတီးအသင်းက ဘုန်းမောက်အသင်းကို ခက်ခဲစွာကစားပြီး နှစ်ဂိုးပြတ်နဲ့အနိုင်ရခဲ့သည့်အတွက် ထိပ်ဆုံးရောက် ချယ်လ်ဆီးအသင်းကို လိုက်မီဖို့ ရှစ်မှတ်သာလိုပါတော့တယ်။ ဒီပွဲမှာ ဂါဘရီရယ်ဂျီးဆက်ကစားပြီး ၁၄ မိနစ်အကြာ ဒဏ်ရာရရှိသွားတဲ့အတွက် အရန်ကစားသမားအဖြစ် အဂူရိုဝင်ရောက်ကစားခဲ့ပါတယ်။ ဂျီးဆက်ဒဏ်ရာရရှိသွားတဲ့အတွက် အဂူရို မန်စီးတီးအသင်းမှာ ပုံမှန်ပြန်ကစားနိုင်ဖို့ အလားအလာရှိနေပါတယ်။ အဖွင့်ဂိုးကိုတော့ စတာလင်းက အနီးကပ် ကန်သွင်းမှုနဲ့ ဂိုးရရှိခဲ့တာပါ။ နောက်တစ်ဂိုးကတော့ အဂူရိုဖိကစားလာပြီး ဘုန်းမောက်နောက်တန်းကစားသမားတစ်ဦးရဲ့ အမှားကြောင့် ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိပြီး ဂိုးရရှိခဲ့တာဖြစ်ပါတယ်။ ဂွာဒီယိုလာရဲ့ မန်စီးတီးအသင်းဟာ ဒီပွဲအနိုင်ရလိုက်တဲ့အတွက် အမှတ်ပေးဇယား နေရာသုံးနေရာကို ခုန်တက်ပြီး ဒုတိယနေရာကို တက်ရောက်နိုင်ခဲ့ပါတယ်။ ရှစ်မှတ်ကွာနေတဲ့ ချယ်လ်ဆီးနဲ့ မန်စီးတီးတို့ဟာ လာမယ့် ဧပြီ ၅ ရက်မှာ ချယ်လ်ဆီးအိမ်ကွင်း စတမ်းဖို့ဒ်ဘရစ်ကွင်းမှာ ကစားရမှာဖြစ်ပါတယ်။

# မုံရွာမြို့နေရာခုနစ်ခု၌ အမျိုးသမီးများအတွက် သန်းတစ်ထောင်လှုပ်ရှားမှုပြုလုပ်



**မုံရွာ ဖေဖော်ဝါရီ ၁၅**

ကမ္ဘာတစ်ဝန်းတွင် အမျိုးသမီးများအတွက် သန်းတစ်ထောင်လှုပ်ရှားမှုကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်က စတင်ခဲ့ရာ ယခု ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် မုံရွာအခြေစိုက် Future Light အရပ်ဘက်အဖွဲ့အစည်းက မုံရွာမြို့ရှိနေရာ ခုနစ်နေရာ၌ သန်းတစ်ထောင်လှုပ်ရှားမှုကို ပြုလုပ်သည်။

"အမျိုးသမီးများအကြမ်းဖက်မှု ကာကွယ်စောင့်ရှောက်ရေး အမျိုးသမီးများ တန်းတူညီမျှ ကူညီဆောင်ရွက်ရေးနဲ့ သက်ငယ်မုဒိမ်းမှု ပပျောက်ရေးတို့အတွက် သန်းတစ်ထောင်လှုပ်ရှားမှုကို ပြုလုပ်တာပါ။ လှုပ်ရှားမှုအကရယ် ဖလိုင်ရာ ဝေမယ်။ စတစ်ကာ ဝေမယ်။ ပြီးတော့ ဘေးပတ်ဝန်းကျင်က လာကြည့်တဲ့ အမျိုးသမီးတွေရဲ့ ရင်ဖွင့်စကားသံကို နားထောင်မယ်။ အမျိုးသမီးနဲ့ပတ်သက်တဲ့ ဘုတ်ပြားလေးတွေကိုင်ပြီး မီဒီယာကမ်ပိမ်းကို လုပ်ပါတယ်။ မုံရွာမှာလုပ်တာ ပထမဦးဆုံးပါ။ တစ်ကမ္ဘာလုံးအနေနဲ့ သတ်မှတ်ထားတာ တစ်နှစ်မှာ ဖေဖော်ဝါရီလ ၁၄ ရက်တစ်ရက်တည်းမှာပဲ ပြုလုပ်ဖို့ သတ်မှတ်ထားတာပါ။ စိတ်ပါဝင်စားလို့ ဝင်လုပ်ကြတာ လူဦးရေ ၂၀၀ နီးပါး လောက်ရှိပါတယ်"ဟု Future Light အဖွဲ့ခေါင်းဆောင် မသန္တာကျော်က ပြောသည်။

သန်းတစ်ထောင်လှုပ်ရှားမှုကို မုံရွာမြို့၌ ပြည်ထောင်စုလမ်း သံလမ်းဈေးအနီးတွင် ပြုလုပ်သလို မုံရွာတက္ကသိုလ်ရှေ့၊ အိုးရှင်း စင်တာရှေ့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ် ညောင်တပင်လမ်းထောင့်၊ ကမ်းနားလမ်း နန်းချွန်ဆိပ်နှင့် သလ္လာဝတီဆိပ်၊ သာစည်ဈေးနှင့် ညဈေးတန်း စသည့်နေရာခုနစ်နေရာတွင် ပြုလုပ်ခဲ့ရာ ပရိသတ်စိတ်ဝင်စားသော လှုပ်ရှားမှုဖြစ်ခဲ့သည်။ ကမ္ဘာတစ်ဝန်းတွင် သန်းတစ်ထောင် လှုပ်ရှားမှုကို ၂၀၁၂ ခုနှစ်တွင် နိုင်ငံပေါင်း ၁၆၀ ကျော်ပါဝင်ရန် လက်မှတ်ရေးထိုးခဲ့ကြကာ အဖွဲ့အစည်းပေါင်း ၅၀၀၀ ကျော် ပါဝင်လှုပ်ရှားခဲ့ပြီး ၂၀၁၃ တွင် နိုင်ငံပေါင်း ၁၉၀ ပါဝင်လှုပ်ရှားကြသလို သန်းနှင့်ချီသော အမျိုးသမီးထုကြီးပါဝင်ခဲ့ကြောင်းသိရသည်။

**မျိုးဝင်းထွန်း-မုံရွာ**

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး

**သံတွဲ ဖေဖော်ဝါရီ ၁၅**

သံတွဲမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးနေလင်းကျော် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် ပြည်သူများ သဘာဝဘေးအန္တရာယ် ကျရောက်ပါက ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းကို ဖေဖော်ဝါရီလပထမပတ်က ဒွါရာဝတီမြို့မဈေးရှေ့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ရပ်ကွက် / ကျေးရွာများနှင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်နေသည့် အလုပ်ရုံများအရောက်ကွင်းဆင်း၍ မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို စစ်ဆေးခြင်း၊ အသိပညာပေးခြင်း၊ အရေးပေါ် မီးသတ်ဆေးဘူးအသုံးပြုပုံနှင့် မီးသတ်ဆေးဘူးများ တပ်ဆင်ထားရှိရေးလုပ်ငန်းများအပြင် ညစဉ် ၆ နာရီမှစ၍ မြို့တွင်းအသံချဲ့စက်ဖြင့် လှည့်လည်ပြီး မီးဘေးအန္တရာယ် ကာကွယ်ရေးသတိပေး ဆော်သြခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန် / ဆက်)**

# စာမေးပွဲနီးကပ်နေချိန်တွင် ဆူညံသံများကြောင့် ကျောင်းသားများ အနှောင့်အယှက်ဖြစ်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များအနက် လူဦးရေအများဆုံးမြို့နယ်ဖြစ်သော လှိုင်သာယာမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများ၌ ယခုရက်ပိုင်း ကျောင်းသားကျောင်းသူများ စာမေးပွဲနီးကပ်နေချိန်တွင် အသံပိုင်းဆိုင်ရာ ဆူညံမှုများကို ပြည်သူများနေ့စဉ်ကြုံတွေ့ခံစားနေရပြီး သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးပိုင်းအချို့ကလည်း ထိရောက်စွာဖြေရှင်းဆောင်ရွက်ပေးမှု အားနည်းခြင်းကြောင့် စာမေးပွဲဖြေဆိုရတော့မည့် ကျောင်းသားကျောင်းသူများအတွက် အနှောင့်အယှက်ဖြစ်နေကြောင်း သိရသည်။

"လှိုင်သာယာမှာ နေ့မအိပ်ရ၊ ညမအိပ်ရနဲ့ စိတ်ဒုက္ခခံစားနေရတယ်။ စနေ၊ တနင်္ဂနွေနေ့လည်း မင်္ဂလာဆောင်တွေက နားကွဲမတတ်ဖွင့်တဲ့ ဆောင်းဘောက်အသံကို ပူပြင်းပြီး လျှပ်စစ်မီးနေ့စဉ်ပျက်တဲ့ဒုက္ခနဲ့ရောပြီး ခံစားနေကြရတယ်။ ရပ်ကွက်ထဲမှာ သက်ကြီးရွယ်အိုတွေရှိတယ်။ ကျောင်းသားတွေ စာမေးပွဲဖြေရတော့မယ်။ ကလေးတွေ စာကောင်းကောင်းမကျက်ရဘူး။ လမ်းထဲမှာ ကားအင်ဂျင်စက်နှိုးပြီး အိမ်ဆောက်သံတွေ ဖြစ်တယ်။ အလှူဆိုရင် နံနက် ၄ နာရီအထိ သီချင်းဆိုတယ်။ နေ့ပိုင်းမင်္ဂလာဆောင်က ဆူညံအောင်သီချင်းဖွင့် တယ်။ ဘုရားပွဲတွေက မပြတ်ဘူး။ လမ်းထဲမှာ မိုက်ကိုင် ပြီး သီချင်းဆိုတာလည်းရှိသေးတယ်။ ကျောင်းသားတွေ ဘယ်လိုမှ စာကျက်လို့မရဘူး။ အားကိုးစရာရပ်ကွက်ရုံး သွားပြောတော့ ဆောင်ရွက်ပေးပါ့မယ်ပြောတယ်။ ဆူညံဆဲပဲ။ ပုံစံအမျိုးမျိုးနဲ့ကို ဆူညံနေကြတာ။ ရေခဲမုန့်ရောင်းတဲ့လူ၊ ဖုန်းဟောင်းဝယ်တဲ့လူကအစ လက်ကိုင်အော်လံနဲ့အော်ပြီး ဈေးရောင်းတဲ့အသံလည်း နေ့တိုင်း ခံစားနေကြရတယ်"ဟု လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် မြို့မငြိမ်းလမ်းတွင်နေထိုင်သော ပြည်သူတစ်ဦးက ပြောသည်။

စတုတ္ထတန်းနှင့် အဋ္ဌမတန်း အတန်းတင်စာမေးပွဲကို ဖေဖော်ဝါရီ ၂၂ ရက်တွင် စတင်ဖြေဆိုရမည်ဖြစ်ပြီး ထိုနှစ်တန်းမှအပ သူငယ်တန်းမှ နဝမတန်းအထိ အတန်းတင်စာမေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်မှစ၍ ဖြေဆိုနေပြီဖြစ်ရာ အဆိုပါ ဆူညံသံများကြောင့် ကျောင်းသားကျောင်းသူများ အနှောင့်အယှက်ဖြစ်သကဲ့သို့ သက်ကြီးရွယ်အိုများ နာမကျန်းဖြစ်နေသူများအတွက်လည်း များစွာ စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း သိရသည်။

အမှတ်(၉)ရပ်ကွက် ကိုယ်ပိုင်စာသင်ကျောင်းမှ ဆရာမတစ်ဦးကလည်း "တက္ကသိုလ်ဝင်တန်း စာမေးပွဲကို မတ် ၈ ရက်မှာ ကျောင်းသားတွေဖြေရတော့မယ်။ ရပ်ကွက်ထဲမှာ အလှူခံတဲ့အသံ၊ ဈေးသည်တွေ ဟွန်းတစ်လုံးကိုင်ပြီး အော်နေတဲ့အသံ၊ နာရေးထက် သာရေးက ညလုံးပေါက်သီချင်းဆိုတဲ့အသံတွေကို ကျောင်းသားတွေ ခံစားနေရတယ်။ မီးခွက်ဈေးလမ်းဆုံနားက ဘီယာဆိုင်ကြီးတစ်ခုမှာ စင်တင်သီချင်း ည ၁၂ နာရီအထိ ဆိုတတ်တယ်။ ဘယ်သူမှ တားမြစ်မယ့်သူမရှိဘူး။ တစ်နှစ်ထက် တစ်နှစ် စာမေးပွဲရာသီမှာ ဆူညံသံတွေ ပိုဆိုးလာတယ်။ လမ်းထဲကို ကျယ်ကျယ်လောင်လောင်ဖွင့်ပြီးဝင်လာတဲ့ ထီရောင်းတဲ့လှည်းကိုတောင် တာဝန်သိသိနဲ့ ဟန့်တားပေးမယ့်သူမရှိဘူးဖြစ်နေတယ်"ဟု ပြောကြားသည်။

လှိုင်သာယာမြို့နယ်တွင် စာမေးပွဲ ကာလအတွင်း ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် စာကျက်မှတ်ဖြေဆိုနိုင်ရန် ရပ်ကွက်များအတွင်းရှိ အသံပိုင်းဆိုင်ရာ ဆူညံမှုအမျိုးမျိုးကို ရပ်ကွက်/ကျေးရွာအလိုက် တာဝန်ရှိသူများက တားဆီးအရေးယူပေးရန် လှိုင်သာယာမြို့နေပြည်သူများ ဆန္ဒရှိနေကြကြောင်း သိရသည်။ **(၁၆၄)**

# ရေစကြိုမြို့တွင်းလမ်းသွယ်များ အဆင့်မြှင့်တင်

**ရေစကြို ဖေဖော်ဝါရီ ၁၅**

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့သာယာလှပရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တတိယ သုံးလပတ်အတွင်းမှစ၍ ရေစကြိုမြို့ပေါ်ရပ်ကွက်များအတွင်းရှိ လမ်းသွယ်ရှစ်ခုကို ကျောက်ချောလမ်းခင်းခြင်း၊ မြေနီကျောက်စရစ်လမ်းခင်းခြင်းနှင့် လမ်းဘေးပလက်ဖောင်းများ ပြုပြင်ခြင်းတို့ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လမ်းခြောက်လမ်း ပြီးစီးပြီဖြစ်ကာ ကျောက်ချောလမ်းနှစ်လမ်းသာ ပြီးစီးရန်ကျန်ရှိတော့ကြောင်း သိရသည်။

တတိယ သုံးလပတ်ထဲမှာ ဆောင်ရွက်ရမယ့်လမ်းတွေထဲက အမှတ်(၈)ရပ်ကွက် လေးရာပြည့်ရပ်က လမ်းသွယ်နှစ်လမ်းပဲ ပြီးစီးဖို့ကျန်တော့တာပါ။ အဲဒီလမ်းနှစ်လမ်းက မြစ်ရေဝင်တဲ့ မြေနိမ့်ပိုင်းကလမ်းတွေလည်း ဖြစ်တယ်။ မိုးရွာတဲ့အခါမှာလည်း မိုးရေဝပ်နေတော့ ရေခန်းမြေခြောက်မှ စခင်းလို့ရတာမို့ အခုအချိန်မှ ခင်းရတာဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦးက ပြောသည်။

ရေစကြိုမြို့ပေါ် တွင် ရပ်ကွက်အုပ်စု ရှစ်အုပ်စုရှိရာ အမှတ် (၅)၊ အမှတ် (၆) နှင့်အမှတ်(၈) ရပ်ကွက်များအတွင်းရှိ လမ်းသွယ် လေးလမ်းကို ကျောက်ချောလမ်းခင်းခြင်း၊ အမှတ်(၁)၊ အမှတ် (၂)၊ အမှတ် (၇)နှင့် အမှတ် (၈)ရပ်ကွက်အတွင်းရှိ လမ်းသွယ် လေးလမ်းကို မြေနီကျောက်စရစ်ခင်းခြင်းနှင့် ပလက်ဖောင်းများ ပြုပြင်ခြင်းတို့ကို ရန်ပုံငွေ ကျပ် ၂၀၅ သိန်းကျော် အသုံးပြု၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ရေစကြိုမြို့ပေါ် ရပ်ကွက်များအတွင်းတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စာရင်းအရ ကတ္တရာလမ်း ၃၄ လမ်း၊ ကျောက်ချောလမ်း ၂၃လမ်း၊ မြေနီလမ်း ၂၀၊ မြေမှာ ၄၇ လမ်းရှိပြီး စုစုပေါင်း လမ်းအရှည်မှာ ၂၉ မိုင်ကျော်ရှိကြောင်း၊ အဆိုပါလမ်းများမှ ပျက်စီးယိုယွင်းလျက်ရှိသော ကတ္တရာလမ်းများကို အဆင့်မြှင့်တင် ပြန်လည်ပြုပြင်ခြင်း လေးလမ်း၊ မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း ကိုးလမ်း၊ မြေသားလမ်းမှ မြေနီကျောက်စရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း ၁၇ လမ်းတို့ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# မြစ်မင်းရောဇေယျာမြေ စာဖတ်ဝိုင်း စာပေဆွေးနွေးပွဲ ကျင်းပမည်

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းခရိုင် ပြည်သူ့စာကြည့်တိုက်တွင် နှစ်ပတ်လျှင်တစ်ကြိမ်နှုန်းဖြင့် စာဖတ်ဝိုင်းများပြုလုပ်နေသော မြစ်မင်းရောဇေယျာမြေ စာဖတ်ဝိုင်းက ယခုတစ်ပတ် ဖေဖော်ဝါရီ ၁၈ ရက်တွင် စာပေဆွေးနွေးမှုအဖြစ် ဝတ္ထုတစ်ပုဒ်မွေးဖွားခြင်း ခေါင်းစဉ်ဖြင့် စာပေဆိုင်ရာများ ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

"မြစ်မင်းရော ဇေယျာမြေ စာဖတ်ဝိုင်းကို နှစ်ပတ်လျှင်တစ်ကြိမ်နှုန်းဖြင့် လုပ်လာခဲ့တာ အခုဆိုရင် ခြောက်ကြိမ်မြောက်ကို ရောက်လာခဲ့ပြီဖြစ်ပါတယ်။ အပတ်စဉ် စာဖတ်ဝိုင်းကြီးပဲဆိုတော့ ကြာလာရင် ရိုးအီသွားမှာဖြစ်တဲ့အတွက် ဒီတစ်ပတ်တော့ ဝတ္ထုတစ်ပုဒ်မွေးဖွားခြင်းဆိုတဲ့ ခေါင်းစဉ်နဲ့ ဝတ္ထုတိုတစ်ပုဒ်ကို ဆွဲဆောင်မှုဖြစ်အောင် ဘယ်လိုရေးမယ်၊ ဇာတ်ကောင်တွေကို ဘယ်လိုအသက်သွင်းမလဲဆိုပြီး သူ့အမြင်၊ ကိုယ့်အမြင်၊ ပရိသတ်အမြင်တွေကို ဆွေးနွေးကြမှာပါ။ ဆွေးနွေးမယ့် ဆရာတွေကတော့ ဆရာ နွေမွန်(မန်း)၊ ဆရာဂျိုဇော်၊ ဆရာမြင့်ခေါင်ကြည်တို့က ဆွေးနွေးကြမှာဖြစ်ပါတယ်"ဟု စစ်ကိုင်းခရိုင် ပြန် / ဆက် ဦးစီးအရာရှိ ဦးညီညီဇော်က ပြောကြားသည်။ မြစ်မင်းရော ဇေယျာမြေ စာဖတ်ဝိုင်းများကို စစ်ကိုင်းမြို့နယ်အတွင်းရှိ စာပေချစ်မြတ်နိုးသူများက ဦးဆောင်ကျင်းပနေခြင်းဖြစ်ပြီး စာပေဝါသနာပါသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။ **ဇော်မြင့်နိုင်**

# မှုခင်းသတင်းတိုများ

## ဆိုင်ကယ်စီးနေသူထံမှ ရွှေဆွဲကြိုးဖြတ်ယူ ထွက်ပြေးမှုဖြစ်ပွား

မကွေးမြို့နယ် ကံပြားကျေးရွာအနီးတွင် ဆိုင်ကယ်စီးနင်းနေသူ အမျိုးသမီးထံမှ ရွှေဆွဲကြိုးကို အခြားဆိုင်ကယ်စီးလာသူနှစ်ဦးက ဖြတ်ယူထွက်ပြေးမှု ဖေဖော်ဝါရီ ၁၁ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့ကြောင်း မကွေးနယ်မြေရဲစခန်းမှ သိရသည်။ မကွေးမြို့ ရွာသစ်ပွဲကြိုရပ်ကွက်နေ ဒေါ်အေးအေးသင်းသည် သားဖြစ်သူ မောင်စွမ်းရဲရင့်ထက်အား တင်ဆောင်၍ မကွေး-နတ်မောက်ကားလမ်းပေါ်၌ ဆိုင်ကယ်ကိုမောင်းနှင်လာစဉ် ကံပြားကျေးရွာအနီး၌ နောက်မှ လူငယ်နှစ်ဦးစီးလာသည့် (နံပါတ်မပါ)ဆိုင်ကယ်က ဒေါ်အေးအေးသင်း စီးလာသော ဆိုင်ကယ်၏ ဝဲဘက်ခြမ်းမှ ကပ်လာကာ ဒေါ်အေးအေးသင်း၏ လည်ပင်း၌ဆွဲထားသည့် ရွှေချိန်နှစ်ကျပ်သားခန့်ရှိ ဆွဲကြိုးကို ဆွဲဖြတ်ယူကာ မကွေးမြို့ဘက်သို့ မောင်းနှင်ထွက်ပြေးသွားခြင်းဖြစ်ကြောင်း၊ ဒေါ်အေးအေးသင်း စီးနင်းလာသော ဆိုင်ကယ်မှာလည်း လမ်း၏ယာဘက်ဘေး သဲတောထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေဆွဲကြိုးဖြတ်ယူ ထွက်ပြေးသွားသူ လူငယ်နှစ်ဦးအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် ဒေါ်အေးအေးသင်းက တရားလိုပြုလုပ်၍ မကွေးနယ်မြေရဲစခန်း၌ အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## ဆိုင်ကယ်ချင်းတိုက်မှုဖြစ်ပွားပြီး လူတစ်ဦးသေဆုံး

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-သထုံကားလမ်းတွင် ဖေဖော်ဝါရီ ၁၃ ရက်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိမှုဖြစ်ပွားပြီး လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ မြိုင်ကလေးရဲကင်းစခန်းမှူး ရဲအုပ်ဝင်းနိုင် ဦးဆောင်သည့်အဖွဲ့က သွားရောက်စစ်ဆေးချက်အရ သထုံဘက်မှ ဘားအံဘက်သို့ ထွန်းထွန်းဦး မောင်းနှင်လာသော နံပါတ်မပါဆိုင်ကယ်သည် ရေမှုယာဉ်ကြီးတစ်စီးကို ကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောအတွင်း ရောက်ရှိသွားကာ မျက်နှာချင်းဆိုင်မှ ဝင်းငြိမ်းဦး မောင်းနှင်ပြီးနောက်မှ ထွန်းထွန်း လိုက်ပါလာသည့် နံပါတ်မပါဆိုင်ကယ်နှင့် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ဆိုင်ကယ်တိုက်မှုကြောင့် ထွန်းထွန်းဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိပြီး ဘားအံဆေးရုံကြီးသို့ တင်ပို့ကုသနေစဉ် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ မြိုင်ကလေးရဲကင်းစခန်း၌ အမှုဖွင့်ထားပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## သောက်သုံးရေကန်အတွင်း ကလေးတစ်ဦးရေနစ်သေဆုံး

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် သရက်ကန်ကျေးရွာရှိ သောက်သုံးရေကန်အတွင်း ဖေဖော်ဝါရီ ၁၃ ရက်က ကလေးငယ်တစ်ဦး ရေနစ်သေဆုံးခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ အဆိုပါကျေးရွာနေ အဋ္ဌမတန်းကျောင်းသား မောင်ဇွဲမာန်ဦး(၁၄ နှစ်) နှင့် ပဉ္စမတန်းကျောင်းသား မောင်ကျော်သူစိုး(၁၁ နှစ်)တို့သည် ကျေးရွာသောက်သုံးရေကန်အတွင်း ရေအတူဆင်းခပ်စဉ် မောင်ဇွဲမာန်ဦးမှာ ခြေချော်ကျပြီးရေနစ်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မြိုင်မြို့ရဲစခန်း၌ သေမှုသေခင်းဖွင့်လှစ်ပြီး ဆက်လက်ဆောင်ရွက်ထားကြောင်း သိရသည်။ **စိန်မြိုင်(မြိုင်)**

## ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်၍ ဒဏ်ရာရ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့အမှတ်(၂)ရပ်ကွက် မင်းလမ်းမပေါ်တွင် ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှု ဖေဖော်ဝါရီ ၁၃ ရက်က ဖြစ်ပွားခဲ့သည်။ ကျောင်းကုန်းမြို့မရဲစခန်းမှ ဒုရဲအုပ် သန့်ဇင်၏ သွားရောက်စုံစမ်းချက်အရ မင်းလမ်းမပေါ်တွင် မြို့ပြင်ဘက်မှ မြို့တွင်းဘက်သို့ ဝင်းမင်းသန့် (၁၈ နှစ်) မောင်းနှင်လာပြီး နောက်တွင် ဝေယံကျော်(၂၀ နှစ်)လိုက်ပါလာသော ဆိုင်ကယ်နှင့် မြို့တွင်းဘက်မှ မြို့ပြင်ဘက်သို့ ဦးကိုဝင်း(၅၄ နှစ်) မောင်းနှင်လာသော ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ဝင်းမင်းသန့်နှင့် ဝေယံကျော်တို့တွင် မစိုးရိမ်ရဒဏ်ရာများ ရရှိပြီး ဦးကိုဝင်းတွင် စိုးရိမ်ရဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်မောင်းနှင်သူ နှစ်ဦးလုံးအား ကျောင်းကုန်းမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန် / ဆက်)**

## မီးဖိုကျင်းတူးရာမှ ဗုံးသီးဟောင်းတစ်လုံးတွေ့ရှိ

မကွေးမြို့နယ် သပြေစမ်း(တောင်)ကျေးရွာနေ ဦးငွေခိုင်၏ နေအိမ်ခြံဝင်းအတွင်း ဖေဖော်ဝါရီ ၁၁ ရက် ညနေပိုင်းက မီးဖိုကျင်းတူးရာမှ ဗုံးသီးဟောင်းတစ်လုံးကို တွေ့ရှိခဲ့ကြောင်း သိရသည်။ မကွေးမြို့နယ် ယင်းရဲကင်းစခန်းမှ ရဲအုပ်သန်းစိုးနှင့် ရဲတပ်ဖွဲ့ဝင်များနှင့် မကွေးမြို့ အမှတ်(၉၁၀) စစ်မြေပြင်အင်ဂျင်နီယာတပ်မှ ဗိုလ်ကြီးကျော်စွာအောင်နှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အမြင့် သုံးလက်မခွဲ၊ အချင်း နှစ်လက်မခွဲခန့်ရှိ စနက်တံမပါ သံချေးတက်နေသော လက်ပစ်ဗုံးသီးအဟောင်းတစ်လုံး(အသုံးပြု၍မရ)ကို တွေ့ရှိခဲ့ပြီး အဆိုပါ ဗုံးသီးဟောင်းကို ယင်းရဲကင်း စခန်းမှ ရဲအုပ်သန်းစိုးက မကွေးနယ်မြေခံ စစ်မြေပြင်အင်ဂျင်နီယာတပ်သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသိရသည်။ **ကျော်ဇေယျ**

## ရပ်ထားသောကားကိုတိုက်၍ ဆိုင်ကယ်စီးသူသေဆုံး

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့မယ်ခေါင်ရပ်ကွက် မဲခေါင်မြစ်ဟိုတယ် အနီး၌ ရပ်ထားသောကားတစ်စီးကို ဆိုင်ကယ်ဖြင့်ဝင်တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်သူ သေဆုံးမှု ဖေဖော်ဝါရီ ၁၃ ရက် ည ၉ နာရီခွဲခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၏ သွားရောက်စစ်ဆေးချက်အရ ပုံလို့လမ်းဆုံဘက်မှ အမှတ်(၂)ချစ်ကြည်ရေးတံတား မီးပွိုင့်ဘက်သို့ ဗိုလ်ချုပ်လမ်းမကြီးအတိုင်း လေးမြင့်အောင် (၃၅ နှစ်) မောင်းနှင်လာသော ဆိုင်ကယ်သည် လမ်းဘေးယာဘက်ခြမ်း၌ ရပ်တန့်ထားသော ISUZU အနက်ရောင်မော်တော်ယာဉ်၏ ဝဲဘက်နောက်ခြမ်းကို ဝင်တိုက်မိ၍ ဆိုင်ကယ်တိမ်းမှောက်ခဲ့ကာ လေးမြင့်အောင်မှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်ထားပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# နန်းမြို့ရိုး ရေရှည်တည်တံ့စေရန် ပြုပြင်ထိန်းသိမ်းမှုများကို လုပ်ငန်းခုနစ်ခုဖြင့် ဆောင်ရွက်သွားမည်

**မန္တလေး ဖေဖော်ဝါရီ ၁၅**
ယဉ်ကျေးမှုမြို့တော် မန္တလေးမြို့၏ ပြယုဂ်တစ်ခုဖြစ်သော နှစ်ပေါင်း ၁၆၀ ကျော် သက်တမ်းရှိ မန္တလေးနန်းမြို့ရိုးကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ပြုပြင်ထိန်းသိမ်းမှုများကို လုပ်ငန်းစဉ် (၇)ခုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ သိရသည်။

နန်းမြို့ရိုး ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)တို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ခွင့်ပြုချက်လည်း ရရှိထားပြီဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။



"နန်းမြို့ရိုးပြုပြင်ဖို့အတွက် တိုင်းဒေသကြီးအစိုးရကလည်း စစ်အင်ဂျင်နီယာရုံးနဲ့ ကျွန်တော်တို့ဌာန ပူးပေါင်းဆောင်ရွက်ဖို့ ခွင့်ပြုသလို ကျွန်တော်တို့ နေပြည်တော်ရုံးချုပ်ကလည်း ဖေဖော်ဝါရီ ၈ ရက် ရက်စွဲနဲ့ ခွင့်ပြုခဲ့ပါတယ်။ မြေပြင်စစ်ဆေးချက်တွေအရ ဆောင်ရွက်ရမယ့် လုပ်ငန်းခုနစ်ခုကို တွေ့ရှိခဲ့ပါတယ်။ လုပ်ငန်းအားလုံးကို ကျွန်တော်တို့နဲ့အတူ အောင်ပြည်တန်ကုမ္ပဏီနှင့် ပုဂံဒေသက အုတ်အဆောက်အအုံထိန်းသိမ်းမှု လုပ်ငန်းကျွမ်းကျင်တဲ့ အလုပ်သမားတွေလည်း ပူးပေါင်းဆောင်ရွက်ကြမှာ ဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးက ဆက်ပြောသည်။

ဆောင်ရွက်မည့် နန်းမြို့ရိုးပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများမှာ မြို့ရိုးပတ်လည်ရှိ ရေညှိများကို ပေါင်းသတ်ရှင်းလင်းခြင်း၊ ရေလုံဆေးအသုံးပြု၍ အနားသတ် ကြားသိပ်ခြင်း၊ မြို့ရိုးအုတ်နံရံတွင် ပျက်စီးလစ်လပ်နေသောနေရာများ အက်ကွဲကျိုးပဲ့နေသော အုတ်များနှင့် ဆွေးမြည့်နေသော အုတ်များကို ဖယ်ရှားပြီး ရှေးဟောင်းအုတ်အရွယ်အစားအတိုင်း အစားထိုးဆောင်ရွက်ခြင်း၊ မြို့ရိုးကွဲအက်ပျက်စီးနေသည့်နေရာများကို ကာဗွန်ဖိုက်ဘာနည်းပညာ၊ Brick Stitching နည်းပညာ၊ Lime Grouting ထည့်သွင်းခြင်းနည်းပညာများ အသုံးပြု၍ ကြံ့ခိုင်အောင်ပြုလုပ်ခြင်းများ ဖြစ်သည်။

ထို့အပြင် ထပ်မံဆောင်ရွက်ရမည့် လုပ်ငန်းများအနေဖြင့် မြောက်ဘက်နှင့် အနောက်ဘက် မြို့ရိုးရှိ နိမ့်ကျွံကျပျက်စီးနေသည့် နေရာနှစ်ခုအတွက် အလျား ၅ ပေ၊ အနံ ၅ ပေ၊ ထု ၂ ပေဖြင့် Concrete Grouting ဖြည့်၍ မြှင့်တင်ခြင်းဖြင့် ကြံ့ခိုင်အောင်ပြုလုပ်ခြင်း၊ ပြာသာဒ်များနှင့် နန်းမြို့ရိုးနံရံအပေါ်ထိပ် မျက်နှာပြင်ကို မိုးရေစိမ့်ဝင်ခြင်းမှ ကာကွယ်ရန် ၁ ဒသမ ၅ လက်မထုရှိ ကွန်ကရစ်ရေပိတ်လွှာ လောင်းခြင်း၊ နန်းမြို့ရိုးပတ်လည်ရှိ တံခါး ၁၂ ခုနှင့် မီးတား ၁၂ ခု၏ နံရံပလာစတာများ ကွာကျပျက်စီးနေသည်ကို အမြင်တင့်တယ်စေရန် ပြုပြင်ပေးခြင်း၊ နန်းမြို့ရိုး အပြင်ဘက်အခြေတွင် ရေမဝပ်စေရန် လက်ရှိ မြို့ရိုးနှင့်ကျုံးအကြား ဖောက်လုပ်ထားသော လမ်းဘေးရေမြောင်းများကို စနစ်တကျ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## စာအောင်သံဃာများအား အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်း

**မလှိုင် ဖေဖော်ဝါရီ ၁၅**
အစိုးရပါဠိပထမပြန်စာမေးပွဲအောင် သံဃာတော်များအား စူဠဘွဲ့နှင်းသဘင်နှင့် မလှိုင်မြို့နာယကဆရာတော်ကြီးများက ကြီးမှူးကျင်းပသော ဓမ္မဒါယဒအသင်းကြီး၏ (၈၇) ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲတွင် ဝင်ရောက်ဖြေဆို အောင်မြင်တော်မူကြသော စာအောင်သံဃာများအား အောင်လက်မှတ်နှင့် စာအောင်ဆု ဆက်ကပ်လှူဒါန်းပွဲကို မလှိုင်မြို့သာသနဝေပုလ္လ လေးမျက်နှာကျောင်းတိုက်၌ ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် သက်တော်ရှည် ပန်းအိုင်ကံစွယ်ကျောင်းဆရာတော် ဘဒ္ဒန္တကေသရနှင့် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိစာရတို့က ဩဝါဒမိန့်ကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ပထမကြီးတန်းအောင် ခြောက်ပါး၊ ပထမလတ်တန်းအောင် ငါးပါး ၊ပထမငယ်တန်းအောင် ၁၆ ပါးနှင့် ဝိနည်းစာတော်ပြန်ပွဲအောင် အကျော်တန်း ခုနစ်ပါး၊ အကြီးတန်း ရှစ်ပါး ၊ အလတ်တန်း ၁၅ ပါး၊ အငယ်တန်း ခုနစ်ပါး၊ မူလတန်း ၆၆ ပါးအား ဒါယကာ၊ ဒါယိကာမများက အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**အောင်ငွေး(မလှိုင်)**

## ဗိုလ်ချုပ်မွေးနေ့အထိမ်းအမှတ်အဖြစ် ကလေးများပျော်ရွှင်ဖွယ်ပြိုင်ပွဲများ ကျင်းပ

**နတ်မောက် ဖေဖော်ဝါရီ ၁၅**
ဗိုလ်ချုပ်အောင်ဆန်း မွေးဖွားရာဇာတိဖြစ်သည့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ ဗိုလ်ချုပ်အောင်ဆန်း၏ ၁၀၂ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူများနှင့်ကလေးငယ်များအတွက် ပျော်ပွဲရွှင်ပွဲများဖြစ်သည့် ကစားနည်းမျိုးစုံပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။



နတ်မောက်မြို့ပေါ်ရှိ ပရဟိတအဖွဲ့များမှ လူငယ်များ၏ ကြီးကြပ်မှုဖြင့် ပြိုင်ပွဲများကို ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်ရှေ့၌ ကျင်းပခဲ့ခြင်းဖြစ်ကာ ပျော်ရွှင်ဖွယ်ရာ ပြိုင်ပွဲများအနေဖြင့် ဆေးရောင်စုံပန်းချီပြိုင်ပွဲများ၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အပ်ချည်ထိုးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ သံပုံးရိုက်ပြိုင်ပွဲ၊ ကုလားထိုင်လုပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲနှင့် ဗန်းရွက်ပြိုင်ပွဲများကို ကျင်းပပေးခဲ့ပြီး မြို့ပေါ်ကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ပြိုင်ပွဲများအပြီးတွင် ဆုရရှိသည့်ကလေးများအား အလှူရှင်များက ဆုများချီးမြှင့် ပေးခဲ့ကြကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**



**စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် အသက်ခြောက်လမှ ငါးနှစ်အထိ ကလေးများ ဗီတာမင်(အေ) လုံလောက်စွာ ရရှိရေးအတွက် အားဆေးများကို အမျိုးသမီး ကျန်းမာရေးဆရာမ ဒေါ်မျိုးမင်းမင်းလတ်နှင့် ကျန်းမာရေးဝန်ထမ်းများက ဖေဖော်ဝါရီ ၁၃ ရက်က မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးရုံး၌ တိုက်ကျွေးစဉ်။** (အားဆေးတိုက်ကျွေးရာတွင် ခြောက်လမှ တစ်နှစ်အထိ ကလေးများအား ဗီတာမင်(အေ) တစ်သိန်းအား ဆေးကိုလည်းကောင်း၊ တစ်နှစ်မှ ငါးနှစ်အထိ ကလေးများအား ဗီတာမင်(အေ)နှစ်သိန်းအား ဆေးကိုလည်းကောင်း တိုက်ကျွေးပြီး ကလေးများအား ပေါင်ချိန်ခြင်း၊ လက်မောင်းပတ်တိုင်းတာခြင်းများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။)
**မျိုးဝင်းညို(ကျွန်းလှ)**

## ဗလငါးတန် သွေးလှူရှင်နှင့် အောက်ဆီဂျင်အခမဲ့ကူညီရေးအသင်း ဖွင့်လှစ်

**ရေစကြို ဖေဖော်ဝါရီ ၁၅**
ရေစကြိုမြို့နယ်အတွင်း သွေးနှင့် အောက်ဆီဂျင် လိုအပ်သူများအား အကူအညီပေးနေသည့် ဗလငါးတန် လူငယ် ပရဟိတ သွေးလှူရှင်နှင့် အောက်ဆီဂျင်အခမဲ့ ကူညီရေးအသင်း၏ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က မြို့နယ်ပြည်သူ့ဆေးရုံကြီးအတွင်း၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ရေစကြိုမြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်က အမှာစကားပြောကြားပြီး ဗလငါးတန် လူငယ်ပရဟိတ သွေးလှူရှင်နှင့် အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးညိုအေးက အသင်းပေါ်ပေါက်လာပုံနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အလှူရှင်များအား ပြည်သူ့ဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေး အပ်သည်။

"ရေစကြိုဆေးရုံမှာ ကျေးရွာတွေကနေ ဆေးရုံလာတက်တဲ့လူနာတွေ များပါတယ်။ ဆေးရုံက အခု ဆေးဖိုးကအစ အခမဲ့ဖြစ်နေတာမို့ ဆေးရုံလာတက်တဲ့လူနာတွေ ပိုများလာပါတယ်။ ပုံမှန်အနေနဲ့ ဆေးရုံကြီးမှာ လူနာ ၅၀ ကျော်လောက် ရှိပါတယ်။ လူနာများတဲ့နေ့တွေဆိုရင် ၁၅၀ လောက်အထိ ရှိတတ်ပါတယ်။ အဲဒါကြောင့်




သွေးလိုအပ်တဲ့ လူနာတွေအတွက် လိုအပ်တဲ့ သွေးအမျိုးအစားကို သွေးလှူရှင်တွေနဲ့ချိတ်ဆက်ပြီး သွေးသန့်ရရှိအောင် ကူညီဆောင်ရွက်ပေးပါတယ်။ ဆေးရုံတက်ရောက်ကုသနေတဲ့လူနာတွေ အောက်ဆီဂျင်လိုအပ်ရင်လည်း အောက်ဆီဂျင်ဘူးရော အောက်ဆီဂျင်ရော အခမဲ့ ကူညီပေးပါတယ်။ ဆေးရုံတက်နေတဲ့ လူနာတွေ အာဟာရဒါနကုသိုလ်ကိုလည်း အသင်းက အလှူရှင်တွေနဲ့ဆက်သွယ်ပြီး ကုသိုလ်ပြုနေပါတယ်။ နံနက်စာအတွက် ကြက်သားဆန်ပြုတ်နဲ့ နေ့ခင်းနဲ့ ညစာအတွက် ထမင်းနဲ့ဟင်းကို အာဟာရဒါန ကုသိုလ်ပြုလိုသူတွေ အနေနဲ့ အသင်းနဲ့ဆက်သွယ်ပြီး လှူဒါန်းလို့ရပါတယ်။ လူနာတွေအတွက် တခြားအကူအညီ တောင်းခံလာရင်လည်း ကျွန်တော်တို့အသင်းက ကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု ဗလငါးတန် လူငယ်ပရဟိတ သွေးလှူရှင်နှင့် အောက်ဆီဂျင်အခမဲ့ကူညီရေးအသင်း တာဝန်ခံ ကိုဝဏ္ဏအောင်က ပြောသည်။

ဗလငါးတန် လူငယ်ပရဟိတ သွေးလှူရှင်နှင့် အောက်ဆီဂျင်အခမဲ့ကူညီရေးအသင်းအနေဖြင့် သွေးလှူခြင်း၊ အောက်ဆီဂျင် အခမဲ့ကူညီခြင်းနှင့် လူနာများအား အာဟာရဒါန ကုသိုလ်ပြုခြင်းတို့ကို ဖေဖော်ဝါရီ ၁ ရက်မှ စတင်ကာ ဆောင်ရွက်နေခြင်းဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းအား ဂုဏ်ပြုသောအားဖြင့် ဗိုလ်ချုပ်၏ ၁၀၂ နှစ်ပြည့်မွေးနေ့ဖြစ်သော ဖေဖော်ဝါရီ ၁၃ ရက်တွင်မှ လူအများသိရှိစေရန် အခမ်းအနားကျင်းပ၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်းသိရသည်။ **အိမ့်နွန်ဆွေ(ရေစကြို)**


telenor
(၁၀)ဆ ပြန်ရမယ့်
ဒေတာ ပါဆယ်
Small
1GB
၂,၉၉၉ိ/-
Medium
4GB
၉,၉၉၉ိ/-
Large
10GB
၁၉,၉၉၉ိ/-
မကုန်ရင် နောက်လတွေအထိ ပါဆယ်ဆွဲသုံး
*979*2*7# ကိုဖုန်းခေါ်ဆိုပါ။
လစဉ်အပိုလက်ဆောင်များ
up to 4,000 sms
SMS
up to 4000 mb
5gb
capture
ဘာကြောင့် ဒေတာပါဆယ် Pack ကိုသုံးသင့်လဲ?
5%
ယခုလ ဒေတာသုံးစွဲမှုမှ လက်ကျန်
100%
နောက်လ ဒေတာ ပါဆယ်ဝယ်ယူမှု
105%
ယခုလ ဒေတာသုံးစွဲမှုမှ မကုန်ဘဲ ကျန်ခဲ့သောလက်ကျန် MBများကို နောက် မေလ(၂)ရက်နေ့ အထိ ဆက်လက် သုံးစွဲနိုင်ပါသည်။
www.telenor.com.mm

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုက်နယ်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၆-၂-၂၀၁၇ ရက်

**တင်ဒါပုံစံပိတ်ရက်နှင့်အချိန်** - ၂၀-၂-၂၀၁၇ရက်၊ ၁၆း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် ဆေးဝါးအချက်အလက်များကို သိရှိလိုပါက တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၃၅၈၃၊ ၀၅၉-၂၃၅၈၄ တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်

## ဆိုင်ခန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ရန်ကုန်နည်းပညာတက္ကသိုလ်ဝင်းအတွင်းတွင်ရှိသော ကွန်ပျူတာဆိုင်ခန်း၊ မိတ္တူဆိုင်ခန်း၊ စားသောက်ဆိုင်ခန်းများအား (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်အတွက် (၁-၄-၂၀၁၇)ရက်မှ (၃၁-၃-၂၀၁၈)ရက်အထိ (၁)နှစ်ငှားရမ်းလုပ်ကိုင်လိုသူများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ဤကြော်ငြာပါသည့်ရက်မှစ၍ ၃-၃-၂၀၁၇ ရက်အထိ ရုံးချိန်အတွင်း ရန်ကုန်နည်းပညာတက္ကသိုလ်(ကြို့ကုန်း)၊ ငွေစာရင်းဌာနတွင် လာရောက်ထုတ်ယူတင်သွင်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းများ၊ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အိတ်ဖွင့်တင်ဒါပုံစံဝယ်ယူသည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်း-၀၁-၉၆၆၃၂၆၉၊ ၀၁-၆၄၂၄၀၁နှင့် ၀၁-၆၅၁၇၂၁ တို့တွင် (ရုံးချိန်)အတွင်း စုံစမ်းနိုင်ပါသည်။

**ဆိုင်ခန်းများငှားရမ်းမှုတာဝန်ခံစစ်ဆေးရေးအဖွဲ့**
**ရန်ကုန်နည်းပညာတက္ကသိုလ်**

---

## နွေရာသီပန်တျာသင်တန်းသားနှင့် ပန်းချီသင်တန်းသားခေါ်ယူခြင်း

| | | |
|---|---|---|
| ၁။ | သင်တန်းဖွင့်မည့်နေရာ | (က) အနုပညာအထက်တန်းကျောင်း၊ရန်ကုန်မြို့။<br>(ခ) အနုပညာအထက်တန်းကျောင်း၊မန္တလေးမြို့။ |
| ၂။ | အသက် | အသက်(၅)နှစ်ပြည့်ပြီးသူ ဖြစ်ရပါမည်။ |
| ၃။ | သင်တန်းသားခေါ်ယူခြင်း | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့မှ ဖေဖော်ဝါရီလ (၂၅)ရက်နေ့အထိ |
| ၄။ | သင်တန်းစတင်ဖွင့်မည့်ရက် | ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလ(၂၇)ရက် |
| ၅။ | သင်တန်းကာလ | ရက်သတ္တပတ် (၄)ပတ် |
| ၆။ | တက်ရောက်လိုသောသင်တန်း | (က) ပန်တျာ (အဆို/အက)<br>(ခ) ပန်းချီ<br>(အခြေခံအဆင့်သင်တန်းတက်ရောက်ပြီးသူများ တန်းမြင့်သင်တန်းသို့ တက်ရောက်နိုင်ပါသည်။) (တန်းမြင့်သင်တန်းပြီးဆုံးပါက နွေရာသီ သင်ရိုးကုန်သင်တန်းသို့ တက်ရောက်နိုင်ပါသည်။) |
| ၇။ | သင်တန်းအချိန် | နံနက်(၉း၀၀)နာရီမှ နံနက်(၁၁း၀၀)နာရီအထိ |
| ၈။ | သင်တန်းကြေး | ကျပ်-၁၅၀၀၀/- |
| ၉။ | လျှောက်လွှာ | သင်တန်းတက်ရောက်လိုသူများသည် သင်တန်းလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါ ကျောင်းများတွင်ရယူလျှောက်ထားနိုင်ပါသည်-<br>(က) အနုပညာအထက်တန်းကျောင်း (ရန်ကုန်)။ အမှတ်(၁၃၁)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၄၆၉၅၊ ၀၁-၅၅၅၆၄၂<br>(ခ) အနုပညာအထက်တန်းကျောင်း (မန္တလေး)။ ၆၆လမ်း၊၂၀-၂၂လမ်းကြား၊ မန္တလေးမြို့။ ဖုန်း-၀၂-၆၁၁၆၉၊ ၀၂-၆၁၁၇၀ |

---

## မေတ္တာ စေတနာ ပန်းဥယျာဉ်၊ တောင်ကြီးမေတ္တာရှင် မျက်စိအလင်းဒါန မင်္ဂလာသတင်း

သံဃာ့ဩဝါဒခံ မေတ္တာရှင်ကုသိုလ်ဖြစ်ဆေးရုံ(တောင်ကြီး)တွင် ပြည်တွင်း/ပြည်ပ (USA, SEVA Foundation)မှ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိလူနာများကို ၂၀-၃-၂၀၁၇ ရက်မှ ၂၄-၃-၂၀၁၇ ရက်အထိ ကုသိုလ်ဖြစ် ခွဲစိတ်ကုသပေးမည်ဖြစ်ပါသဖြင့် သောကြာနေ့မှအပ ကျန်နေ့များတွင် နံနက်(၉း၀၀)နာရီမှ ညနေ(၄း၀၀)နာရီအထိ စစ်ဆေးပေးမည်ဖြစ်ပါ၍ မည်သူမဆို လာရောက်ပြသနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၈၁-၂၁၂၅၆၂၀၊ ၂၀၅၂၈၂၊ ၂၀၅၁၉၄၊ ၂၁၂၅၆၁၉**

**မေတ္တာရှင်အသင်း၊ တောင်ကြီးမြို့**

---

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာ ကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော ပုံမှန်သင်တန်းများနှင့် ကျွမ်းကျင်မှုအခြေပြုကာလတို သင်တန်းများအတွက် လိုအပ်မည့် အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များ၏ လက်တွေ့သုံးပစ္စည်းနှင့် လက်သုံးကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

(က) မြို့ပြအင်ဂျင်နီယာဘာသာရပ် (Civil Engineering)
(ခ) စက်မှုအင်ဂျင်နီယာဘာသာရပ် (Mechanical Engineering)
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘာသာရပ် (Electrical Power Engineering)

၂။ Open Tender ပုံစံများကို ၁၇-၂-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ဘဏ္ဍာရေးဌာနစိတ်၊ ရုံးအမှတ် ၂၁ တွင် တစ်စုံလျှင် ကျပ်(၁၀၀၀၀/-)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂၄-၂-၂၀၁၇ ရက် ညနေ ၄း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၃၈၉၊ ၀၆၇-၄၀၄၄၅၆ နှင့် Website ဖြစ်သော www.tvetmyanmar.org တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

---

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဝယ်ယူမည့် အောက်ဖော်ပြပါ ယန္တရားနှင့်ပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါ၍ ဘဏ္ဍာရေးနှစ်တွင်း အချိန်မီပေးသွင်းနိုင်မည့် ပစ္စည်းလက်ဝယ်ရှိ ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Skid Steer Loader (2-3.5 Ton) (၁)စီး
(ခ) Attachment Planer (14") (၁)စုံ

**တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁၅-၂-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၁-၂-၂၀၁၇ ရက်၊ ၁၆း၀၀ နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန (လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်း ထုတ်ယူနိုင်ပါသည်။

အင်ဂျင်နီယာဌာန(လမ်း/တံတား)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၃၂၀၃၇

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## တိုက်ခန်း ရောင်းမည်(သို့)ငှားမည်

ရန်ကုန်မြို့၊ ပန်းဆိုးတန်းလမ်း (အနော်ရထာလမ်းမကြီးအနီး)၊ ပထမထပ် ပေ(၂၅×၆၀) (နှစ်လွှာ) Square ft. (2700)ပေ၊ ပြင်ဆင်ပြီး (အသင့်နေနိုင်) ကြိုးဖုန်းပါဝင်သော တိုက်ခန်းအား ရောင်းမည် (သို့) နှစ်ချုပ်ဖြင့် ငှားရမ်းပါမည်။

**မှတ်ချက်။** တိုက်ခန်းအား ဝယ်ယူသူ (သို့မဟုတ်) ငှားရမ်းမည့်သူ ကိုယ်တိုင် လာရောက်ကြည့်ရှုပါရန်။

**စုံစမ်းရန်ဖုန်း-**၀၉-၅၀၃၈၁၆၉၊ ၀၉-၅၄၁၉၀၂၈၊ ၀၉-၅၁၇၃၀၄၈

---

## ကိုးဘွဲ့ရ ရိပ်သာ၌ နှစ်ညအိပ် သုံးရက် တရားစခန်း ဖွင့်လှစ်မည်။

နိုင်ငံကျော် ဓမ္မကထိက ကိုးဘွဲ့ရဆရာတော် အရှင် အာစာရာလင်္ကာရ အရှင်သူမြတ် ဦးဆောင်သည့် ကိုးဘွဲ့ရ ဝိပဿနာ တရားစခန်း ရိပ်သာ၌ မြတ်စွာဘုရား၏ ဒေသနာတော်အတိုင်း .....

**၂၀၁၇ - မတ်လ ၁၇ - ၁၈ - ၁၉ သောကြာ၊ စနေ၊ တနင်္ဂနွေ**
**၂၀၁၇ - မတ်လ ၂၄ - ၂၅ - ၂၆ သောကြာ၊ စနေ၊ တနင်္ဂနွေ**

နေ့များတွင် (၂) ညအိပ် (၃) ရက် တရားစခန်းများ ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ အနေဖြင့် လူကိုယ်တိုင်ဖြစ်စေ ,ဖုန်းဖြင့် ဖြစ်စေ ,စာရင်းပေးသွင်းနိုင်ပါပြီ။ (အာရုက်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည် လှူဒါန်းလိုသူများလည်း ဆက်သွယ်နိုင်ပါပြီ။)

ကိုးဘွဲ့ရ ဝိပဿနာ တရားစခန်း ရိပ်သာ၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ မြောက်-ဒဂုံ။
ကျောင်းဖုန်း - ၀၉ ၄၄၄ ၇၈၈ ၁၈၅

---

## ပြည်တွင်း၌သာ ခန့်ထားရန်

| | | | |
|---|---|---|---|
| ၁။ | Office Staff (နေပြည်တော်) | မ | (၅) ဦး |
| ၂။ | ကုန်သွယ်ရေး လိုင်စင်(Export & Import) | မ | (၅) ဦး |
| ၃။ | Computer Account | မ | (၅) ဦး |
| ၄။ | Office Staff (လှိုင်သာယာ) | မ | (၅) ဦး |
| ၅။ | အရောင်းဝန်ထမ်း | မ | (၁၀) ဦး |
| ၆။ | Marketing (နယ်သွားနိုင်ရမည်) | မ | (၁၀) ဦး |
| ၇။ | အထွေထွေလုပ်သား/အလုပ်ကြမ်း | ကျား | (၁၅) ဦး |

**လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ လစာကောင်းကောင်းပေးမည်။**

အမှတ်စဉ်အားလုံးအတွက် လျှောက်ထားသူသည် လုပ်ငန်းအတွေ့အကြုံရှိရမည်။ အကျင့်စာရိတ္တကောင်းမွန်၍ ရိုးသားကြိုးစားသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကာလာဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်/သန်းခေါင်စာရင်း/အလုပ်သမားမှတ်ပုံတင်/မိတ္တူ/ရဲစခန်းထောက်ခံစာ/ရပ်ကွက်ထောက်ခံစာတို့နှင့်အတူ အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**လျှောက်ထားရန်လိပ်စာ**

အမှတ်(၂၄၄/၂၄၆)၊ ကုန်ဈေးတန်းလမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၂၀၅၃

---

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်တော်ပိုင်ဆိုင်သော ပန်းပွင့်ဖြူစက်လှေ မှတ်ပုံတင်အမှတ် ON.5980 (A) 6RT.109.67 (HINO EK 100-51150 280 BHP) အား ဒေါ်သီတာခိုင်ခိုင်သင်း ၁၀/သဖရ(နိုင်)၀၃၇၁၉၇သို့ ၃၁-၁-၂၀၁၇ရက်တွင် အပြီးအပိုင်လွှဲပြောင်းရောင်းချထားပြီးဖြစ်ပါသောကြောင့် အဆိုပါစက်လှေနှင့် ပိုင်ဆိုင်ပတ်သက်ခြင်း လုံးဝမရှိတော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးယဉ်ထွေး ၁၄/ဘကလ(နိုင်)၀၀၁၁၁၉**
**(၅/က)၊ ၁လမ်း၊ နောက်လယ်ရပ်၊ မြိတ်မြို့**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂**

| | | |
|---|---|---|
| ဦးဇင်မိုး | နှင့် | ဦးစိုးဝင်း |
| တရားလို | | တရားပြိုင် |

ပြင်ဦးလွင်မြို့၊ ဆင်ခေါင်းကြီးကျေးရွာအုပ်စု (အနီးစခန်း)၊ အောင်မင်္ဂလာရပ်၊ (၇)လမ်းနေ ဦးစိုးဝင်း ၁၃/တယန(နိုင်)၀၁၃၇၇၄ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် မတ် ၃ရက် (၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီနီမြင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်းစုမြို့နယ်၊ ကမ်းကြီးကျေးရွာအုပ်စု၊ ကမ်းကြီးကျေးရွာနေ အထက(ကျွန်းစု)မှ ခုံအမှတ်(တစ-၃၆၄)ဖြင့် တက္ကသိုလ်ဝင်တန်းအောင် မအေးအေးမိုး၏ဖခင် ဦးဆန်ရှားနှင့် ဦးစံလှမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဆန်ရှား(ခ)ဦးစံလှ ၆/ကစန(နိုင်)၀၅၈၈၅၇**

---

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(ခွဲ) အလက(၄) တောရကျောင်း နဝမတန်း(B) မှ မရတနာမိုး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးမောင်စိုး ဖြစ်ပါကြောင်း။ **ဦးမောင်စိုး ၆/လလန(နိုင်)၀၄၀၆၇၁**

---

## ဖခင်အမည်မှန်

အောင်လံမြို့နယ် မောက်တင်ကျေးရွာ အထက(ခွဲ)ကျောင်းတွင် ပညာသင်ကြားနေသောပဉ္စမတန်းကျောင်းသား မောင်ဘုန်းမင်းခန့်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးဆန်းဝင်း ဖြစ်ပါသည်။ **ဦးဆန်းဝင်း**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၆၉၈၃၆ Honda Wave S 110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လင်းစိုး ၁၀/မလမ(နိုင်)၁၉၃၇၂၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၅၄၉၀၅ Honda Wave 100 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်လင်း ၁၀/ရမန(နိုင်)၀၇၄၂၉၈က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

---

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
၀၆/၂၀၁၆-၂၀၁၇ ကြိမ်မြောက်

## စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း **ကျွန်း/သစ်မာ သစ်လုံး/သစ်ခွဲသားများ (၁၄၂၈၀)**တန်ခန့်ကို မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(အထူး)အိတ်ဖွင့်တင်ဒါ - (၇/၈/၉-၃-၂၀၁၇)ရက် နံနက် ၀၈း၀၀ နာရီမှ စတင်မည်။
- ရန်ကုန်တိုင်းဒေသကြီး/ စစ်ကိုင်းတိုင်းဒေသကြီး/ မန္တလေးတိုင်းဒေသကြီး/ ဧရာဝတီတိုင်းဒေသကြီး/ပဲခူးတိုင်းဒေသကြီး(အရှေ့)/တနင်္သာရီတိုင်းဒေသကြီး/ ရှမ်းပြည်နယ်(တောင်ပိုင်း)/ကချင်ပြည်နယ်/ရခိုင်ပြည်နယ်
- (ပိတောက်/တမလန်းသစ်များလည်း ပါဝင်ပါသည်)

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**ပြည်တွင်း ရောင်း/စက်**


# နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူများကို အောက်ပါဈေးနှုန်းအတိုင်းပို့ဆောင်ပေးပါမည်။ ခရီးစဉ်အားလုံးစားရိတ်ငြိမ်းဖြစ်ပါသည်။

၁၂ ရက်ခရီး - ဟိုတယ်(၃)ည → ဈေးနှုန်း (စရံငွေ ၂ သိန်း + ဒေါ်လာ ၇၀၀)
၁၅ ရက်ခရီး - ဟိုတယ်(၅)ည → ဈေးနှုန်း (စရံငွေ ၂ သိန်း + ဒေါ်လာ ၇၅၀)


၁၅ ရက်ခရီး - ကိုလ်းကတ္တားပါဟိုတယ်(၄)ည → (စရံငွေ ၂ သိန်း + ဒေါ်လာ ၈၀၀)
နယူးဒေလီ၊တပ်ချ်မဟာ၊ကိုလ်းကတ္တား၊သိပ္ပံကမ္ဘာ၊ဝိတိုရိယဘုရင်မပြတိုက်၊ Shopping

ထွက်ခွာမည့်ရက်များ- မတ်လ-၁၊ ၄၊ ၁၅၊ ၁၈၊ ၂၅ ။ (ဧပြီ ၁၊ ၃၊ ၁၂ - ၁၅ ရက်ခရီး)
(ဧပြီ ၅ - ၇ ရက်ခရီး)၊ (ဧပြီ ၈ -၁၂ ရက်ခရီး)၊ ရက်တို သီးသန့်ခရီးစဉ်များ စီစဉ်ပေးပါသည်။
(၁၆)ဦး စုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ ပို့ဆောင်ပေးပါသည်။ Hot Line 095120529
ဖုန်း-၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄
ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။
အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



Since 1996
Home
think of House, think of Home

# Kitchen Cabinet
## Special Promotion



Buy 4' Kitchen Set ဝယ်ရှူင် → Get 1Box လက်ဆောင်



ပထမဆုံးဝယ်ယူသူ (၃၀)ဦးအထိသာ

ယခင်ဈေး 168,000 ယခုဈေး 149,000

ပိတ်ရက်မရှိ

➤ အမှတ် ( E-11A ) လေးထောင့်ကန်လမ်းမကြီး၊ ဘီအိုစီ မှတ်တိုင်၊ သင်္ကန်းကျွန်း၊ ရန်ကုန်မြို့။
➤ အမှတ်(၄/၄၆၇)၊ (၂)ရပ်ကွက်၊ အပိုင်(၄)၊ တပင်ရွှေထီးလမ်း၊ မဟာမြိုင်မှတ်တိုင်အနီး၊ ပဲခူးမြို့။
HOTLINE: 09-79 700 70 71
09-79 700 70 81



# အခမဲ့ Facebook, Viber, BeeTalk နှင့် ဖုန်းခေါ်ဆိုခြင်း

ooredoo

*5050# ကို ခေါ်ဆိုပြီး ငွေဖြည့်ပါ။



| ငွေဖြည့်သွင်းမှု | နေ့စဉ် အခမဲ့ | သက်တမ်း |
|---|---|---|
| ၁,၀၀၀ ကျပ် - ၂,၉၉၉ ကျပ် | 500 MB Facebook | ၃ ရက် |
| ၃,၀၀၀ ကျပ် - ၉,၉၉၉ ကျပ် | 100 MB Viber / BeeTalk | ၅ ရက် |
| ၁၀,၀၀၀ ကျပ်နှင့် အထက် | အူရီဒူး အချင်းချင်း မိနစ် ၅၀ ဖုန်းခေါ်ဆိုမှု | ၁၅ ရက် |

အခုပဲ *666# ကိုခေါ်ဆိုပြီး ဆင်းကတ်မှတ်ပုံတင်ကြပါစို့



MMRD မြန်မာ့စက်မှုလုပ်ငန်းများလမ်းညွှန်

# သင့်လုပ်ငန်းအတွက် အကောင်းဆုံးလမ်းညွှန်

Myanmar Industries Directory



Print 2017-18
www.industrialdirectory.com.mm
https://www.facebook.com/mmindustry

၂၀၁၇ အတွက် ကြော်ငြာများထည့်သွင်းလိုပါက

▪ YGN
Hot Line : 09 44800 1662
Email: ydg.adv@mmrdpub.com

▪ MDY
Hot Line : 02 4000611
Email: mdg.adv@mmrdpub.com

## ဗိုလ်မှူးကြီးကြည်ဝင်း(ငြိမ်း) အသက်(၆၇)နှစ်
**DSA (15) INTAKE (ကြည်း-၁၂၇၀၈)**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း**
**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

ရန်ကုန်မြို့နေ [ဗိုလ်မှူးကြီးဝင်းဖေ(ငြိမ်း)-ဒေါ်ရင်ရင်]တို့၏ သားကြီး၊ ဗိုလ်မှူးချုပ်စိန်ရ(ငြိမ်း)-(ဒေါ်ယဉ်ယဉ်လှ)တို့၏သားသမက်၊ ဒေါ်အေးအေးသန့်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးရည်ဝင်း)၊ ဒေါက်တာကောင်းဝင်း-ဒေါက်တာယုယုတင်၊ (ဦးသန့်ဝင်း)တို့၏အစ်ကို၊ ဦးသက်မောင်စန်း-ဒေါ်နှင်းအိဝင်း၊ ဒေါ်ယဉ်မင်းဖြိုးတို့၏ချစ်လှစွာသောဖခင်သည် ၁၂-၂-၂၀၁၇ရက် နံနက် ၃း၃၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁၈-၂-၂၀၁၇ ရက်(စနေနေ့)တွင် အမှတ် ၈၀(J)၊ ကမ္ဘာ့ဧလမ်း၊ လမ်းသွယ်(၂)၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးကြည်ဝင်း(ငြိမ်း)
**DSA (15) INTAKE၊ ကြည်း(၁၂၇၀၈)**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း**
**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့နေ [ဗိုလ်မှူးကြီးဝင်းဖေ(ငြိမ်း)-ဒေါ်ရင်ရင်]တို့၏ သားကြီး၊ ဗိုလ်မှူးချုပ်စိန်ရ(ငြိမ်း)-(ဒေါ်ယဉ်ယဉ်လှ)တို့၏သားသမက်၊ ဒေါ်အေးအေးသန့်၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြီးကြည်ဝင်း(ငြိမ်း)သည် ၁၂-၂-၂၀၁၇ရက် နံနက် ၃း၃၀နာရီတွင် ရန်ကုန်မြို့၊ ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။
**ဗိုလ်မှူးချုပ်သိန်းဇော်(ငြိမ်း)-ဒေါ်မူမူဝင်း**

## ဦးမျိုးကျော်ခိုင်(ခ)ကိုဖုန်း
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအော်တိုတယ်လီဖုန်း**
**မောင်ထော်လေးအိတ်ချိန်း(စက်မှု-၄)**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၅၆)ရပ်ကွက်၊ စိန်ရတနာ ၃လမ်း၊ အမှတ် ၁၈၆နေ [ဦးလှခိုင်-ဒေါ်သန်းသန်းအေး(ခ)Lily Abel)]တို့၏သား၊ ဦးဝင်းမြင့်-ဒေါ်မူမူခိုင်၊ ဦးမျိုးဇင်ခိုင်၊ ဦးမြင့်အောင်-ဒေါ်မာလာခိုင်၊ ဦးမျိုးဝင်းခိုင်-ဒေါ်သီဂီခိုင်တို့၏ညီ/မောင်၊ ဒေါ်ဆွေဆွေဝင်း(Care Myanmar)၏ချစ်လှစွာသောခင်ပွန်း၊ မောင်သူအောင်(IOM မော်လမြိုင်)၊ မောင်မင်းသက်ကျော်၊ မောင်ကောင်းထက်သူတို့၏ဖခင်သည် ၁၅-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

## ဓမ္မသံဝေဂဖြစ်တော်မူခြင်း
## ဗိုလ်မှူးသူရိန်ကျော် (ငြိမ်း)
**ဌာနမှူး၊ တိ/ကုဌာနနှင့် ကျန်းမာရေးဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**အသက်(၅၁)နှစ်**

ဗိုလ်မှူးကြီးလှမြင့်ကျော်(ငြိမ်း) - ဒေါ်တင်တင်ဝင်းတို့၏သား၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)-ဒေါ်ခင်ချိုဦးတို့၏သားသမက်၊ ဒေါ်နန်းကလျာဝင်း၏ခင်ပွန်း ကထိန်ဒါယကာကြီး ဗိုလ်မှူးသူရိန်ကျော်(ငြိမ်း)သည် ၉-၂-၂၀၁၇ ရက် မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဓမ္မသံဝေဂဖြစ်ရပါသည်။
**မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်**
**ဆရာတော်ကြီးများနှင့်တပည့်သံဃာတော်များ**

## အထူးကျေးဇူးတင်ရှိခြင်း
## ဗိုလ်မှူးလှဖုန်း(ငြိမ်း) တပ်မတော်(ရေ)
**D.S.A (35)၊ ရေ-၃၆၅၈**
**မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်(ငြိမ်း)**
**Business Development Manager Trader Hub Company**
**အသက်(၄၆)နှစ်**

၁၁-၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားသော ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၂၀)၊ အခန်း(၂၇)နေ ဒေါ်ခင်သီတာစိုး(ကထိက) ထိုင်းဘာသာဌာန (YUFL)၏ချစ်လှစွာသောခင်ပွန်း ဗိုလ်လောင်းကောင်းထက် (ပနှစ်-DSTA)၊ မသဒ္ဒါဖြူ(တတိယတန်း T.T.C)တို့၏ ချစ်လှစွာသောဖခင် ဆေးရုံတက်စဉ်မှ ကွယ်လွန်ပြီး နာရေးကိစ္စအဝဝကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)မှ ပါရဂူဆရာဝန်ကြီးများ၊ ဆေးရုံဝန်ထမ်းများအားလုံး၊ စစ်ဘက်/နယ်ဘက်မှ ဌာနဆိုင်ရာဝန်ထမ်းများအားလုံး၊ Y.U.F.L မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအားလုံး သတင်းမေးမြန်းကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးတို့ကို အထူးပင်ကျေးဇူးတင်ရှိပါသည်။
**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်ရဲလေး(ခ)
## ဒေါ်ပုတ်ပုတ် (ဣန္ဒြတံ)
**ပခုက္ကူ**
**အသက်(၆၇)နှစ်**

ပခုက္ကူမြို့၊ (၁၀)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ(ဦးကြည်-ဒေါ်သန်းထွေး)တို့၏သမီး၊ ရန်ကုန်မြို့၊ ၅၂အောက်လမ်း၊ တိုက် ၄၂၊ ပထမထပ်နေ ဦးဘိုးထူး (ဒုတိယအထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း) - ဒေါ်ခင်ရဲလတ် (စာရင်းစစ်မှူး၊ ငြိမ်း၊ စာရင်းရုံး)တို့၏ ညီမ၊ကိုဇော်နောင်ထူး-ဒေါက်တာမေသူခိုင်(ရန်ကင်းကလေးဆေးရုံကြီး)တို့၏ အဒေါ်၊ မထူးသီရိသူ၏ အဘွားလေးသည် ၁၅- ၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၂-၂၀၁၇ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

## ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဦးစိုးလွင် (ပုလောမြို့)
**အသင်းဝင်အမှတ်-၁၈၁၅**
**အသက်(၆၄)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၄)ရပ်ကွက်၊ မကျည်းပင်လမ်းနေ ဒေါ်ဝင်းကြူ၏ခင်ပွန်းသည် ၁၄-၂-၂၀၁၇ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။
အမှုဆောင်အဖွဲ့

သင့်သွေးဖြင့်
အသက်ကယ်ပါ

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်စောရင် (တောင်ကြီး)
**ဒု-သူနာပြုချုပ်(ငြိမ်း)**
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ သိက္ခာတော်ရဆရာတော်(ဦးနိုင်ဘရှင်)၏ဇနီး၊ Rev ဦးမင်းစိုးမြင့်-ဆရာမဒေါ်ဝင်းရီ၊ ဦးနိုင်ထွန်းသိန်း-ဆရာမ ရုသ် (Ruth) Rev ဦးနိုင်ထွန်းသန်း-ဆရာမဒေါ်အေးအေးစော၊ (ဒေါက်တာဦးအုန်းကြိုင်)-ဒေါက်တာမြရည်နှင်း(မေရီရှင်)တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ် ၁၀ယောက်တို့၏အဘွားသည် ၁၅-၂-၂၀၁၇ရက် နံနက် ၂း၄၅နာရီတွင် ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ် ၁၄၀/(က) နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၂-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး မွန်းလွဲ ၂နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။
ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်စောရင် (တောင်ကြီး)
**ဒု-သူနာပြုချုပ်(ငြိမ်း)**
**အသက်(၉၂)နှစ်**

တောင်ကြီးမြို့နေ (ဦးထွန်း-ဒေါ်နန်းအိုင်)တို့၏သမီး၊ သိက္ခာတော်ရ ဆရာတော် (ဦးနိုင်ဘရှင်)၏ဇနီး၊ [ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)-ဒေါ်စောခင်]၊ (ဦးအယ်ဒီထွန်း)-ဒေါ်အေးအေးမြင့်တို့၏အစ်မ၊ ဦးခင်မောင်ဦး(သ/မဦးစီး)-ဒေါ်နီနီဦး(သ/မဦးစီး)၊ ဗိုလ်မှူးတင့်ဇော်(ငြိမ်း)-ဒေါ်နိုင်နိုင်ဦး၊ (ဦးမြဟန်)-ဒေါ်လေးသီတာ၊ ဦးလှမြင့်-ဒေါ်မြင့်မြင့်ထွေး၊ ဦးဇော်ဦး-ဒေါ်သီတာ၊ ဦးအောင်မိုး-ဒေါ်သဥ္ဇာ၊ ဦးဇော်လွင်ထွန်း(ခ)ဦးအောင်စိုး-ဒေါ်ကြည်ပြာလှိုင်၊ ဒေါ်နီလာထွန်းတို့၏ကြီးကြီး၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၅-၂-၂၀၁၇ရက် နံနက် ၂း၄၅နာရီတွင် အမှတ် ၁၄၀(အခန်း က)၊ (၄)ရပ်ကွက်၊ရန်ကင်းမြို့နယ်နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၂-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး မွန်းလွဲ ၂နာရီတွင် မီးသင်္ဂြိုဟ်ပါမည်။
ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းသန်းအေး အသက်(၇၅)နှစ်
**မြန်မာ့ကုန်တိုက်(ငြိမ်း)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နေ (ဦးစောဖေ-ဒေါ်အောင်ကြည်)တို့၏သမီး၊ (ဦးလှကြူ-ဒေါ်မြမြငွေ)၊ (ဦးကိုကိုကြီး)-ဒေါ်ကြည်ကြည်ဝင်းတို့၏ညီမ၊ (ဦးအောင်ဆန်း-ဒေါ်မီမီစိန်)၊ (ဦးတင်ညွန့်)-ဒေါ်ခင်စန်းကြွယ်၊ ဦးဘုန်းမြင့်-(ဒေါ်ခင်မြတ်ကြူ)တို့၏အစ်မ၊ ဒေါ်သီသီဦး၊ [မောင်မောင်ဦး(ခ)ရဲလင်း] တို့၏မိခင်၊ ဗိုလ်ကြီးကျော်သန်းဦး-မမို့မို့ဇော်သင်း၊ မောင်မြင့်အောင်ဆန်း၊ မောင်သျှိုင်းလင်းထွန်းတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၅-၂-၂၀၁၇ ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဇေယျာသီရိ ၆လမ်း၊ အမှတ် ၉၇၀ နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

၉-၂-၂၀၁၇ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော မိခင်ကြီး ဒေါ်ချိုချိုမာ (တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ၊ အုတ်ကျင်း၊ ငြိမ်း) အသက်(၇၀) နာမကျန်းဖြစ်စဉ် ကုသပေးခဲ့သော ရန်ကုန်ဆေးရုံကြီး အရေးပေါ်အထူးကြပ်မတ်ကုသဆောင်မှ ဆရာဝန်များ၊ သူနာပြုများ၊ နာရေးအတွက် လူအားငွေအားဖြင့် ပံ့ပိုးကူညီပေးသော ဆွေမျိုးများ၊ ရပ်မိရပ်ဖများ၊ အဖြူရောင်လူမှုကူညီရေးအဖွဲ့၊ PSI-Myanmar မှ လုပ်ဖော်ကိုင်ဖက်များ၊ ဒဂုံတက္ကသိုလ်/မော်ဘီ GTC၊ထ(၂)မရမ်းကုန်း၊ Brain Works School တို့မှ သူငယ်ချင်းပေါင်းများ၊ ရွှေတောင်ကုန်း DVY မိသားစုမှ မယုဇနခင်နှင့် သူငယ်ချင်းများကို အထူးကျေးဇူးတင်ရှိပါကြောင်း။
**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ရဲတပ်ကြပ် ညီညီထွေး
**မြောက်ဥက္ကလာပမြို့မရဲစခန်း**
**အသက်(၄၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ အရှေ့ပိုင်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှ လ ၁၅၁၈၀၇ ရဲတပ်ကြပ်ညီညီထွေးသည် ရဲတပ်ဖွဲ့လုပ်ငန်း တာဝန်များကိုထမ်းဆောင်ရင်း ၁၃-၂-၂၀၁၇ရက် နံနက် ၃း၂၀နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။
**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့်**
**ရဲတပ်ဖွဲ့ဝင်မိသားစုများ**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်နီနီအောင်(ခ)
## Carole Bride
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အမှတ် ၁၃၄၆နေ (MR. C.E BRIDE-MRS. STELLA BRIDE)တို့၏သမီး၊ ဦးထွန်းသန်း၏ဇနီး၊ (MR. NEVILLE BRIDE)၏ညီမ၊ (MRS. YVONNE CHAN)၊ MR. IAN BRIDE, MRS. HEATHER HLA, MRS. ELIZEBETH SOE,MRS.ADELE SOE,MR.PETER BRIDE,MR. GERALD BRIDE, MRS.MARY ANNA တို့၏အစ်မ၊ ဦးဆန်နီထွန်း၊ ဦးဂျော်နီထွန်း၊ ဦးရဲနီထွန်း၊ ဒေါ်နယ်လီထွန်း၊ ဦးရဲသီဟထွန်း၊ ဒေါ်ဇင်မာထွန်းတို့၏မိခင်၊ မြေး ခုနစ်ယောက်တို့၏အဘွားသည် ၁၄-၂-၂၀၁၇ရက် ညနေ ၃း၃၀နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၆-၂-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် တာမွေမြို့နယ် စိန့်ဖရန်းစစ်အစီစီဘုရားကျောင်းသို့ တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

## ဦးကျော်တင့်
**အသက်(၆၂)နှစ်**

မိုးကုတ်မြို့နေ (ဦးဘရွှေ-ဒေါ်ညွန့်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးမောင်ရှောင်-ဒေါ်ခင်ရီ)တို့၏ သားသမက်၊ မိုးကုတ်မြို့နေ ဦးဘအေး၏ တူ/သား၊ ရန်ကုန်မြို့၊ အမှတ် ၁၀၃၊ အခန်း ၁၊ ရန်ကင်းလမ်းသွယ်(၇)နေ ဒေါ်အေးအေးလှိုင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဇော်မျိုးဦး၊ မောင်ဇော်မျိုးထက်တို့၏ဖခင်သည် ၁၄-၂-၂၀၁၇ရက် (အင်္ဂါနေ့) ည ၁၁း၅၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆-၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၀-၂-၂၀၁၇ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

## ဒေါ်နိုးလာ
**(အိုးအိမ်ဦးစီးဌာန၊ ငြိမ်း)**
**ဗိုလ်တထောင်မြို့နယ်**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မြေညီ၊ အမှတ် ၁၁၉၊ ၄၃လမ်းနေ (ဦးစောကော်မူ-ဒေါ်မူတူး)တို့၏ သမီး၊ ဦးတင်သိန်း(အိုးအိမ်ဦးစီးဌာန၊ အရာရှိ၊ ငြိမ်း)၏ဇနီး၊ ဦးခင်မောင်လွင်-ဒေါ်အေးအေးသိန်း(ခ)အေမီ၊ ဦးတင်မောင်သိန်း(ခ)မောင်မောင် - ဒေါ်ဆွေဝင်း၊ (မဥမ္မာသိန်း)၊ မစန္ဒာသိန်း(Myanmar China harbour Engineering Co., Ltd)တို့၏မိခင်၊ မောင်စည်သူထက်၊ မောင်မိုးသီဟ၊ မောင်သူရလွင်၊ (မောင်ရဲလင်းထွန်း)၊ မခင်မမလွင်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၅-၂-၂၀၁၇ရက် နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၂-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်ထွေး
**အထပြ(ငြိမ်း)**
**(ခိုင်ဇာလင်း-ရွှေဆိုင်)**
**အသက်(၇၉)နှစ်**

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်၊ အောက်လမ်းမကြီး၊ အမှတ် ၃၂၅နေ (ဦးစံလင်း-ဒေါ်အေးကြည်)တို့၏သမီး၊ (ဦးမောင်ကြီး - ဒေါ်မာ)တို့၏ချွေးမ၊ ဦးစံဝင်း၏ဇနီး၊ ဦးသန်းထက်စံ- ဒေါ်စိုးမြတ်မြတ်ဝင်း (ဖြိုးသက်-ရွှေဆိုင်)၊ ဒေါက်တာဦးအောင်ထက်စံ-ဒေါ်ကြည်ကြည်အောင်၊(ဦးရဲထက်စံ)၊ ဒေါက်တာဦးကျော်ကျော်ဦး-ဒေါက်တာဒေါ်ခိုင်ဇာလင်း(သွားဆေးခန်း)တို့၏မိခင်၊ မမင်းမြတ်ထက်စံ၊ မအိဖူးထက်စံ၊ မကလျာထက်စံ၊ မောင်အာကာထက်စံတို့၏ အဘွားသည် ၁၄-၂-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၇ရက် (သောကြာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ထွေးမို
**အထက(၁)ဖြူး**
**အထပြ(ငြိမ်း)**
**အသက်(၇၃)နှစ်**

ဖြူးမြို့နေ(ဦးဘိုးမို-ဒေါ်ဆင့်)တို့၏ သမီး၊ ဗိုလ်ကြီးစိုးဝင်း(ငြိမ်း)၏ ဇနီး၊ ကိုဇော်အောင်ထွေး-မဖြိုးဖြိုးဝင်းတို့၏ မိခင်၊ မဖြူသင်းခိုင်(ရေကြောင်းတက္ကသိုလ်၊ ပဋ္ဌမနှစ်)၊ မသွန်းထက်အိမ်တို့၏ အဘွားသည် ၁၅-၂-၂၀၁၇ရက် နံနက် ၉း၃၀နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၇-၂-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

## ဒေါ်ပြုံးပြုံးတင် (စလင်းမြို့)
**ဗဟိုဘဏ်(ငြိမ်း)**
**အသက်(၆၅)နှစ်**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ပေါင်းပင်ဇင်းရပ်နေ (ဦးဟန်တင်-ဒေါ်အိမေ)တို့၏သမီး၊ ဦးကျော်စိုးသူ(ပြည်ထဲရေး)-ဒေါ်ကေဇင့်ဝါသန်း(ဗဟိုဘဏ်)၊ ဦးဝင်းထွန်းသိန်း (ပြည်ခိုင်ဖြိုး)-ဒေါ်မိုးမိုးသိန်း(ပြည်ခိုင်ဖြိုး)၊ ဦးဇော်လွင်ဦး (ပြည်ခိုင်ဖြိုး)-ဒေါ်မြတ်မြတ်စိုး (ပြည်ခိုင်ဖြိုး)၊ ဦးအောင်သူ-ဒေါ်အိသဇင်နွယ်၊ ဦးမင်းမြင့်သိန်း-ဒေါ်ဟေမာငြိမ်းတို့၏မိခင်၊ မြေး ၁၀ယောက်တို့၏ အဘွား၊ [ဦးစိုးသိန်း(ဗဟိုဘဏ်)]၏ဇနီးသည် ၁၅-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၁-၂-၂၀၁၇ရက်(အင်္ဂါနေ့) နံနက်တွင် ရွှေပြည်သာမြို့နယ်၊ ည/၁၁ ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ် ၈၉၅ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တအာသဘ
**(ချောင်းဆုံမြို့နယ်၊ မူးရစ်ကလေးရွာ)**
**သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ နိမ္မိတာရုံကျောင်း၌ သီတင်းသုံးတော်မူသော ဘဒ္ဒန္တအာသဘသည် (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) ၁၄-၂-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် တပို့တွဲလပြည့်ကျော် ၅ရက်) ၁၆-၂-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အဠိမအဂ္ဂိဈာပန ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာတော်၏ ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နိမ္မိတာရုံကျောင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)
တပည့်ဒါယကာ၊ ဒါယိကာမများ

## ဘုရားဒါယကာ
## ဦးလှအောင်(ခ)ဦးလောဂူး (မိုးမိတ်မြို့)
**အသက်(၉၀)**

မိုးမိတ်မြို့မြောက်ပိုင်းရပ်နေ (ဦးတာကွမ်း-ဒေါ်လင်ကျင်)ဝေကြည်စတိုး၊ မိုးကုတ်မြို့၊ အောင်နန်းရပ်နေ(ဦးအေးမောင်-ဒေါ်စိန်ရင်)လူထုအလင်း၊ မိုးမိတ်မြို့မြောက်ပိုင်းရပ်နေ(ဦးလောစန်း-ဒေါ်ငွေး)မြို့ချစ်၊(ဦးသာရင်)-ဒေါ်ကွေကျင်းယဉ်ယဉ်လေးတို့၏ညီ/မောင်၊ မိုးမိတ်မြို့နေ ကိုတင်ဦး-(မနီနီလွင်)၊ (ကိုကြီး)-မခင်လေးသန်း၊ (ကိုလေး)၊ (ချိုတူး)၊ (ဖိုးသား)၊ ကိုညွန့်ထွေး-မအဲမီး၊ ကိုဝင်းမောင်-မမိချောတို့၏ချစ်လှစွာသောဖခင်၊ ကိုအာကာဦး-မခင်စုစုအောင်(ပန်းတိုင်သစ် နေ့အထူးနှင့်ဘော်ဒါ)၊ မဟန်နီဦး၊ မောင်နေပိုင်ဦး၊ ဂျွန်စိုပြေ- မခြူးမြတ်သွယ်၊ မောင်ထွန်းမင်းသူ-မခင်မေလွင်၊ မောင်ကျော်မင်းသူ၊ မောင်အောင်သူမင်း၊ မအီးပုတ်၊ မအဝေရာ၊ မအိအိလွင်(ပြည်သူ့ဆေးရုံ၊ မိုးကုတ်)၊ မနုနုဝေ၊ မအိမ့်ပိုင်းစုမိုး၊ မောင်အောင်ပြည့်ဖြိုး၊ မောင်ဖြိုးသက်နိုင်တို့၏အဘိုး၊ မောင်မင်းဘုန်းမြတ်၏ဘိုးဘိုးကြီး၊ မိုးမိတ်မြို့နေ(ဒေါ်ညို)၏ချစ်လှစွာသောခင်ပွန်းသည် ၁၅-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၂း၃၀နာရီတွင် မိုးမိတ်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် မိုးမိတ်မြို့ တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှလှရီ(ခ)ဒေါ်ဘေဘီ
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ငြိမ်း)**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းငွေးကြွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ် ၆၀နေ (ဦးထွန်းကြည်-ဒေါ်အေးစိန်)တို့၏သမီး၊ ဦးအုန်းမြင့်(ဦးစီးအရာရှိ၊ ငြိမ်း၊ ရန်ကုန်တိုင်းသမဝါယမဦးစီးဌာန)၏ ချစ်လှစွာသောဇနီး၊ ကိုမြတ်သူ (အရှေ့ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်) - မအိအိမွန် (Pun Hlaing, Siloam Hospital)၊ မခင်မိုးဖြူ(M.N.T Co.,Ltd.)တို့၏မိခင်၊ မောင်ဖွဲ့ဘုန်းမြတ်၏အဘွား၊(ဦးမြင့်အေး)၏ညီမ၊ ဒေါ်မြင့်မြင့်ရီ၊ ဒေါ်မြမြရီ၊ (ဦးမောင်မောင်အေး-ဒေါ်သက်သက်မော်)၊ ဒေါ်မြမြသိန်း၊ ဦးတင်ရွှေ-ဒေါ်လှလှထွေးတို့၏ အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏အဒေါ်သည် ၁၅-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သမ္မာဒိဋ္ဌိလမ်းနေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ခွာပါမည်။)
ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှလှမြင့်
**ဒေါ်ထွေး(ငရုပ်သီးမှုန့်အမျိုးမျိုးထုတ်လုပ်ဖြန့်ချီရေး၊ သိမ်ကြီးဈေး)**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ အမှတ် ၄၄၇နေ (ဦးအေးမောင်-ဒေါ်ထွေး)တို့၏သမီး၊ (ဦးခင်မောင်-ဒေါ်ငွေးရင်)တို့၏သမီးချွေးမ၊ဦးသိန်းဝင်း၏ဇနီး၊ ဗိုလ်ကြီးသောင်းဦး(ငြိမ်း)-ဒေါ်ခင်အိအိဝင်း၊ဦးညီညီစိန်-ဒေါ်နွယ်နွယ်ဝင်း၊ ဦးသန်းနိုင်ဝင်း-ဒေါ်စုစုဝင်း၊ မဇင်မာနွယ်တို့၏မိခင်၊ မဆုလှဲ့ဝေ၊ မောင်ဟိန်းသန့်ဝေလျံထက်၊ မဟယ်သာလင်းသန့်၊ မောင်နိုဗယ်ညီမင်းခေတ်တို့၏အဘွားသည် ၁၅-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၀၀း၁၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၁-၂-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေး
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့နေ (ဦးသန်းလွင်-ဒေါ်တင်လှ)တို့၏သမီး၊ မရမ်းကုန်းမြို့နယ်၊ သလ္လာဝတီလမ်း၊ အမှတ် 9 D2 နေ ဦးမင်းဟန်(MD Golden Hawks Int'l Ltd.)၏ချစ်လှစွာသောဇနီး၊ (ဦးမျိုးလွင်)-ဒေါ်စန္ဒာခိုင်(အမက-၂၊ ပန်းဘဲတန်း)၊ ဒေါ်မျိုးမျိုး၊ ဦးကျော်ငွေးနိုင်(မဟာနွယ်ပုံနှိပ်တိုက်)-ဒေါ်မူမူအေးတို့၏အစ်မ၊ ဒေါ်စုစုလှ၊ ဦးလှမင်း(Director Golden Hawks Int'l Ltd၊ ဒု-ဥက္ကဋ္ဌ၊ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၊ ဒုဥက္ကဋ္ဌ၊မဟာဝိဟာရဓမ္မဝိနယဗုဒ္ဓတက္ကသိုလ်၊ နာယကရက္ခပူရလင်္ကာရအသင်း၊ ရန်ကုန်)-ဒေါ်ယမင်းဝင်းသန့်၊ ဒေါ်မေဇင်အေး(MD AT & S Co., Ltd)တို့၏မိခင်၊ မောင်လပြည့်သစ် (UWC Grade XII စင်ကာပူ)၊ မောင်သက်လင်းထက်(YIS Grade V)၊ မောင်ထက်ရဲရင့် (YIS Grade II)တို့၏အဘွားသည် ၁၃-၂-၂၀၁၇ရက် (တနင်္လာနေ့)ညနေ ၄း၄၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေး
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့နေ (ဦးသန်းလွင်-ဒေါ်တင်လှ)တို့၏သမီး၊ မရမ်းကုန်းမြို့နယ်၊ သလ္လာဝတီလမ်း၊ အမှတ် 9D2 နေ ဦးမင်းဟန်(MD. Golden Hawks Int'L Ltd)၏ချစ်လှစွာသောဇနီး၊ ဦးဘဂဝန်ဒါ့စ်-(ဒေါ်ရေခါးဒေဝီ)၊ ဦးရမ်ဒါ့စ်-ဒေါ်ဆန်သီဒေဝီတို့၏ခယ်မ၊ ဦးရာမေ့စ်-ဒေါ်နီသာတို့၏မရီး၊ ဒေါ်ကွန်သီ-ဦးဂျဝါဟာလာလ်တို့၏ယောက်မ၊ ဦးစူနီဒါတ်-ဒေါ်ရီလာဒေဝီတို့၏ အဒေါ်သည် ၁၃-၂-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

# ဦးကိုနီအား လုပ်ကြံသတ်ဖြတ်ရန် ငွေကျပ်သိန်း ၁၀၀၀ ပေး၍စေခိုင်းသူ ထွက်ပြေးလွတ်မြောက်နေ

## တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆက်လက်စုံစမ်း စစ်ဆေးဖော်ထုတ်လျက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်
(၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်)
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

### ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဖြစ်ပွားခဲ့သော ပစ်ခတ်မှုဖြစ်စဉ်နှင့် စပ်လျဉ်းသည့် နောက်ဆက်တွဲသတင်းထုတ်ပြန်ချက်(၂)

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ၏ဥပဒေအကြံပေးဦးကိုနီအား အင်ဒိုနီးရှားနိုင်ငံလေ့လာရေးခရီးမှအပြန် ရန်ကုန်လေဆိပ်သို့ ရောက်ရှိစဉ် ဇန်နဝါရီလ ၂၉ ရက်နေ့ ညနေ ၅ နာရီခန့်တွင် သေနတ်သမားတစ်ဦးက အနီးကပ်ပစ်ခတ်သဖြင့် သေဆုံးခဲ့ရသည့် ဖြစ်စဉ်နှင့်စပ်လျဉ်း၍သတင်းထုတ်ပြန်ချက်အမှတ်(၁/၂၀၁၇)ကို ဇန်နဝါရီလ ၃၀ ရက်နေ့တွင်လည်းကောင်း၊ နောက်ဆက်တွဲသတင်းထုတ်ပြန်ချက်ကို ဖေဖော်ဝါရီလ ၃ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ပြစ်မှုကျူးလွန်သူ တရားခံကြည်လင်း(၅၂ နှစ်)နှင့် ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်ခဲ့သည့် တရားခံ အောင်ဝင်းဇော် (၄၆ နှစ်)တို့အား ဖမ်းဆီးထိန်းသိမ်းထားပြီး စစ်ဆေးဖော်ထုတ်ချက်များအရ ဆက်စပ်တရားခံများဖမ်းဆီးရမိရေးကို တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းအဖွဲ့ဖြင့် ဆက်လက်စုံစမ်း စစ်ဆေးဖော်ထုတ်လျက်ရှိပါသည်။

၃။ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူ တရားခံ အောင်ဝင်းဇော်အား ကနဦးစစ်ဆေးဖော်ထုတ်ချက်အရ ဦးကိုနီအား လုပ်ကြံသတ်ဖြတ်ရန် ငွေပေး၍ခိုင်းစေသူမှာ ၎င်း၏ညီဖြစ်သူ အောင်ဝင်းခိုင် ဆိုသူဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လအတွင်း အောင်ဝင်းခိုင်မှ ငွေကျပ် သိန်း (၁၀၀၀)ပေးမည်ပြောပြီး ဦးကိုနီအား သတ်ဖြတ်ရန်ခိုင်းစေခြင်းဖြစ်ကြောင်း၊ စရန်ငွေအဖြစ် ငွေကျပ်သိန်း (၁၀၀) ပေးအပ်ခဲ့ကြောင်း၊

*စာမျက်နှာ ၅ ကော်လံ ၁ ✻*



တရားခံ အောင်ဝင်းခိုင်၏ကားကို လေဆိပ် CCTV မှတ်တမ်းများတွင် တွေ့ရှိရပုံ

ထွက်ပြေးလွတ်မြောက်လျက် ရှိသော တရားခံ အောင်ဝင်းခိုင် (၄၅ နှစ်) (ဘ) ဦးအောင်သန်း



| | |
|---|---|
| အမည် | အောင်ဝင်းခိုင် |
| အဘအမည် | ဦးအောင်သန်း |
| အမိအမည် | ဒေါ်ဝင်းကြည် |
| အသက် | (၄၅) နှစ် |
| ထင်ရှားသည့် အမှတ်အသား | နဖူးတွင် အမာရွတ်ရှိ |
| မွေးဇာတိ | ပန်းတောင်း |
| နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ၁၂/ကတတ(နိုင်) ၀၁၁၃၄၄၉ |
| အလုပ်အကိုင် | - |
| အမြဲတမ်းနေရပ်လိပ်စာ | မ-၃၃၊ မဂ္ဂိုင်လမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ် |



လှည့်ကင်းဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များအား မော်တော်ယာဉ်ဖြင့် တိုက်သတ်မောင်းနှင်ထွက်ပြေးသွားသူအား လူသတ်မှုဖြင့်အရေးယူ စာ » ၉

အမေရိကန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေဆင်နှာမောင်းများတိုက်ခတ် စာ » ၁၀

MNL အမှတ်ပေးပြိုင်ပွဲ ဆက်လက်ကျင်းပမည် စာ » ၁၄

